**In the Name of Allah,**
**the Most Gracious,**
**the Most Merciful.**

**အလွန်တရာသနားကြင်နာ ညှာတာတော်မူသော၊**
**အထူးသနားတော်မူသော၊**
**အလ္လာဟ်အရှင်မြတ်၏နာမတော်ဖြင့်အစပြုပါအံ့။**

بسم الله الرحمن الرحيم

# အစ္စလာမ်မှပြဆိုသော
# အမျိုးသမီးအခွင့်အရေး

စီစဉ်တည်းဖြတ်သူ
**မော်လဝီမုဟမ္မဒ်ယာစီးန်ဗင်န်ဗဒီးလ်အွလ်ဟူစိုင်န်**

ကျမ်းပြုသူ
**ကမ္ဘာကျော်သုတေသီကြီးဒေါက်တာဇာကိရ်နိုက်ခ်**
ဥက္ကဋ္ဌ၊ အစ္စလာမ့်သုတေသနဖောင်ဒေးရှင်း
မွန်ဘိုင်းမြို့၊ အိန္ဒိယနိုင်ငံ။
www.irf.net

ဘာသာပြန်ဆိုသူ
**ဆရာမကြီးဒေါက်တာလှလှဝင်း**
**B.A(Geo;), B. Ed, M.Ed, Ph.D (Ed$^{n}$)**
**(Tsukuba University, Janpan),**
**Diploma in Daiyah (Al-Azahar), Yangon.**

# Woman's Rights
# in
# Islam

Edited by

Maulawi Muhammad Yasinn Bin Badi-ul-Huseinn

Author

Dr. Zakir Naik

President, Islamic Research Foundation

Mumbai, India

www.irf.net

Translated by

Dr. Hla Hla Win

B.A(Geo;), B.Ed, MEd, Ph.D (Ed$^{n}$)

(Tsukuba University, Japan),

Diploma in Daiyah (Al-Azahar, Yangon)

بسم الله الرحمن الرحيم

# حقوق النسآء فِی الإسلام

راجعه‌وقدم‌له

مولوی محمد یاسین بن بدیع الحسین

مصنف

الدکتور ذاکر

مترجمة

الدکتوره یاسمین بنت عبد اللّٰہِ

**B.A(Geo;), B. Ed, M.Ed, Ph.D (Ed$^{n}$)**
**(Tsukuba University, Janpan),**
**Diploma in Daiyah (Al-Azahar), Yangon.**

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ♦ မာတိကာ | ၅ |
| ♦ စီစဉ်တည်းဖြတ်သူ၏အမှာစာ | ၈ |
| ♦ ဘာသာပြန်ဆိုသူ၏အမှာစာ | ၁၀ |
| ♦ နိဒါန်း | ၁၃ |
| ♦ ခေတ်မီခြင်းဆိုသည်မှာ | ၁၃ |
| ♦ အလာမဟ်ဒေါက်တာအိက်ဗားလ်၏ | ၁၈ |
| ♦ အမျိုးသမီးအခွင့်အရေးဆိုသည်မှာ | ၁၉ |
| အမျိုးသမီးများ၏ဝိညာဉ်ပိုင်းဆိုင်ရာအခွင့်အရေး | ၂၄ |
| ♦ မိန်းမတွင်ဝိညာဉ်မရှိဟူသော | ၂၄ |
| ♦ ကျား၊မနှစ်မျိုးစလုံးတွင် တူညီသောဝိညာဉ်သဘာဝရှိ | ၂၅ |
| ♦ ပဋိသန္ဓေဆောင်ခြင်းသားဖွားခြင်းကြောင့် အမျိုးသမီးဂုဏ်ရည်မသေးသိမ် | ၂၇ |
| ♦ သက္ကဝါဟ်တရားသည်သာလျှင် | ၂၉ |
| ♦ အမျိုးသမီးများ၏စီးပွားရေးဆိုင်ရာအခွင့်အရေးများ | ၃၁ |
| ♦ အမျိုးသမီးများအမွေဆက်ခံပိုင်ခွင့် | ၃၅ |
| ♦ အမျိုးသမီးများ၏ လူမှုရေးဆိုင်ရာအခွင့်အရေးများ | ၃၅ |
| ♦ သမီးနှင့်သက်ဆိုင်သော လူမှုရေးဆိုင်ရာအခွင့်အရေးများ | ၃၆ |
| ♦ ဇနီးသည် တစ်ဦး၏အခွင့်အရေးများ | ၃၉ |
| ♦ မာတာမိခင်ကျေးဇူးရှင်များနှင့်ပတ်သက်သောအခွင့်အရေးများ | ၄၅ |
| ♦ အစ်မ၊ညီမများ၏အခွင့်အရေး | ၄၇ |
| ♦ အမျိုးသမီးများ၏ ပညာရေးဆိုင်ရာအခွင့်အရေး | ၄၈ |
| ♦ မွတ်စ်လင်မ်အမျိုးသမီးပညာရှင်ကြီးများ | ၄၉ |
| ♦ အစ္စလာမ့်တရားတော်မှခွင့်ပြုထားသော အမျိုးသမီးများ၏အခွင့်အရေး | ၅၂ |
| ♦ အမျိုးသမီးသက်သေခံခွင့် | ၅၄ |
| ♦ အစ္စလာမ်၌မွေးရာပါအမည်ထိန်းသိမ်းခွင့်ရှိခြင်း | ၅၅ |

- အမျိုးသမီးများ၏နိုင်ငံရေးဆိုင်ရာအခွင့်အရေး------------------ ၅၅
- အမျိုးသမီးများ မဲပေးပိုင်ခွင့်---------------------------------- ၅၆
- ဥပဒေပြုရာတွင်အမျိုးသမီးများပါဝင်ဆောင်ရွက်ခွင့်-------------- ၅၆
- သက်သေခံရာ၌အမျိုးသားနှင့်အမျိုးသမီးများ၏ကဏ္ဍ ----------- ၆၃
- မယားပြိုင်ဝါဒ------------------------------------------- ၆၆
- မယားပြိုင်ဝါဒကို ခွင့်ပြုနိုင်သော
  အခြေအနေအမျိုးမျိုး-------------------------------------- ၇၁
- အမျိုးသမီးအနေနှင့်နိုင်ငံ့အကြီးအကဲဖြစ်နိုင်/မဖြစ်နိုင်----------- ၇၃
- အမျိုးသမီးနှင့်ဟိဂျာဗ် ------------------------------------- ၇၆
- ဂျူး၊ ခရစ်ယာန်အမျိုးသမီး/သားနှင့်
  မွတ်စလင်အမျိုးသမီး/သားလက်ထပ်ခွင့်ရှိ/မရှိ----------------- ၈၁
- လင်ပြိုင်ဝါဒအား အဘယ်ကြောင့်ခွင့်မပြုရသနည်း-------------- ၈၅
- စေ့စပ်ကမ်းလှမ်းမှုကို အမျိုးသမီးမှ ငြင်းဆိုနိုင်/မနိုင် ----------- ၈၈
- သဘောတရားနှင့် လက်တွေ့ကျင့်သုံးမှု------------------------ ၈၈
- အမျိုးသမီးတမန်တော်ရှိ/မရှိ----- --------------------------- ၉၁
- အဘယ်ကြောင့် မြတ်တမန်တော်(ﷺ)တွင်
  ဇနီး ကြင်ယာ (၁၁)ပါးရှိရပါသနည်း။ ------------------------- ၉၃
- အမျိုးသမီးများအနေနှင့် မယားပြိုင်ဝါကို
  လက်ခံကျင့်သုံးသင့်/မသင့် ---------------------------------- ၁၀၁
- အစ္စလာမ်မှသားသမီးမွေးစားခွင့်ပြု /မပြု ---------------------- ၁၀၁
- အိဒ္ဒ်ကာလပြီးသည့်နောက်
  အမျိုးသမီးအား စောင့်ရှောက်ရန်တာဝန်---------------------- ၁၀၃
- အမျိုးသမီးများ၏ ပစ္စည်းပိုင်ဆိုင်ခွင့် ------------------------- ၁၀၄
- ကျား/မ အတူတကွ
  ရောနှောနေထိုင် လုပ်ကိုခွင့်ပြု/ မပြု ------------------------- ၁၀၇
- အစ္စလာမ်နှင့် ကျား၊မ အတူရောနှော
  ပညာသင်ကြားရေးစနစ်------------------------------------ ၁၀၉
- ကွာရှင်းပြတ်စဲမှုအမျိုးအစားများ ------------------------------ ၁၁၂
- အမျိုးသမီးများ ဗလီဝတ်ကျောင်းတော်
  တက်ရောက်ဝတ်ပြုခွင့်ရှိ/ မရှိ ------------------------------ ၁၁၃

♦ ဒုတိယမြောက် လက်ထပ်ထိမ်းမြားခြင်းမပြုမီ
ပထမဇနီးသည်၏ခွင့်ပြုချက်ရယူရန်လို/မလို------------------- ၁၁၆
♦ စစ်မြေပြင်နှင့် အမျိုးသမီး------------------------------------- ၁၁၇
♦ ကျမ်းကိုးစာရင်း--------------------------------------------- ၁၁၈

﷽

## စီစဉ်တည်းဖြတ်သူ၏ အမှာစာ

ချီးမွမ်းခြင်းထောပနာဟူသမျှတို့သည် စကြဝဠာအနန္တအား မဖြစ်ပေါ်မီကစ၍ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့် ပြုစု ပျိုးထောင်ဖန်ဆင်းမွေးမြူထိန်းသိမ်း စောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ် အဖို့သာတည်း။ အလ္လာဟ်အရှင်မြတ်၏ ငြိမ်းချမ်းသာယာမှု မင်္ဂလာဟူသမျှသည် ကျွန်ုပ်တို့၏ ချစ်လှစွာသော မြတ်တမန်တော် မုဟမ္မဒ် (ﷺ) အပေါ်၌လည်းကောင်း၊ ကိုယ်တော်မြတ်၏ အိမ်တော်သူ အိမ်တော်သားများ(رضي الله عنهم)အပေါ်၌ လည်းကောင်း၊ ဆွဟာဗဟ်များ(رضي الله عنهم) အပေါ်၌ လည်းကောင်း၊ သူမွန်သူမြတ်များအပေါ်၌လည်းကောင်း ကျရောက်ပါစေသော်ဝ်။

ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ထံတော်ပါး၌ စစ်ဆေး မေးမြန်းမှုကို မလွဲမသွေ ကြုံတွေ့ရပေမည်။ စစ်ဆေးမေးမြန်းခြင်းခံရမည့် အကြောင်းအရာများအနက် ဖန်ဆင်းခံ များနှင့် ပတ်သက်သောတာဝန်များလည်း ပါဝင်ပေသည်။ယင်းစစ်ဆေး မေးမြန်းမှု၌ အောင်မြင်မှုရရှိရန် အလို့ငှာ **'ဖန်ဆင်းခံတို့နှင့် ပတ်သက်သော တာဝန်များမှာ အဘယ်နည်း။'** ဆိုသောအချက်ကို သေချာဂဃနဏစွာ ဆည်းပူး လေ့လာသင်ယူ၍ လက်တွေ့ လိုက်နာကျင့်သုံးကြရပေမည်။ ၎င်းတို့၏အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ တာဝန်များကို အပြည့်အဝကျေပွန်ရန် အတတ်နိုင်ဆုံး ကြိုးပမ်း ထမ်းရွက်ကြခြင်းဖြင့် အလ္လာဟ်အရှင်မြတ်၏နှစ်မြို့မှုကို ရှာဖွေကြတန်ရာ၏။

ဤကျမ်းငယ်သည် ကမ္ဘာကျော်ဒါအီ (အစ္စလာမ့် သစ္စာလမ်းသို့ ဖိတ်ခေါ်သူ)၊ သုတေသီပညာရှင်ကြီး ဒေါက်တာဇာကိရ်နိုက်ခ်၏ ဟောပြောချက်ကျမ်းငယ်ဖြစ်သည့် 'အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး'(Woman's Rights in Islam)ကို ကျွန်ုပ်၏ချစ်ဇနီး ဆရာမကြီးဒေါက်တာလှလှဝင်းမှ ဘာသာပြန်ဆိုတင်ပြထားသော ကျမ်းငယ်ဖြစ်ပါသည်။ ဤကျမ်းငယ်သည် အမျိုးသမီးများနှင့်သက်ဆိုင်သည့် အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ တာဝန်ဝတ္တရားများကို ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို ကိုးကား၍ အထောက်အထား ခိုင်လုံစွာဖြင့် ရေးသားပြုစုထား ပေသည်။ ဤကျမ်းငယ်၏ မူရင်းအမည်မှာ 'အစ္စလာမ်မှပြဆိုသော အမျိုးသမီး အခွင့်အရေးများသည် ခေတ်မီပါသေးသလော။ (သို့) ခေတ်နောက်ကျနေပြီလော။' ဟူ၍ဖြစ်ပါသည်။ အစ္စလာမ်သည် အလ္လာဟ်အရှင်မြတ်၏ သာသနာတော်ဖြစ်သည်။ လူသားဘုရားများ၏ တီထွင်ဖန်တီးထားသော သာသနာအလျဉ်း မဟုတ်ချေ။

ထို့ကြောင့် အစ္စလာမ်မှ လူသားများအား သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသများမှာ လူသား၏ ဗီဇသဘာဝမွေမှုနှင့် လိုက်လျောညီထွေမှုရှိပေသည်။

ဤကျမ်းငယ်အား တည်းဖြတ်ခွင့် ရရှိသည့်အတွက် ဦးစွာ ပထမ အလွန်တရာ သနားရှင်းစင်ကြွယ်တော်မူသော၊ အရာခပ်သိမ်းတို့အပေါ်၌ စွမ်းဆောင်နိုင်တော်မူသော အလ္လာဟ်အရှင်မြတ်အား အထူးကျေးဇူးတင်ရှိပါသည်။ ထို့နောက် ကျွန်ုပ်အား ငယ်စဉ် တောင်ကျေး ကလေးဘဝမှစ၍ ကျွေးမွေးစောင့်ရှောက် ပြုစုပျိုးထောင်ပေးခဲ့သည့် ချစ်လှစွာသော ဖခင်ကြီး ဘဒီးအွလ်ဟူစိုင်န်နှင့် မိခင်ကြီး အာမေနဟ်ဘီဘီတို့အား လည်းကောင်း ၊ ဆွေမျိုးသားချင်းများအား လည်းကောင်း ၊ညီအစ်ကို မောင်နှမများ အားလုံးအား လည်းကောင်း၊ ဆရာ/ဆရာမများ အားလုံးအားလည်းကောင်း၊ ကျွန်ုပ်၏ ချစ်ဇနီးဆရာမကြီး ဒေါက်တာလှလှဝင်းအား လည်းကောင်း၊ ဤစာအုပ်ရိုက်နှိပ်ရာတွင် စေတနာအပြည့်အဝဖြင့် အကူအညီပေးခဲ့သည့် ဒေါ်မိုးစန္ဒာအောင် (L.L.B)နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

'အို-အလ္လာဟ်ဟုအရှင်မြတ်၊ အရှင်မြတ်သည် ယင်းပုဂ္ဂိုလ်များအား လောကီ၊ လောကုတ္တရာ ၊နှစ်ဘဝနှစ်ဌာနစလုံး၌ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါးမှ ကောင်းမြတ်လှသည့်အစား ချီးမြင့်ပေးသနားတော်မူပါ။ ဤကျမ်းငယ်ဖြင့် မွတ်စလင်မ် ထုတစ်ရပ်လုံးအား အကျိုးခံစားနိုင်စွမ်း ချီးမြင့်ပေးသနားတော်မူပါ။ အလ္လာဟ် အရှင်မြတ်သည် ဤကျမ်းငယ်အား သဘောတူလက်ခံတော်မူပါ။'

**ဗန္ဓာဟ်မော်လဝီမုဟမ္မဒ်ယာစီးန်ဗင်န်ဗဒီးလ်အုလ်ဟူစိုင်န်**

ဟစ်ဂျရီသက္ကရာဇ် (၁၄၂၈)ခုနှစ်၊ ဇုလ်ကအိဒါဟ်လ (၁၃)ရက်

ခရစ်သက္ကရာဇ် (၂၀၀၇)၊ နိုဝင်ဘာလ (၂၂)ရက်၊ ကြာသာပတေးနေ့။

ဤစာတမ်းပါ အကြောင်းအရာများနှင့် ပတ်သက်၍ အကြံပြုလိုသည်ဖြစ်စေ၊ အမှားထောက်ပြလိုသည်ဖြစ်စေ၊ တစ်စုံတစ်ရာဆွေးနွေးလိုသည်ဖြစ်စေ လူကြီးမင်းတို့ အနေနှင့် Email: m.m.yasinn@gmail.com လိပ်စာဖြင့်စာရေးသား ပေးပို့နိုင်ပါသည်။ မည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အဆိုပြုချက်၊ အကြံပြုချက်ကိုမဆို လေးစားစွာဖြင့် ကြိုဆိုလျှက်ရှိပါသည်။

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

## ဘာသာပြန်သူ၏ အမှာစာ

ချီးမွမ်းခြင်းထောပနာဟူသမျှတို့သည် စကြဝဠာ အနန္တကို မဖြစ်ပေါ်မီကစ၍ ပြည့်စုံပြီးစီးသည့်တိုင်အောင် အဆင့်ဆင့် ဖန်ဆင်းပြုပြင်ထိန်းသိမ်းစောင့်ရှောက်တော်မူသော အလ္လာဟ်အရှင်မြတ်အဖို့သာတည်း။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်မုဟမ္မဒ်(ﷺ)၏အပေါ်၌ ဒရူးဒ်စလာမ်မြားမြောင်စွာ ပို့သပါ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီး မင်္ဂလာအဖြာဖြာသည် အလ္လာဟ့် တမန်တော်မုဟမ္မဒ်(ﷺ)၏ အိမ်တော်သူ အိမ်တော်သားများအပေါ်၌လည်းကောင်း၊ မဟာတမန်တော်မြတ်၏အဆွဟာဗ် အဆွေတော်များအပေါ်၌ လည်းကောင်း၊ သူမွန်သူမြတ်များ အပေါ်၌လည်းကောင်း၊ ကျရောက်ပါစေသော်ဝ်။

ယနေ့ ကမ္ဘာပေါ်၌ နားလည်မှုအလွဲမှားခံရဆုံးသောသာသနာ (Misunderstood Religion)မှာ အစ္စလာမ်သာသနာ ဖြစ်သည်။ အစ္စလာမ်ကို နားလည်မှု လွဲမှားကြသော အကြောင်းအရင်းများအနက် တစ်ခုသောအကြောင်းရင်းမှာ အမျိုးသမီးကဏ္ဍ ဖြစ်သည်။ အစ္စလာမ်သာသနာဝင် မဟုတ်သူများက "အစ္စလာမ်သာသနာသည် အမျိုးသမီးများအား အိမ်တွင်း၌ အမှောင်ချထားသော၊ အောက်တန်း နောက်တန်းကျစေသော မွေးရာပါ အခွင့်အရေး ဆုံးရှုံးစေသော သာသနာဖြစ်သည်" ဟုလွဲမှားစွာ ထင်မြင်ယူဆနေကြသည်။ ဤကား အလွန်ဝမ်းနည်းကြေကွဲဖွယ်ရာပင်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ်ဟုအရှင်မြတ်သည် လူသား (ကျား၊ မ)အား ဝိညာဉ်တစ်ခုတည်းမှ ပြုလုပ်ဖန်ဆင်းထားသည်ဟု ဖော်ပြထားပေသည်။ အစ္စလာမ်သာသနာမှ ယောကျ်ားနှင့် မိန်းမတို့အကြားတွင် အခွင့်အရေးတန်းတူညီမျှမှု ရှိသည်ဟု ယုံကြည်သော်လည်း ၎င်းတို့အကြားတွင် အခွင့်အရေးထပ်တူညီမျှသည်ဟု လက်မခံပါ။

အလ္လာမာဟ် ဒေါက်တာအစ်ကဇားလ်၏ ဥပမာပုံဆောင်ချက်ကဲ့သို့ပင် အစ္စလာမ်၏ပကတိအလှတရားသည် အစ္စလာမ်ကို နားလည်လက်ခံ ကျင့်သုံးမှုလွဲမှားသော ပုံဖော်ဆောင်သူများကြောင့် အကျည်းတန်ရုပ်ဆိုးသွားရချေသည်။ ထို့ကြောင့် မွတ်စလင်မ်များသည် အစ္စလာမ်သာသနာ၏ အသိပညာကို လေ့လာဆည်းပူးရန် လိုအပ်ပေသည်။

စင်စစ် အစ္စလာမ်၏ ပကတိသဘောအားလုံးကို ဆန်းစစ်လိုပါက (၁)

ကျမ်းတော်မြတ်ကုရ်အာန်၊ (၂) မြတ်တမန်တော်(ﷺ) ၏ စွန္နာဟ်၊ (၃) အိဂ်ျမာအ်၊ (၄) မှန်ကန်သောကိယာအ်စ်ဟူသော မှတ်ကျောက်များဖြင့်သာ တိုက်ဆိုင်စစ်ဆေးရန် လိုပါသည်။

ဤကျမ်းငယ်တွင် ပါဝင်သော အကြောင်းအရာများသည် မိမိ၏ပြောစကားများ မှန်ကန်ကြောင်း ဒလီ အထောက်အထားများပြဆို၍ ရေးသားထားသော ကျမ်းငယ် မဟုတ်ပါ။ စစ်မှန်သော ဒလီအထောက်အထားများပေါ်တွင် မူတည်၍သာ ဤကျမ်းငယ်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ မူရင်းစာရေး သူသည် လည်းကောင်း၊ ဘာသာပြန်ဆိုသူသည်လည်းကောင်း၊ တည်းဖြတ်သူသည် လည်းကောင်း၊ မိမိတို့၏ ဝါဒ၊ အယူအဆ၊သဘောထားများကို မိမိတို့၏ စိတ်အလိုဆန္ဒကိုလိုက်၍ တင်ပြ ထားမှုမရှိပါ။

ဤကျမ်းငယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ မွတ်စလင်မ်များ နှင့် အစ္စလာမ်သာသနာကို မယုံကြည်သော်ငြား အစ္စလာမ်ကို စိတ်ဝင်စားသူများ အားလုံးအတွက် ရည်ညွှန်းကိုးကားစရာကျမ်းအဖြစ် ရေးသားပြုစုထားသောကြောင့် စာရှုသူများအတွက် အလွန်တရာ အရေးကြီးလှသော ကျမ်းငယ်တစ်စောင်လည်း ဖြစ်ပါ လိမ့်မည်။

ဤကျမ်းငယ်အား ဘာသာပြန်ဆိုပြီးမြောက်ခဲ့ခြင်းအတွက် အလ္လာဟ် အရှင်မြတ်အားလည်းကောင်း၊ ကျေးဇူးရှင် ကွယ်လွန်သူ ဖခင်ကြီး အဗ္ဗဒွလ္လာဟ် (ခ) ဦးစံခ အားလည်း ကောင်း၊ နေ့တဓူဝ အနွံတာခံ ကျွေးမွေးပြုစု စောင့်ရှောက် လျှက်ရှိသော ဒါဘီယာဘီဘီ(ခ) ဒေါ်ကလေးမအား လည်းကောင်း၊ ဆရာမ ဒေါ်ဝင်းဝင်းမြတ်နှင့် ညီအစ်ကို မောင်နှမများ အားလုံးအားလည်းကောင်း၊ ကျေးဇူးရှင် သင်ဆရာ၊ မြင်ဆရာ၊ကြားဆရာများအားလုံး၊ ကျွန်ုပ်၏ခင်ပွန်းဆရာမော်လဝီမုဟမ္မဒ် ယာစီန် နှင့် မိတ်ဆွေသင်္ဂဟများအားလုံးအား လည်းကောင်း၊ အပင်ပန်းခံကာ ကြိုးစား၍ စာစီပေးခဲ့ကြသော မသက်ရွှေစင် (B.Sc ,Zoology)နှင့် မောင်ဉာဏ်လင်းအောင် (1st Year, Math)၊ မောင်တင်ဝင်းတို့အား လည်းကောင်း၊ အခြား ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ အလ္လာဟ် အရှင်မြတ်သည် ယင်းပုဂ္ဂိုလ်များအား လောကီ၊လောကုတ္တရာ နှစ်ဘဝ နှစ်ဌာနစလုံးတွင် ကောင်းမြတ်သော အစားပေးသနားတော်မူပါစေသော်ဝ်။

**ဒေါက်တာလှလှဝင်း**
**B.A(Geo) ,B.Ed, M.Ed, Ph.D(Ed$^{n}$),**
**(Tsukuba University, Japan),**
**Diploma in Diyah(Al-Azahar),Yangon.**

ဆရာမကြီးဒေါက်တာလှလှဝင်း

# အစ္စလာမ်မှပြဆိုသော
# အမျိုးသမီးအခွင့်အရေးများသည်

ခေတ်မီပါသေးလား

(သို့)

ခေတ်နောက်ကျကုန်ပြီလား။

**ပထမတွဲ**

# Woman's Rights in Islam

**MODERNISING OR OUTDATED?**

**PART I**

## နိဒါန်း

ယနေ့ လူ့အဖွဲ့အစည်းအတွင်းမှာရှိသော အမျိုးသမီးများသည် လူမှုရေးဆိုင်ရာ စိတ်ညစ်ညူးမှုများ၊ ပြဿနာများ၊ ဝိရောဓိများစွာနှင့် ရင်ဆိုင်နေရပါသည်။ ယနေ့ ကျွန်ုပ်တို့မှ အမျိုးသမီးများအရေးနှင့်ပတ်သက်ပြီး ဘက်ပေါင်းစုံ ၊ထောင့်ပေါင်းစုံမှ လည်းကောင်း၊ လူသားချင်းကိုယ်ချင်းစာပြီး လူသားရှုထောင့်မှလည်းကောင်း အဖြေ ရှာကြည့်ကြပါစို့။ ဤနေရာတွင် အမျိုးသမီးများ၏ ရပိုင်ခွင့်(အခွင့်အရေး) နှင့် ပတ်သက်၍ ခေတ်စားနေသောပြဿနာများကို လူသားများ၏ အရေးကိစ္စအဖြစ် ခံယူပြီး ခွဲခြမ်းစိတ်ဖြာ၍အသေးစိတ် ခိုင်လုံစွာ လေ့လာသွားမည် ဖြစ်ပါသည်။

အလွန်တရာ သနားကြင်နာညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင်၊ အလ္လာဟုအရှင်မြတ်(سُبْحَانَهُ وَتَعَالَى)၏ နာမတော်ဖြင့် အဦးအစပြုပါသည်။ ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁)တွင် -

‘အို–မနုဿလူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်း မွေးမြူ တော်မူသော အရှင်မြတ်ကို ကြောက်ရွံ့(ရိုသေ) ကြကုန်လော့။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်း တော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုအသက် တစ်ချောင်း တည်းမှပင် ၎င်း၏ကြင်ရာ ကြင်ဖက်ကို လည်း ဖန်ဆင်းတော်မူခဲ့လေ၏။ ၎င်းနောက် ထို(လူသား) နှစ်ဦးတို့မှ များပြား လှစွာသော ယောကျ်ား၊ မိန်းမ တို့ကို ပြန့်ပွားစေတော်မူခဲ့လေသည်။သို့ဖြစ်ပေရာ အသင်တို့သည်အကြင်အလ္လာဟ်အရှင်မြတ်ကိုကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏ အခွင့်အရေးများကို) တောင်းဆိုကြကုန်၏။၎င်းပြင် အသင်တို့သည် ဆွေမျိုးညာတကာ(တို့၏ အခွင့်အရေး များကို ဆုံးရှုံးနစ်နာစေခြင်း)မှလည်း ကြဉ်ရှောင်ကြကုန်လော့။ (၄း၁)

### ခေတ်မီခြင်းဆိုသည်မှာ –––

“ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်း(ဝါ) ခေတ်ရှေ့ပြေးခြင်းဆိုသည်မှာ ဘိုးတော် ဘုရားလက်ထက်က ဖြစ်ခဲ့သော၊ ခေတ်မမီ ဟောင်းနွမ်းဆွေးမြေ့ခြင်းမဟုတ်” ဟုအနက်အဓိပ္ပါယ်ရပါသည်။ သို့ရာတွင် လက်ရှိတင်ပြမည့် အကြောင်းအရာများသည် ကား လွန်ခဲ့ပြီးသော(၁၄)ရာစု အချိန်ကတည်းက ဖြစ်တည်ခဲ့သော အရေးကိစ္စများ ဖြစ်ပြီး မျက်မှောက်ကာလ(၂၁)ရာစုတိုင်အောင် ဘောင်ဝင်နေသေးသော၊ အကျုံးဝင်

နေသေးသော ခိုင်လုံသည့်အကြောင်းအရာများဖြစ်ပါသည်။

လူမှုရေးရောင်စုံစက်ဝန်းကြီးထဲမှ အမျိုးသမီးများ၏ အနေအထားဟူသော ကိစ္စနှင့်ပတ်သက်သည့် စကားရည်လုပွဲ (အခြေအတင်ဆွေးနွေးပွဲ)သည် လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းကရှိခဲ့သည့် အကြောင်းအရာများဖြစ်ခဲ့ပါသည်။သို့သော် ခေတ်ဟောင်းတွေကုန်ပြီး ခေတ်သစ်များ ရောက်ရှိလာသော်ငြားလည်း၊ ယနေ့အချိန်ထိ ကျွန်ုပ်တို့ လူသားများကို အချက်ပြသတိပေးနေသောကြောင့် သေချာစွာစဉ်းစား ဖြေရှင်းရမည့် ပြဿနာရပ်များ အဖြစ်ရှိနေပါသေးသည်။

မီဒီယာ၌ အမြဲတစေတင်ပြနေကြဖြစ်သော အမျိုးသမီးများနှင့် ပတ်သက်သည့် အကြောင်းအရာများကား သွလားက်(ကွာရှင်းပြတ်စဲမှု)၊ တစ်ဦးတစ်ယောက်ထက်ပို၍ ကြင်ဖော်ကြင်ဖက်များထားရှိခြင်း၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများတွင် မွတ်စလင်မ် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်း စသည့်ခေါင်းစဉ်များပင် ဖြစ်ပါသည်။

အချိန်ကာလကိုလိုက်၍ ပေါ်ပေါက်လာသောပြဿနာများသည် ပုံစံအမျိုးမျိုး ရှိကောင်းရှိနိုင်သော်လည်း ပြဿနာ၏အရင်းအမြစ်သည်ကား အတူတူပင်ဖြစ်၏။ ယင်း ပြဿနာရပ်များထဲမှ အချို့သော ပြဿနာများကို မီဒီယာမှ လွန်လွန်ကဲကဲ တင်ပြသည့် အဖြစ်မျိုးလည်းရှိပါသည်။

နှစ်ပေါင်း (၂၀၀၀)ကျော် အလွန်ရှုတ်ထွေးများပြားလှသော လှုပ်ရှား ရုန်းကန်မှုများကြောင့် အနောက်တိုင်းမှ အမျိုးသမီးများသည် လူမှုစီးပွားရေးနှင့် အမျိုးစုံသော နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ရရှိထားသည်ဆိုသောအချက်မှာ သံသယရှိဖွယ် မဟုတ်ချေ။ ‘သို့သော် မိတ်ဆွေများအား သိစေချင်သည်မှာ သူမတို့သည် ထိုရုန်းကန်လှုပ်ရှားမှုများ၊ အမျိုးသမီးအခွင့်အရေး တောင်းဆိုရယူခြင်းဆိုသည့် ဖြစ်စဉ်နှင့်အတူ သူမတို့သည် အရာရာကို ဆုံးရှုံးသွားခဲ့ပေသည်။’

အကယ်၍ အသင်သည် အနောက်တိုင်း၏ လူ့အဖွဲ့အစည်းများကို အနီးကပ် လေ့လာကြည့်မည်ဆိုလျှင် သူမတို့နှင့် ပတ်သက်သော ကျွန်ုပ်တို့၏ယူဆချက်၊ မှတ်ချက်ကို သဘောတူညီကြမည်မှာ မလွဲဧကန်ပင်။ သူမတို့သည် သူမတို့၏ မိသားစုဘဝ၊ စိတ်ငြိမ်းချမ်းသာယာမှု (စိတ်ချမ်းသာမှု) များ ဆုံးရှုံးသွားသည့်အပြင် သူမတို့၏ဂုဏ်သိက္ခာများ၊ မိန်းမသားဖြစ်ခြင်းသည်လည်း အခြေအနေ အခွင့် အလမ်းများ အားလုံး လက်လွှတ်ဆုံးရှုံးသွားခဲ့ပေသည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

အထက်ပါ အခြေအနေများနှင့် ဆန့်ကျင်ဘက်သဘောကို အစ္စလာမ်၌ တွေ့ရပေသည်။ ခေတ်သစ်ယဉ်ကျေးမှုများဟုခေါ်ကြသော ခေတ်ပြိုင်လူ့ယဉ်ကျေးမှု စနစ်ကြီးများအတွင်း၌ မိန်းမ(ဝါ) အမျိုးသမီးများကို 'လူ'အဖြစ် သတ်မှတ်ရန် စဉ်းစားနေသည့်အချိန် လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀)ကျော်ကတည်းက အစ္စလာမ့်မှ အမျိုးသမီးများကို မြောက်မြားလှစွာသော အခွင့်အရေးများ၊ ရပိုင်ခွင့်များ အပ်နှင်းထားခဲ့ပါသည်။

အစ္စလာမ်မှ အမျိုးသမီးများအား အပ်နှင်းထားသော အခွင့်အရေးများ၊ ရပိုင်ခွင့်များသည် လက်ရှိခေတ်ကာလ အခြေအနေနှင့် ခိုင်လုံပါသေးလား။ အမှန်တကယ် လုံလောက်ပါရဲ့လား။ ဆိုသည့်အချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ၊ စိတ်မပျက်တမ်း သွေးအေးအေးနှင့် ခေါင်းအေးအေးထား၍ ဆန်းစစ် ကြည့်ကြပါစို့။

အစ္စလာမ်သာသနာတွင် အမျိုးသမီးများအား ဂုဏ်သိက္ခာ၊ အခွင့်အရေး (ရပိုင်ခွင့်)များအား အပ်နှင်းထားကြောင်း တင်ပြသော ကျမ်းမြတ်ကုရ်အာန်၏ အာယသ်တော်နှစ်ခုကို ညွှန်းဆိုခဲ့သည်။ ယင်းအာယသ်နှစ်ခုအနက် အဗ္ဗဒုလ္လာဟ် ယူစွဖ်အလီ (ရဟ)၏ ဂါဝိကဏ္ဍ (၂း၂၂၈)၏ အဓိပ္ပါယ်ဖွင့်ဆိုထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ညွှန်းဆိုတင်ပြပါမည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ

> "ထို့အပြင် ထိုဇနီးမိန်းမများအပေါ် ဝယ် တာဝန်များရှိသကဲ့သို့ ထိုဇနီး မိန်းမများ အဖို့လည်း တရားစည်းကမ်းများအတိုင်း အခွင့် အရေးများလည်း ရှိကြပေသည်။ သို့ပင်တစေ လင်ယောက်ျား တို့အဖို့မှာကား ထိုဇနီးမိန်းမများ အပေါ် ဝယ် သာလွန်ခြင်း တစ်ရပ် ရှိပေသည်။" (၂း၂၂၈)

ဤအာယသ်တော်၏ စကားလုံးများကို တစ်လုံးချင်း စိတ်နှလုံးသွင်း၍ စဉ်းစားကြည့်မည်ဆိုလျှင် ယောက်ျားနှင့် မိန်းမတို့၏ အခွင့်အရေးများကို ထပ်တူမညီ တင်ပြထားသော်လည်း ယောက်ျားနှင့် မိန်းမတို့တွင် ဆင်တူသောအခွင့်အရေးများ ရှိကြောင်းကို အတိအလင်း ညွှန်ပြထားပေသည်။

အထက်ပါအာယသ်တော်တွင် ယောက်ျားများသည် မိန်းမများထက် သာလွန်ကြောင်း ပြောထားသော်လည်း ၎င်းတွင်ပါရှိသော စကားလုံးများနှင့် မိန့်ဆိုချက်များသည် ကျမ်းမြတ်ကုရ်အာန်၏ မည်သည့်နေရာမျိုးတွင်မျှ အာနိသင် လျော့နည်းစေခြင်းမရှိပါ။

အထက်ပါအာယသ်တော်ရှိ စကားလုံးများ၏ အနက်အဓိပ္ပါယ်နှင့် ဆိုလိုရင်းသဘောကို သေချာစွာ နားလည်ရန် အမှန်တကယ် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် များစွာသော လူသားများသည် မူရင်းအနက်အဓိပ္ပါယ်မှ သွေဖည်လွဲချော်ပြီး နားလည်ထားကြသည့်အတွက်ဖြစ်သည်။ အချို့သော ကျမ်းမြတ်ကိုအနက်အဓိပ္ပါယ် ဖွင့်ဆိုကြသည့် အဌကထာပညာရှင်များပင်လျှင် လွဲမှားစွာ သဘောပေါက် နားလည်နေကြသည်ကို တွေ့ရပါသည်။

ဖော်ပြပါ အာယသ်တော်ကို ကောင်းစွာနားလည်ရန် အထူးသဖြင့် "လင်ယောကျ်ားတို့အဖို့မှာကား ဇနီးမိန်းမများအပေါ်ဝယ် သာလွန်ခြင်းတစ်ရပ် ရှိပေသည်" ဟူသောစကားရပ်ကို ကောင်းစွာသဘောပေါက်ဖို့ရန်အတွက် ကျမ်းမြတ်ကုရ်အာန်၏ အခြားသောအာယသ်တော်တစ်ခုဖြစ်သည့် အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၃၄) ကို ညွှန်းဆိုလိုပါသည်။

> "အလ္လာဟ်အရှင်မြတ်သည် (ယောကျ်ားနှင့် မိန်းမတို့ အနက်) အချို့ကို (ယောကျ်ားများကို) အချို့ထက်(မိန်းမများထက်)ပင် အရည်အချင်း၊ အဆင့်အတန်း သာလွန်စေတော်မူခဲ့သောကြောင့်လည်းကောင်း၊ ယောကျ်ားများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို (မိန်းမတို့အား ကျွေးမွေး ထောက်ပံ့ရာတွင်) သုံးစွဲသောကြောင့် လည်းကောင်း၊ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ "ကြီးကြပ်အုပ်ထိန်းသူများ ဖြစ်ကြသည်။" (၄း၃၄)

ဤအာယသ်တော် (၄း၃၄)မှ "ယောကျ်ားများသည် မိန်းမတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများ ဖြစ်ကြသည်"ဟု ယောကျ်ားများ၏ တာဝန်ကိုချမှတ်ထားပေသည်။ တစ်ဖန် "အလ္လာဟ်အရှင်မြတ်သည် အချို့ကို (ယောကျ်ားများကို) အချို့ထက် (မိန်းမများ)ထက်ပို၍ သာလွန်စေသည်ဟု ထပ်၍ ဆိုထားပြန်သည်။"

အမျိုးသမီးများသည် အားနည်းသောလိင်ဖြစ်သည်မှာ မှန်ပါသည်။ အချို့သောကိစ္စ အကြောင်းအရာများအတွက် အထူးကာကွယ်မှုများ ပေးရန်လည်း အမှန်တကယ် လိုအပ်သော 'လိင်' ဖြစ်ပါသည်။

မနုဿဗေဒသဘောအရ ယောကျ်ားသည် မိန်းမနှင့်မတူ ကွဲပြားခြားနားပါသည်။ ဤသည်မှာ ဇီဝဗေဒသဘောတရားအရ၊ မငြင်းဆန်နိုင်သော အမှန်တရားဖြစ်သည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

သဘာဝတရားကြီးက ယောကျ်ားအား အသာစီးပေးထားသည်မှာ သံသယရှိဖွယ်မဟုတ်။ ဤသို့ ယောကျ်ားအား တပန်းသာစေကြောင့်လည်း ၎င်းအား ချီးကျူးလေးစားမှုပြုရန် မလိုသလို ၊မိန်းမအား ဂုဏ်သိက္ခာထိခိုက်စေရန် နှိမ့်ချပြောဆိုရန်လည်း မလိုပါ။ ဤနေရာတွင် ကျွန်ုပ်မှ ပြောကြားလိုသည်မှာ ယောကျ်ားကို အသာစီးပေးထားသည်နှင့်အတူ သူ့အနေနှင့် သူ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်လည်းလိုပေသည်။

ဂုဏ်ယူဝံ့ကြွားဖွယ်ရာကောင်းသော အလုပ်တာဝန်များဖြစ်သည့် 'ကာကွယ်ပေးသူ၊ထိန်းသိမ်းစောင့်ရှောက်သူ' အဖြစ် မြှင့်တင်ပေးထားသော်လည်း ထိုသည်တို့ကို အသာစီးယူ၍ အခွင့်အရေးယူရန်လည်း မလိုပါ။

အမှန်စင်စစ် ယောကျ်ားများ၏ အားသာချက်များကြောင့် မိန်းမများ၏ အခွင့်အရေးကို လျှော့ချစရာအကြောင်းမရှိသလို ၎င်းတို့၏ အရေးပါမှုကို ထိခိုက်စေမည်လည်းမဟုတ်ပါ။

ဤနေရာတွင် ပေါ်ပေါက်လာနိုင်မည့် မေးခွန်းတစ်ခုမှာ အမျိုးသမီးရေး အခြေအနေ၊ လူမှုဖွဲ့စည်းပုံ အခြေအနေအတွင်းမှ အမျိုးသမီး၏အနေအထားကိုသာ အလေးပေး စဉ်းစားခြင်းနှင့်ပတ်သက်ပေသည်။

ကျွန်ုပ်၏အယူအဆသည်ကား 'ဤသို့ အမျိုးသမီးများကို အကာအကွယ်ပေးခြင်းသည် ယောကျ်ားများ၏အရေးအကြီးဆုံးနှင့် နူးညံ့သိမ်မွေ့ဆုံး လုပ်ငန်း တာဝန်တစ်ရပ် ဖြစ်သည်။' ဟုယူဆပါသည်။

ယင်းအနက်အဓိပ္ပါယ်သည်ကား အလွန်နက်ရှိုင်း လှပေသည်။ ယင်း၏ အနှစ်သာရ သဘောတရားကို သဘောပေါက်နားလည်ရန် အရေးကြီးပါသည်။ ယင်းသဘောတရားသည်ကား 'အမျိုးသမီးများကို ကာကွယ်ခြင်းဆိုသည်မှာ သာမန်သဘောအရ သူမတို့၏ အသက်ဇီဝိန်ကို ကာကွယ်ခြင်းထက် သူမတို့၏ ဘဝလုံခြုံမှုကို ကာကွယ်ခြင်းဆိုသော သဘောများကို နားလည်စေချင်ပါသည်။'

ကျွန်ုပ်အနေနှင့် မေတ္တာရပ်ခံလိုသောအချက်တစ်ခုကား 'ယောကျ်ားများသည် အမျိုးသမီးများ၏ ဘဝလုံခြုံရေးဆိုသော တာဝန်ကို အမှန်တကယ်ထမ်းဆောင် နေကြပါသလား' ဆိုသောအချက်ကို မိမိတို့ဘာသာ ပြန်လည်စဉ်းစား သုံးသပ်ကြစေလိုပါသည်။သင်တို့အနေနှင့် သေသေချာချာ အနီးကပ်စဉ်းစား ကြည့်ကြမည်ဆိုလျှင် 'သင်တို့သည် သင်တို့၏ အရေးတကာ့အရေးကြီးဆုံးဖြစ်သည့် အမျိုးသမီးများ

ဘဝလုံခြုံရေးကို စောင့်ရှောက်ကာကွယ် ထိန်းသိမ်းရန်ဆိုသော အဓိကတာဝန်ကြီး၊ လုပ်ငန်းကြီးကို မိမိတို့ဘာသာ မိမိတို့ စွန့်လွှတ်ထားကြသည်’ ဆိုသောအချက်ကို တွေ့ရမည်။ ထို့ကြောင့် ယောကျ်ားများသည် သူတို့၏ မူလပထမတာဝန်ကြီးကို လျစ်လျူရှုထားသည်ကို တွေ့ရှိနိုင်ပါသည်။

ကျွန်ုပ်တို့အနေနှင့် အမျိုးသမီးများ၏ အခြေအနေကို ဆန်းစစ်ကြည့်ပါလျှင် ရာဇဝတ်မှုနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းဆိုင်ရာ ဖိအားပေးမှုများသည် အမျိုးသမီးထုအတွင်း ပျံ့နှံ့နေပြီး ၊ထိုဖိအားပေးမှုများကြောင့် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အထင်ကြီးလေးစားဖွယ် ဂုဏ်အင်္ဂါများကို ချိုးဖောက်ကျူးလွန်ခြင်း ခံနေရသည်ကို တွေ့ရပါသည်။

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုလက္ခဏာ နောက်ခံသမိုင်းကို ကြည့်မည်ဆိုလျှင် အမျိုးသမီးများသည် အထွဋ်အမြတ်ထားခြင်းခံရသည်ကို တွေ့ရှိနိုင်ပါသည်။

မည်သည့်အမျိုးသမီးမှ မိမိတို့၏ လွတ်လပ်မှုကို ဈေးပေါပေါနှင့် အလဲအလှယ် (အရောင်းအဝယ်) မလုပ်လိုသကဲ့သို့ မည်သည့်ယောကျ်ားမျှလည်း မိမိတို့၏ ‘ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သူ’ဟူသော အဆင့်အတန်းကို စွန့်လွှတ်လိုမည်မဟုတ်။

## အလာမဟ် (ပညာရှင်) ဒေါက်တာ အိက်ဗားလ်၏ . . .

ဤသို့ အထူးအရေးပါလှသော ကျားနှင့်မကြား ဆက်နွှယ်မှုကို အတွေးအခေါ်နှင့် ကဗျာပညာရှင်ကြီး အလာမဟ် ဒေါက်တာအိက်ဗားလ်မှ ‘အမျိုးသမီးများကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု’ ဟူသော ခေါင်းစဉ်နှင့် ရေးသားထားသော ကဗျာတွင် တွေ့နိုင်သည်။ ၎င်းကဗျာမှာ အူရဒူဘာသာစကားဖြင့် စပ်ဆိုထားပြီး အပိုဒ်(၃)ပိုဒ် ပါဝင်သည်။

(၁) အမျိုးသမီးများအား ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည်ဟု အသိမရှိသော နိုင်ငံတစ်နိုင်ငံသည် အချည်းနှီးသာတည်း။

ဤရှင်သန်နေသော အမှန်တရားသည် ကျွန်ုပ်၏ နှလုံးသားအတွင်း နက်ရှိုင်းစွာ ကိန်းဝပ်တည်ရှိနေပါသည်။

(၂) ဤသို့သော အမှန်တရားနှင့် ခံစားချက်သည် မိမိတို့ အာရုံခံစားမှု များမှာ လုံးဝအေးခဲနေသော ခံစားချက်များရှိသော လူသားများအတွက်ကား မဟုတ်။

ဤအမှန်တရားသည် လျှို့ဝှက်ဖုံးကွယ်ထားသောအရာ မဟုတ်သလို

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ပညာသဘောလည်း မဟုတ်။ ထို့အတူ ဟောင်းနွမ်းခြင်းလည်း မမည်သလို အသစ်အဆန်းလည်း မဟုတ်။

(၃)အမျိုးသမီး၏ ဂုဏ်သိက္ခာကို ကာကွယ် ထိန်းသိမ်း စောင့်ရှောက် မည့်သူမှာ ယောက်ျားသာဖြစ်သည်။

ဤအမှန်တရားကို မသိသော၊ အသိအမှတ် မပြုသော၊ သိအောင် အားမထုတ်သော၊ သိလျက်နှင့် လျစ်လျူရှုသော နိုင်ငံသည် သူ၏အပေါ်တွင် ထွန်းလင်းနေသော နေရောင်သည် တဖြည်းဖြည်း ပျက်ပြယ်သွားသကဲ့သို့ပါ တကား။

ကျွန်ုပ်မှပြောချင်သည့်အချက်မှာ ကျမ်းမြတ်ကုရ်အာန်ထဲ၌ အမျိုးသမီးများကို အလွန်ဂုဏ်သိက္ခာရှိသော အနေအထားနှင့်တင်ပြထားသည် ဆိုသောအချက်ပင်။ ပြဿနာ အစစ်အမှန်သည်ကား ကျမ်းမြတ်ကုရ်အာန်၏ မှန်ကန်သော အနှစ်သာရကို လျစ်လျူရှုထားသော ကျွန်ုပ်တို့၏ ဂရုမဲ့ခြင်း တစ်ခုပင်။ ထို့ကြောင့် ယင်းပြဿနာကို ဖြေရှင်းရန်နည်းလမ်းကား ပြည်သူလူထု (မွတ်စလင်မ်များ)ကို မှန်ကန်သည့် အသိပညာပေး၍ သူတို့၏အတွေးအခေါ်များ မှန်ကန်လာအောင် အလင်းရောင်ပေးဖို့ လိုအပ်နေပါသည်။

ယခုအချိန်၌ ကျွန်ုပ်အနေနှင့် သင်(စာရှုသူ)တို့ကို သတိပေးချင်သော အချက်သည်ကား သောမတ်စ်ဂျက်ဖာဆင် (Thomous Jefferson)၏ပြောစကားများပင် ဖြစ်ပါသည်။နိုင်ငံတစ်နိုင်ငံသည် မျှော်လင့်နေရမည့် အရာရာကို လျစ်လျူ ရှုထားမည်၊ လျော့ရဲစွာ သဘောထားမည်ဆိုလျှင် ယင်းနိုင်ငံက မျှော်လင့်သမျှသောအရာ မှန်သမျှသည် မည်သည့်အခါမျှ ဖြစ်လာမည် မဟုတ်ပေ။

### အမျိုးသမီးအခွင့်အရေးဆိုသည်မှာ

ယနေ့ ကျွန်ုပ်ဆွေးနွေးမည့် ခေါင်းစဉ်သည်ကား "အစ္စလာမ်မှ ပြဆိုသော အမျိုးသမီးများ၏အခွင့်အရေး (သို့) ရပိုင်ခွင့်များသည် ခေတ်မီပါသေးသလား (သို့) ခေတ်နောက်ကျကုန်ပြီလား။"

အောက်စ်ဖို့ဒ် အဘိဓာန်အရ အမျိုးသမီးအခွင့်အရေး ဆိုသည်မှာ "အမျိုးသမီးများက အမျိုးသားများထံမှ လူမှုရေးနှင့် တရားဥပဒေဆိုင်ရာ သာတူညီမျှမှုကို ရရှိအောင် မြှင့်တင်ပေးသော အနေအထား အခြေအနေတစ်ရပ်" ကို ဆိုလိုသည် ။ ထိုအဘိဓါန်တွင် ဆက်လက်၍ ဖော်ပြထားသည်မှာ "၎င်းတို့သည်

အမျိုးသမီးများအတွက် အထူးထုတ်ပြန်ထားသော အခွင့်အရေးများဖြစ်ပြီး၊ အမျိုးသားများနှင့်လည်း တူညီသော အခွင့်အရေးမျိုးဖြစ်သည်။ ဥပမာ-ဆန္ဒမဲပေးပိုင်ခွင့်၊ ဉစ္စာပစ္စည်းများပိုင်ဆိုင်ခွင့် စသည်တို့ဖြစ်သည်။"

တစ်ဖန် ထိုအောက်စ်ဖို့ဒ်အဘိဓာန်တွင် (Modernizing) "ခေတ်မီခြင်း" ဟူသော စကားလုံးကို 'ခေတ်မီအောင် ပြုလုပ်သည်။ ခေတ်နှင့်ညီသော လိုအပ်ချက်များ ဓလေ့ စရိုက်များနှင့် လိုက်လျောညီထွေဖြစ်အောင် ညှိယူခြင်း' ဟုဖော်ပြထားသည်။

ဝက်ဘ်စတာအဘိဓါန်တွင် 'ခေတ်မီခြင်း'ကို 'ခေတ်မီ အောင်ပြုလုပ်သည်၊ အချင်းအရာလက္ခဏာ(သို့)အသွင် အပြင် ကို အသစ်ဖြစ်စေသည်' ဟုဖော်ပြထားသည်။ ဥပမာ-တစ်စုံတစ်ယောက်၏ အတွေးအခေါ် အယူအဆများကို ဆန်းစစ်ခြင်း၊

အတိုချုပ်အားဖြင့်ဆိုသော် "ခေတ်မီခြင်းဟူသည် လက်ရှိ ရှိနေသော အခြေအနေ အဆင့်အတန်းတစ်ခုကို ပိုမို ကောင်းမွန်လာအောင် ခေတ်မီစေသော ဖြစ်စဉ် ဖြစ်သည်။" ၎င်းသည် လက်ရှိခေတ်မီသော အခြေအနေ အဆင့်အတန်းဟု မဆိုလိုပါ။

ကျွန်ုပ်တို့အနေနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ကျွန်ုပ်တို့၏ ပြဿနာများ ဖြေရှင်းရန် ဘဝလမ်းစဉ်သစ်တစ်ခုကို သဘောပေါက်နားလည်ရန် ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ ခေတ်မီအောင် ပြုလုပ်နိုင်ပါသလား။

ဤနေရာတွင် အမျိုးသမီးတစ်ယောက်၏ဘဝ မည်သို့ ရှင်သန်သင့်သည် ဟူသောအချက်ကို သိပ္ပံပညာရှင်များနှင့် လက်တွေ့အတွေ့အကြုံမရှိဘဲ ထိုင်ရာမထ ပြောတတ်သော ကျွမ်းကျင်သူများ၏ ခေတ်သစ်အယူအဆများ၊ ကောက်ချက်များနှင့် အမျိုးအစား ခွဲခြားထားသော အဆိုပြုချက်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်။ ကျွန်ုပ်အနေနှင့် အမှန်တရားပေါ်၌ အခြေခံထားသော အတွေ့အကြုံအားဖြင့် သက်သေပြနိုင်သော ကောက်ချက်၊စွဲဆိုချက်များနှင့် ထည့်သွင်းစဉ်းစားချက်များအပေါ်တွင်သာ အခြေခံ၍ဆွေးနွေးသွားမည် ဖြစ်ပါသည်။

အမှန်တရား၏ ရွေ့စင်နှင့် အပေါ်ယံရွှေမှုန်ကြဲထားသော သီအိုရီ သဘောတရားကို တိကျစွာ စစ်ဆေးရန်၊ လက်တွေ့တွေ့ကြုံခဲ့ရသော အတွေ့အကြုံနှင့် တိကျမှန်ကန်သည့် အချက်အလက်များကို ဘက်မလိုက်ဘဲ၊ ဘက်ပေါင်းစုံမှ

သုံးသပ်ဝေဖန်သွားမည် ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် အမှန်တရားနှင့် ဆန့်ကျင်သော တွေးတောဆင်ခြင်မှုများကို စစ်ဆေးကြည့်ပါက ကျွန်ုပ်တို့၏ အသိဉာဏ်၏ဖြစ်စဉ်သည် အမှန်တရားမှ သွေဖည်ခဲ့သော အချိန်များစွာရှိခဲ့ပြီကို သိနိုင်ပါသည်။ တစ်ချိန်က အကြီးကျယ်ဆုံး ဉာဏ်ကြီးရှင်ကြီးများကပင် ကမ္ဘာကြီးပြားသည်ဟု ယုံကြည်ခဲ့ကြသည်မှာ သက်သေပင်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် ယနေ့ အနောက်တိုင်းမီဒီယာမှ ပုံဖော်ပြသနေသော အမျိုးသမီးများ အခြေအနေနှင့် အစ္စလာမ့်လူနေမှုစနစ်အတွင်းမှ အမျိုးသမီးများ၏ အခွင့်အရေးကို နှိုင်းယှဉ်လက်ခံပါက အစ္စလာမ်မှ ပေးသော အမျိုးသမီး အခွင့်အရေးသည် ခေတ်နောက်ကျနေသည် ဟူသောအချက်အတွက် ငြင်းပယ်စရာ မရှိပါ။

အနောက်တိုင်းမှ ပြောဆိုနေကြသော “အမျိုးသမီး လွတ်လပ်ခွင့်ဟူသည်မှာ အမျိုးသမီး၏ ခန္ဓာကိုယ်ကို ခေါင်းပုံဖြတ်ခြင်း ၊သူမ၏ ဂုဏ်သိက္ခာကို ကင်းမဲ့စေခြင်း နှင့် သူမ၏ ဝိဉာဉ်ကို အဆင့်အတန်း နိမ့်စေအောင် ပုံဖော်ထားသောအရာ” သာ ဖြစ်သည်။

အစ္စလာမ့်ဘောင်အတွင်းမှ အမျိုးသမီးများ၏ အဆင့်အတန်းမြင့်မားစေခြင်းဟူသော ကိစ္စနှင့်ပတ်သက်၍ အနောက်တိုင်း၏ ပြောဆိုမှုများမှာ အမှန်တကယ် သူမ၏ အဆင့်အတန်းကို အောက်ဖော်ပြပါ နိမ့်ကျသော အခြေအနေသို့ ရောက်စေခြင်းသာဖြစ်သည်။ အနောက်တိုင်း၏ အမျိုးသမီးအခွင့်အရေးနှင့် လွတ်လပ်မှု မြှင့်တင်ရေးကြောင့် အမျိုးသမီးများအား ကိုယ်လုပ်တော်၊ အငယ်အနှောင်းများ၊ လူ့အဖွဲ့အစည်း၏ လိပ်ပြာငယ်များအဖြစ် လိင်မှုဆိုင်ရာ ဈေးကွက်ရှင်များနှင့် အပျော်အပါးရှာဖွေလိုသူများ၏ လက်ဝယ်အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ရောင်စုံဖြာနေသော စာရင်းပေါ်ဝယ် အသုံးတော်ခံစေခြင်းမျှသာဖြစ်သည်။

အစ္စလာမ်၏ အခြေခံအကျဆုံးသော ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ ထောက်ပံ့မှုများက အမျိုးသမီးများအား အမျိုးသားများက လျစ်လျူရှုထားခဲ့ကြသည့် လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀)ကျော်ကတည်းက ၎င်းတို့နှင့် ထိုက်တန်သော ရပိုင်ခွင့် (အခွင့်အရေး)များနှင့် အဆင့်အတန်းများကို ပေးအပ်ခဲ့သည်။

အစ္စလာမ်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သာသနာတွင် ပေးခဲ့သော အမျိုးသမီး အခွင့်အရေးကို ဆက်လက်၍ ကျွန်ုပ်တို့၏ တွေးခေါ်မှုများ၊ နေထိုင်မှုစနစ်များ၊ ရှုမြင်သုံးသပ်မှုများ၊ ကြားနာမှုများ၊ ခံစားမှုများကို ခေတ်မီအောင်ပြု၍ အမျိုးသမီး များ၏ ဘဝမြှင့်တင်ရေး၊လွတ်မြောက်ရေးကိစ္စကို ရှုန်းကန်ဖြေရှင်းခြင်း ဖြစ်သည်။ ဤကိစ္စကို အသေးစိတ် တင်ပြရန် အချက်ကလေးများ ခွဲ၍တင်ပြသွားပါမည်။

ပထမမြောက်အချက်မှာယေဘုယျ မှန်းဆချက်အားဖြင့် ကမ္ဘာ့လူဦးရေ၏ ၅ ပုံ (၁) ပုံမှာ မွတ်စလင်မ်များ ဖြစ်ပါသည်။မွတ်စလင်မ် လူ့အဖွဲ့အစည်း၊ ဂိုဏ်းဂဏ မျိုးစုံရှိပါသည်။အချို့မှာ အစ္စလာမ်နှင့် နီးစပ်၍ အချို့မှာ အစ္စလာမ်နှင့် ဝေးကွာ နေပါသည်။

အစ္စလာမ်၏ အမျိုးသမီးအခွင့်အရေးကို စစ်မှန်သော အရင်းအမြစ်များမှ အထောက်အထားယူ၍ ဆုံးဖြတ်မည် ဖြစ်သည်။ မွတ်စလင်မ်တစ်ဦးချင်းသာ လုပ်ဆောင်နေသည့် မွတ်စလင်မ် လူ့အဖွဲ့အစည်းများ မည်သည့်အရာများကို ပြုကျင့် နေသည်ကို မကြည့်ပါ။အစ္စလာမ်၏ စစ်မှန်သော အရင်းအမြစ်များမှာ ကျမ်းမြတ် ကုရ်အာန်နှင့် စစ်မှန်သော စွန္နသ်လမ်းစဉ်ဖြစ်သည်။ ကျမ်းတော်မြတ်ကုရ်အာန်မှာ ကျွန်ုပ်တို့၏ ကိုးကွယ်ရာအရှင်၏ မုခ်ပါဌ်တော်များဖြစ်ပြီး၊ စွန္နဟ်ဟူသည် ကျွန်ုပ်တို့၏ ချစ်လှစွာသော မဟာတမန်တော်မြတ် မုဟမ္မဒ်(ﷺ) ကျမ်းမြတ်ကုရ်အာန်အား လက်တွေ့ ကျင့်သုံးပြသခဲ့သည့် နည်းဥပဒေများ ဖြစ်သည်။

လေးချက်မြောက်အချက်ဖြစ်သော ကျမ်းမြတ်ကုရ်အာန်သည်လည်းကောင်း၊ ဆွဟီးဟ် ဟဒီးဆ်တော်များသည်လည်းကောင်း၊ ကျမ်းမြတ်ကုရ်အာန်နှင့် ဆွဟီးဟ် ဟဒီးဆ်များသည်လည်းကောင်း ၊ တစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ အချင်းချင်းသည် လည်းကောင်း၊ ဝိရောဓိဖြစ်မည်မဟုတ်။

ငါးချက်မြောက်အချက်အဖြစ် အချို့သော ကိစ္စရပ်များ (ပြဿနာများ)အတွက် ပညာရှင်များကြား၌ ကွဲပြားခြားနားသော အဆိုများ ရှိကောင်းရှိနိုင်သော်လည်း ယင်းအငြင်းပွားမှုများကို ကျမ်းမြတ်ကုရ်အာန်၏ သက်ဆိုင်ရာ ကျမ်းပိုဒ်တစ်ခုတည်းကို အထောက်အကူပြု ညွှန်းဆိုသည်ထက် သက်ဆိုင်ရာ ပြဿနာနှင့် ပတ်သက်သော အဆိုများကို ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးတွင် လေ့လာဆန်းစစ်ခြင်းဖြင့် အဖြေမှန် ရရှိနိုင်သည်။ ဤသို့ ပြုလုပ်ရခြင်း အကြောင်းရင်းမှာ ကျမ်းမြတ်ကုရ်အာန်၏ အချို့သော အာယသ်တော် (ကျမ်းပိုဒ်)များမှာအနက်အဓိပ္ပါယ်ပြားသော ၊ ဆင်တူရိုးမှား

ဖြစ်စေတတ်သော(မုတ်တရှာဗေဟာသ်) အာယသ်တော်များဖြစ်ပြီး၊ ၎င်း၏ အဖြေကို အခြား အာယသ်တော်များတွင် တစ်ဖန် ပြန်လည်ဖော်ပြထားတတ်သောကြောင့် ဖြစ်သည်။ အချို့သော လူပုဂ္ဂိုလ်များမှာ အရင်းအမြစ်တစ်ခုကိုသာ ဆုပ်ကိုင်ထားပြီး အခြားသော အရင်းအမြစ်များကို လျစ်လျူရှုထားတတ်ခြင်းကြောင့်လည်း ဖြစ်သည်။

နောက်ဆုံးအချက်မှာ 'မွတ်စလင်မ် အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ မွတ်စလင်မ်တိုင်း၏ တာဝန်မှာ အလ္လာဟ်အရှင်မြတ်(ﷻ)၏ နှစ်သက်မှုရရန်နှင့် အရှင်မြတ်အပေါ်၌ ယုံပုံအပ်နှင်းမှုရှိရန် အရေးကြီးပါသည်။ မိမိ၏ စိတ်ဆန္ဒ ပြည့်ဝမှုနှင့် ကျော်ကြားမှု ရှာဖွေရန်မှာ အရေးမကြီးပါ။'

ယောက်ျားနှင့် မိန်းမ၏ "တန်းတူညီခြင်း" သဘောတရားကို အစ္စလာမ်မှ လက်ခံထားသည်။ ဤနေရာတွင် "ထပ်တူညီခြင်း" ဟုမဆိုနိုင်ပါ။

အစ္စလာမ်တွင် ယောက်ျားနှင့် မိန်းမ၏ အခန်းကဏ္ဍသည် တစ်ဦးနှင့်တစ်ဦး ပေါင်းစပ်ခြင်းဖြင့် ပြီးပြည့်စုံသောသဘောကိုဆောင်ပြီး၊ ဝိရောဓိသဘောကို မဆောင်ချေ။ ၎င်းသည် အကျိုးတူပူးပေါင်းမှု သဘောကိုဆောင်ပြီး၊ ဆန့်ကျင်သောသဘောကို မဆောင်။ ထို့ကြောင့် ယောက်ျားက မိန်းမထက်သာသည်(ဝါ) မိန်းမက ယောက်ျား ထက်သာသည် ဟူသော သာလွန်မှုအတွက် ရည်ရွယ်၍ ကြိုးစားပြီး အငြင်းအခုံ မပြုပါ။

အစ္စလာမ့်အမျိုးသမီးအခွင့်အရေး(ဝါ) ရပိုင်ခွင့် နှင့် ပတ်သက်၍ ကျယ်ပြန့်သော ကဏ္ဍကြီး(၆)ခုခွဲ၍ တင်ပြသွားပါမည်။

၎င်းကဏ္ဍကြီးများမှာ -

(၁) 'နာမ်ပိုင်း'(ဝိညာဉ်ပိုင်း)ဆိုင်ရာ အခွင့်အရေး

(၂) စီးပွားရေးဆိုင်ရာ အခွင့်အရေး၊

(၃) လူမှုရေးဆိုင်ရာ အခွင့်အရေး၊

(၄) ပညာရေးဆိုင်ရာ အခွင့်အရေး၊

(၅) တရားဥပဒေဆိုင်ရာ အခွင့်အရေးနှင့်

(၆) နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများဟူ၍ ခွဲခြားထားနိုင်သည်။

## အမျိုးသမီးများ၏ ဝိညာဉ်ပိုင်းဆိုင်ရာ အခွင့်အရေး

ပထမဦးဆုံးအနေနှင့် အမျိုးသမီးများ၏ ဝိညာဉ်ပိုင်းဆိုင်ရာ (နာမ်ပိုင်းဆိုင်ရာ) အခွင့်အရေးအကြောင်းကို အသေးစိတ်တင်ပြသွားပါမည်။

အနောက်တိုင်းသားများအနေနှင့် အစ္စလာမ်ဘာသာကို နားလည်မှုအလွဲဆုံး ကိစ္စရပ်မှာ အစ္စလာမ်၏ အမတသုခဘုံ(ဂျန္နသ်)ဆိုသည်မှာ ယောကျ်ားများအတွက်သာ ဖြစ်သည်။ အမျိုးသမီးများအတွက် မဟုတ်ဟု ယူဆနေခြင်းဖြစ်သည်။

ဤမှားယွင်းသော ယူဆချက်ကို အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ်(၁၂၄)အားဖြင့် ပယ်ဖျက်နိုင်သည်။

"သို့ရာတွင် မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကောင်းမြတ်သော ကျင့်ဝတ်တို့ကိုကျင့်မူအံ့၊ ၎င်းပြင် ထိုသူ သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူလည်း ဖြစ်အံ့၊ သို့ဖြစ်လျှင် ထိုကဲ့သို့သော သူတို့သည် 'ဂျန္နတ်' အမတ သုခဘုံသို့ ဝင်ရောက်(စံမြန်း)ကြရမည့်အပြင် ထိုသူတို့သည် နှိပ်စက်ညှင်းပမ်းခြင်းကိုလည်း စိုးစဉ်းမျှခံကြရမည်မဟုတ်ပေ။" ( ၄း၁၂၄)

ထို့ပြင် ပျားပိတုန်းကောင်ကဏ္ဍ၊ ကျမ်းပိုဒ် (၉၇)တွင်

"မည်သူမဆို ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ (မုအ်မင်န်အဖြစ်နှင့်) ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော်၊ ၎င်းပြင် ထိုသူသည် မုအ်မင်န် သက်ဝင်ယုံကြည်သူ(လည်း) ဖြစ်ခဲ့သော် မလွဲကေန် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်း စင်ကြယ်သော အသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်။ ထို့မှတပါး မုချစင်စစ် ငါအရှင်မြတ်သည် ထိုသူတို့အားပွင်းတို့၏ အကျိုးကို ၎င်းတို့ ကျင့်မူဆောက်တည်လျက်ရှိခဲ့ကြကုန်သော ကောင်းမြတ်သော အကျင့်သီလနှင့် လျော်ညီစွာ ပေးဆပ်တော်မူပေမည်။" (၁၆ း ၉၇)

ထို့ကြောင့် အစ္စလာမ်တွင် လိင်အမျိုးအစားသည် (ဂျန္နသ်)အမတသုခဘုံသို့ ဝင်ရောက်ရန် စံနှုန်းမဟုတ်။ ဤကဲ့သို့သော အစ္စလာမ်၏ အခွင့်အရေး ခေတ်မီသည်ဟု ဆိုနိုင်ပါသလား။ (သို့) ခေတ်နောက်ကျသွားသည်ဟုဆိုနိုင်ပါသလား။

## မိန်းမတွင် ဝိညာဉ်မရှိဟူသော . . .

အနောက်တိုင်း မီဒီယာများ၏ အခြားသော မှားယွင်းစွာနားလည်ထားသည့်

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

အသိပညာတစ်ခုမှာ မိန်းမတွင် ဝိညာဉ်မရှိဟူသော အယူအဆဖြစ်သည်။ ဤယူဆချက်မှာ '(၁၇)ရာစုနှစ်တွင် ရောမနိုင်ငံ၌ တစ်စုတစ်ဝေးတည်း စုစည်းခဲ့သော ပညာရှိကြီးများ၏ကောင်စီမှ တညီတညွတ်တည်း သဘောတူဆုံးဖြတ်ချက်မှာ မိန်းမတွင် ဝိညာဉ်မရှိဟူသော' ယူဆချက်ဖြစ်သည်။

## ကျား၊မ နှစ်မျိုးစလုံးတွင် တူညီသော ဝိညာဉ်သဘာဝရှိ

အစ္စလာမ်တွင် ယောက်ျားနှင့်မိန်းမ နှစ်မျိုးစလုံးတွင် တူညီသောဝိညာဉ်သဘာဝရှိသောကြောင့် ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁)တွင် အောက်ပါအတိုင်း တင်ပြထားသည်။

"အို–မနုဿလူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ကို ကြောက်ရွံ့(ရိုသေ)ကြ ကုန်လော့။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ထိုအသက်တစ်ချောင်း တည်းမှပင် ၎င်း၏ ကြင်ရာကြင်ဘက်ကိုလည်း ဖန်ဆင်းတော်မူခဲ့လေ၏။" (၄း၁)

အလားတူ ပျားပိတုန်းကောင်ကဏ္ဍ၊ ကျမ်းပိုဒ် (၇၂) တွင်လည်း . . .

"ထို့မှတပါး အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့ (အမျိုးအစားထဲ) မှပင် ဇနီးကြင်ရာများကို ပြုလုပ်တော်မူခဲ့လေသည်။" (၁၆း၇၂)

ထို့ပြင် ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၁၁)တွင်လည်း-

"(ထိုအရှင်မြတ်သည်ပင်) မိုးကောင်းကင်များကို လည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ဖန်ဆင်း တော်မူသောအရှင် ဖြစ်တော်မူ၏။ထိုအရှင်မြတ်သည်ပင် အသင်တို့အဖို့ အသင်တို့၏အမျိုးအစားထဲမှ ပင်ကြင်ရာကြင်ဖက်များကို ဖန်ဆင်းတော်မူခဲ့၏။" (၄၂း၁၁)

ယောက်ျားနှင့်မိန်းမ၏ နာမ်ဝိညာဉ် သဘာဝတူညီနေခြင်းကို အသင့်အနေနှင့် အစ္စလာမ်၏ ထိုအခွင့်အရေးများကို ခေတ်မီခြင်းဟုခေါ်မည်လော (သို့) ခေတ်နောက်ကျနေပြီဟု ပြောမည်လော။

ကျမ်းမြတ်ကုရ်အာန်တွင် ရှင်းလင်းစွာ တင်ပြထားသည့်အချက်မှာ- အလ္လာဟ်အရှင်မြတ်(ﷻ)သည် သူ၏ (ဖန်ဆင်းထားသော ရူဟ်) ဝိညာဉ်ကို လူသား၏ခန္ဓာကိုယ်

အတွင်းမှုတ်သွင်းသည်ဟု ဖော်ပြထားသည်။

ဟဂ်ျပြခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၂၉)တွင်-

"တစ်ဖန် ငါအရှင်မြတ်သည် (လူသား၏) ထိုမြေရုပ်ကို စနစ်တကျ ပြီးစီးအောင် ပြုလုပ်(ဖန်ဆင်း)တော်မူ၍ ယင်း(မြေရုပ်တွင်း)၌ မိမိ အထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူလိုက်သော အခါ အသင် တို့သည် ထိုလူသား၏ ရှေ့မှောက်တွင် ပျပ်ဝပ် ဦးချကြလေကုန်။" (၁၅း ၂၉)

အလားတူ ဖော်ပြချက်မျိုးကို ပျပ်ဝပ်ဦးချခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၉) တွင် . .

"ထို့နောက် ထိုအရှင်မြတ်သည် ၎င်းအား နေထားကျနစွာ ပြုလုပ် တော်မူ၍ ၄င်း(၏ ခန္ဓာကိုယ် အတွင်း)၌ မိမိအထံတော်မှ အသက်ဇီဝိန်ကို မှုတ် သွင်းတော်မူခဲ့၏။ " (၃၂း၉)

ဤနေရာတွင်အလ္လာဟ်အရှင်မြတ်(ﷻ)သည် မိမိ၏ ထံတော်မှ အသက်ဇီဝန်ကို မှုတ်သွင်းတော်မူခဲ့သည်ဟု မိန့်တော်မူခြင်းမှာ မြားမြောင်သော ဘုရားကို အသိအမှတ် ပြုကိုးကွယ်သော ဝါဒများမှ ယုံကြည်သော **'လူဝင်စားခြင်း'** တစ်မျိုး မဟုတ်ပါ။

ဤကျမ်းပိုဒ်မှ ဆိုလိုချက်မှာ- အနန္တဘုန်းတော်ရှင် အလ္လာဟ်အရှင်(ﷻ)၏ အကြွင်းမဲ့ ဉာဏ်တော်အားဖြင့် အရှင်မြတ်၏ ဖန်ဆင်းထားသော ဝိညာဉ်သဘာဝကို လူသားအား ၎င်းနှင့်နီးစပ်လာအောင် ပြုလုပ်ပေးလိုက်သည်ဟု ဆိုလိုသည်။

ဤနေရာတွင်အာဒမ်(عليه السلام)နှင့် ဟောင်ဝါ(عليها السلام)နှစ်ဦးစလုံးကို ဆိုလိုသည်။ ၎င်းတို့ နှစ်ဦးစလုံးအား အလ္လာဟ်အရှင်မြတ်(ﷻ)၏ ရူဟ်(ဝိညာဉ်)ကို ထည့်သွင်းပေးခဲ့ခြင်း ဖြစ်သည်။

တစ်ဖန် ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်(ﷻ) သည်လူသားအား ၎င်း၏ ကိုယ်စားလှယ်၊ ယုံပုံအပ်နှင်းခြင်းခံရသူဖြစ်ကြောင်း ညဥ့်ခရီးကဏ္ဍ၊ ကျမ်းပိုဒ် (၇၀)တွင်. .

"ကေန်မလွဲ ငါအရှင်မြတ်သည် အာဒမ်၏သား သမီးများကို ဂုဏ်သိန်ထူးကဲ မြင့်မြတ်စေတော်မူခဲ့ လေသည်။" (၁၇း၇၀)

ဝမ်းနည်းပါတယ်။ ဤနေရာတွင် အာဒမ်(عليه السلام)၏ ကလေး (မျိုးဆက်)ဟု ဆိုရာတွင် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးကိုဆိုလိုသည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

အချို့သော ဘာသာရေးဆိုင်ရာ ကျမ်းဂန်များ၊ ဥပမာ-သမ္မာကျမ်းတွင် အာဒမ်(عليه السلام)၏ဇနီး ဟောင်ဝါ(عليه السلام)အား လူသားမျိုးနွယ်များ၏ ကျဆုံးခြင်းနှင့် ပတ်သက်၍ ပြစ်တင်ရှုံ့ချထားသည်ကို တွေ့နိုင်သည်။

ကျမ်းမြတ်ကုရ်အာန်တွင် ကြဌန်းများကဏ္ဍ၊ ကျမ်းပိုဒ် (၁၉ မှ ၂၇)၌ အာဒမ်(عليه السلام)နှင့်ဟောင်ဝါ (عليه السلام) ၏အဖြစ်အပျက်ကို အကြိမ်(၁၂)ကြိမ်ထက်မနည်း မိန့်ကြားထားသည်ကို တွေ့နိုင်သည်။

ကျမ်းမြတ်ကုရ်အာန်အရ အာဒမ်(عليه السلام)နှင့်ဟောင်ဝါ (عليه السلام)နှစ်ဦးစလုံးသည် အလ္လာဟ်အရှင်(سبحانه وتعالى)၏ အမိန့်တော်ကို နားမထောင်၊ မလိုက်နာခဲ့ခြင်းဖြစ်ပြီး၊ နောင်တရပြီး နှစ်ဦးစလုံးက မဂ်ဖွေရတ် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခဲ့ကြပြီး၊ နှစ်ဦးစလုံး ခွင့်လွှတ်ခြင်းခံခဲ့ရခြင်း ဖြစ်ကြောင်း အတိအလင်း ဖော်ပြထားသည်။

## ပဋိသန္ဓေဆောင်ခြင်း သားဖွားခြင်းကြောင့် အမျိုးသမီးဂုဏ်ရည်မသေးသိမ်

သမ္မာကျမ်းတွင် Genesis ခေါ် ကမ္ဘာဦးကျမ်း၏ အခန်း(၃)တွင်မူ ဟောင်ဝါ (عليه السلام) တစ်ဦးတည်းကသာ လူသား၏ ကျဆုံးခြင်းအပေါ် တာဝန်ရှိသယောင် ရေးသားထားခြင်း ဖြစ်သည်။

ဟောင်ဝါ(عليه السلام) ၏ အမှားကြောင့် "The Original Sin" ခေါ် **'မူလပထမအပြစ်'** ကြောင့် လူသားထုတစ်ရပ်လုံးသည် အပြစ်သား (ပြစ်မှုသားကောင်)များအဖြစ် မွေးဖွားခြင်းခံခဲ့ကြ ရသည်ဟု ယုံကြည်နေကြသည်။ သမ္မာကျမ်း၏ ကမ္ဘာဦးကျမ်း (၃ း ၁၆)တွင် . . .

> " မိန်းမကိုလည်း သင်၌ ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာသော ဝေဒနာကိုခံ၍ သားဖွားရမည်။ကိုယ့်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏ အုပ်စိုးခြင်း ကိုလည်း ခံရမည်ဟု မိန့်တော်မူ၏။" (ကမ္ဘာဦးကျမ်း၊ ကဏ္ဍ (၃)၊ အပိုဒ် – ၁၆)

အထက်ဖော်ပြပါ သမ္မာကျမ်း၏ ကျမ်းပိုဒ်မှ ဆိုလိုသည်မှာ မိန်းမများ၏ သန္ဓေဆောင်ခြင်း၊ကလေးမွေးခြင်းသည် မိန်းမ၏ဂုဏ်အရည်အသွေးကို အဆင့်အတန်း နိမ့်ကျစေသကဲ့သို့ တစ်ဖက်တွင် ကလေးမွေးဖွားခါနီး ခံစားရသောဝေဒနာ (အာဝေဋ္ဌိက ဝေဒနာ)သည် မိန်းမအား ဟောင်ဝါ(عليه السلام) ၏ မူလပထမ အပြစ်ကျူးလွန်ခဲ့မှုကြောင့်

ပေးခြင်းခံရသော အပြစ်ဒဏ်ဟု ဆိုလိုခြင်းဖြစ်သည်။

အမှန်စင်စစ် ကျမ်းမြတ်ကုရ်အာန်တွင်မူ ပဋိသန္ဓေဆောင်ခြင်း၊ သားဖွားခြင်းဖြင့် မိန်းမများ၏ ဂုဏ်သိက္ခာ၊ အရည်အသွေးကို အဆင့်အတန်းမြင့်ပေးထားသည်ကို တွေ့ရ၏။

ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးများကဏ္ဍ၊ ကျမ်းပိုဒ် (၁)တွင်

"သင်တို့သည် သင်တို့အား မွေးဖွားပေးခဲ့သော သားအိမ်ရှင်များအား ရိုသေလေးစား၊ တန်ဘိုးထားကြ" ဟုမိန့်ဆိုထားသည်။

ထို့ပြင် လွှက်မာန်သုခမိန်ကဏ္ဍ၊ ကျမ်းပိုဒ် (၁၄)တွင်

"ထို့မှတပါး ငါ(အလ္လာဟ်)အရှင်မြတ်သည် 'မနုဿ' လူသားအား ၎င်း၏မိဘနှစ်ပါး နှင့်ပတ်သက်၍ (ဤသို့)လေးနက်စွာ အမိန့်ပေးတော်မူခဲ့၏။ ၎င်း၏မိခင်မှာ အားအင်ချည့်နဲ့မှုအပေါ်၌ အားအင်ချည့်နဲ့မှုကိုခံစားလျက် ၎င်းအား (မိမိဝမ်းတွင်း) လွယ်ပိုက်ခဲ့လေ၏။ ထို့မှတပါး နှစ်နှစ်မြောက်သောအခါသာလျှင် ၎င်းအား နို့ဖြတ်လေ၏။" (၃၁း၁၄)

အလားတူ ဖော်ပြချက်မျိုးကို သဲတောင်ပို့များကဏ္ဍ၊ ကျမ်းပိုဒ်(၁၅)တွင် လည်းဖော်ပြထားသည်။

"စင်စစ်သော်ကား ငါအရှင်မြတ်သည် 'မနုဿ' လူသားအား ၎င်း၏မိဘနှစ်ပါးနှင့်ပတ်သက်၍ ကောင်းစွာပြုစုရန် လေးနက်စွာအမိန့်ပေးတော်မူခဲ့၏။" (၄၆း၁၅)

မိဘများအား ကြင်နာစွာဆက်ဆံရန်အတွက် အလ္လာဟ်အရှင်မြတ်(ﷻ)မှ မိန့်တော်မူထားသည်မှာ **"မိခင်များသည် သူမတို့၏ သားသမီးများကို မွေးဖွားပေးခဲ့စဉ် နာကျင်ခံစားခဲ့ရသော နာကျင်မှုဝေဒနာကြောင့် ၎င်းတို့အား ကြင်နာစွာ ဆက်ဆံကြ"** ဟုမိန့်တော်မူထားသည်ကို ကြည့်ခြင်းဖြင့် ကျမ်းမြတ်ကုရ်အာန်မှ မိန်းမများ၏ သန္ဓေဆောင်ခြင်းနှင့် မီးဖွားခြင်းကို အကြောင်းပြုလျှက် မိန်းမသားများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို မနှိမ့်ချဘဲ မြှင့်တင်ထားပေသည်။

အစ္စလာမ်မှ မိန်းမများ၏ သန္ဓေဆောင်ခြင်းနှင့်ပတ်သက်၍ ဂုဏ်သိက္ခာ မြှင့်တင်ထားခြင်းကို အသင့်အနေနှင့် ဤအခွင့်အရေးသည်ခေတ်မီသည်ဟု ယူဆမည်

လော၊ ခေတ်နောက်ကျနေပြီ စွပ်စွဲမည်လော။

## သက္ကဝါဟ်တရားသည်သာလျှင် . . .

အလ္လာဟ်အရှင်မြတ်(ﷻ)ထံတော်ပါးတွင်ကား 'သက္ကဝါဟ်' (အလ္လာဟ် အရှင်မြတ်(ﷻ)အား ချစ်ကြောက်ရိုသေ ခန့်ငြားလျှက် အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည့် အမိန့်တော်များကို လိုက်နာကျင့်မူ၍ တားမြစ်ထားသော လုပ်ရပ်များမှ ရှောင်ကြဉ်ခြင်း) သည်သာလျှင် အရေးကြီးဆုံးသော စံနှုန်းဖြစ်သည်။ အတွင်းဆောင်များကဏ္ဍ၊ ကျမ်းပိုဒ် (၁၃)တွင် . .

> "အို–လူခပ်သိမ်းတို့။ ကေန်မလွဲ ငါအရှင်မြတ်သည် အသင်တို့အား ယောကျ်ား တစ်ယောက်၊ မိန်းမ တစ်ယောက်မှ (စတင်)ဖန်ဆင်းတော်မူခဲ့၏။ ထို့ပြင် ငါအရှင်မြတ်သည် အသင်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး ခွဲခြားသိမြင်မှတ်မိကြအံ့ သော်ငှာ လူမျိုးစု အသီးသီး၊ မျိုးနွယ်အသွယ်သွယ် ပြုလုပ်တော်မူခဲ့၏။ ကေန်စင်စစ် အသင်တို့အနက်(အလ္လာဟ်အရှင်မြတ်အား)အကြောက်ရွံ့ဆုံး၊ အပြစ်များမှ အများဆုံး ကြဉ်ရှောင်သော သူသည်သာလျှင် အလ္လာဟ်အရှင်မြတ် အထံတော်၌ အမြင့်မြတ်ဆုံးသော သူဖြစ်၏။" (၄၉ း ၁၃)

**အစ္စလာမ်သာသနာ၏ စံနှုန်းတွင် လိင်အမျိုးအစား၊ အသားအရောင်၊ ဇာတ်အနိမ့်အမြင့်နှင့် ကြွယ်ဝချမ်းသာမှု အဆင့်အတန်းများသည် အရေးကြီးသော စံညွှန်းများ မဟုတ်ပါ။ အလ္လာဟ်အရှင်မြတ်(ﷻ) ရှေ့တော်မှောက်တွင် 'သက္ကဝါဟ်'သည်သာလျှင် လူသားတစ်ဦးအား ကောင်းကျိုး ဆိုးပြစ်ပေးခြင်းတွင် အဓိကစံနှုန်း ဖြစ်သည်။** ထိုလူသား၏ လိင်အမျိုးအစားသည်သော်လည်းကောင်း၊ အခြားစံနှုန်းများသည်လည်းကောင်း၊ အရေးမကြီးပါ။အင်မရားမ်မျိုးနွယ်ကဏ္ဍ၊ ကျမ်းပိုဒ် (၁၉၅)တွင် . . .

> "အကြောင်းသော်ကား ငါအသျှင်မြတ်သည် အသင်တို့အနက်မှ မည်သည့် ကောင်းမှုပြုသောသူ၏ ကောင်းမှုကိုမျှ အလဟဿ အချည်းနှီး ဖြစ်စေ တော်မူသည် မဟုတ်သောကြောင့်တည်း။ ထိုကောင်းမှုပြုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အသင်တို့ အညမည အချင်းချင်း တစ်ဦးသည်တစ်ဦး၏ အစိတ်အပိုင်း(ဖြစ်ပေရာ အမိန့်တော်လည်း တစ်မျိုးတစ်စားတည်းပင်) ဖြစ်ချေသည်။" (၃ း ၁၉၅)

တဖန် မဟာမိတ်များကဏ္ဍ၊ ကျမ်းပိုဒ် (၃၅)တွင်

"မုချကေန် 'မုစ်လင်မ်' ယောကျ်ားများသည် လည်းကောင်း၊ 'မုစ်လင်မ်' မိန်းမများသည်လည်းကောင်း၊ 'မုအ်မင်န်' ယောကျ်ားများသည်လည်းကောင်း၊ 'မုအ်မင်န်' မိန်းမများသည်လည်းကောင်း၊ အမိန့်တော်ကိုလိုက်နာညကြသည့်ယောကျ်ားများသည် လည်းကောင်း၊ အမိန့်တော်ကို လိုက်နာသည့် မိန်းမများသည်လည်းကောင်း၊ သစ္စာဝါဒီယောကျ်ား များသည်လည်းကောင်း၊ သစ္စာဝါဒီ မိန်းမများသည် လည်းကောင်း၊ သည်းခံကြကုန်သော ယောကျ်ားများသည်လည်းကောင်း၊ သည်းခံကြကုန် သော မိန်းမများသည်လည်းကောင်း၊နိဝါတတရားထားရှိကြသော ယောကျ်ားများသည်လည်းကောင်း၊ နိဝါတတရားထားရှိကြသော မိန်းမများ သည် လည်းကောင်း၊ အလှူဒါနပြုကြကုန်သော ယောကျ်ားများသည် လည်းကောင်း၊ အလှူဒါနပြုကြကုန်သော မိန်းမများသည်လည်းကောင်း၊ ဆွိယာမ် ဥပုသ်သီလ ဆောက်တည်ကြကုန်သော ယောကျ်ားများသည် လည်းကောင်း၊ ဆွိယာမ် ဥပုသ်သီလ ဆောက်တည်ကြကုန်သော မိန်းမများသည်လည်းကောင်း၊ မိမိတို့၏ အရှက် အင်္ဂါများကို စောင့်ထိန်းကြကုန်သော ယောကျ်ားများသည်လည်းကောင်း၊ မိမိတို့၏အရှက် အင်္ဂါများကို စောင့်ထိန်းကြကုန်သောမိန်းမများသည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်အား များစွာ အောက်မေ့တသ၊ သတိရကြကုန်သော ယောကျ်ားများသည် လည်း ကောင်း၊ အောက်မေ့တသ သတိရကြကုန်သော မိန်းမများသည် လည်း ကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့(အားလုံးတို့)အဖို့(အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသောအကျိုးကို အဆင်သင့် ပြုလုပ်စီမံ၍ ထားရှိပြီး ဖြစ်တော်မူပေ သတည်း။" (၃၃း၃၅)

အထက်ပါ အာယသ်တော်၏ ညွှန်းဆိုချက်အရ အစ္စလာမ်သာသနာတွင် ကျား၊မ နှစ်ဦးစလုံးအတွက် အီမာန် (ယုံကြည်မှုသဒ္ဓါတရား)ထားရှိရန် လိုအပ်သကဲ့သို့ ဆွလားသ် တည်ဆောက်ခြင်း၊ ဆွိယာမ် ဥပုသ်တည်ဆောက်ခြင်း၊ ဇကားသ် (ဆင်းရဲသားဒါနကြေး)ပေးခြင်း စသည်တာဝန်များကို ထမ်းဆောင်ရန် အတူတူပင် ဖြစ်သည်။

သို့သော် အစ္စလာမ်တွင် အမျိုးသမီးများအတွက် အချို့သော လိုက်လျောမှုများလည်း ရှိသည်။ ဥပမာ- အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ဆောင်နေသော အချိန်ကာလ (သို့) မီးယပ်သွေးပေါ်နေသော ကာလတွင် ၊သူမသည် ဆွိယာမ်ဥပုသ် စောင့်ထိန်းရန် မလိုပါ။ နောင်သူမ ပို၍ ကျန်းမာလာသောအချိန်တွင် အစားထိုး၍

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ဥပုသ်သီလ စောင့်ထိန်းနိုင်ပေသည်။ထို့ပြင် မီးယပ်သွေးပေါ်နေစဉ်ကာလနှင့် ကလေးမီးဖွားပြီးစ ကာလများတွင် သူမအနေနှင့် ဆွလားတ်တည်ဆောက်ရန်လည်း မလိုအပ်ပါ။ သူမအား သူမ၏ ကျန်းမာရေး အခြေအနေအရ အလျှော့ပေးထားပြီး၊ နောင်တွင်လည်း အစားဖြည့်ပေးရန် မလိုပေ။

ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တာဝန်များမှာ ယောကျ်ားနှင့် မိန်းမသည် အတူတူပင်ဖြစ်ရာ ဤကဲ့သို့သော အစ္စလာမ်၏ အခွင့်အရေးသည် ခေတ်မီပါသလော။ ခေတ်နောက်ကျနေပါပြီလော။

## အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ အခွင့်အရေး

ယခုတစ်ဖန် ကျွန်ုပ်တို့သည် အစ္စလာမ်မှပေးထားသော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆန်းစစ်ကြည့်ကြပါစို့။

အစ္စလာမ်တွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပေးခဲ့ပါသည်။ အထူးသဖြင့် အနောက်တိုင်းထက်အလျှင် နှစ်ပေါင်း (၁၃၀၀) ကျော်ကတည်းက အခွင့်အရေးပေးထားပြီး ဖြစ်သည်။

အရွယ်ရောက် မွတ်စလင်မ်အမျိုးသမီးတစ်ဦးအနေနှင့် သူမသည် အပျိုဖြစ်စေ၊ အိမ်ထောင်ကျပြီးဖြစ်စေ၊ သူမသည် သူမပိုင် ဥစ္စာပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်နှင့်မျှမတိုင်ပင်ဘဲ မိမိကြိုက်သလို စီစဉ်နိုင်သည်၊ (သို့မဟုတ်) စွန့်လွှတ်နိုင်သည်။

အနောက်တိုင်းတွင် လက်ထပ်ထားသည့် အမျိုးသမီးအား သူမပိုင်ဆိုင်သင့်သည့် ဥစ္စာပစ္စည်းများကို ပိုင်ဆိုင်ခွင့်ပေးရမည်လော။ ဥစ္စာပစ္စည်းများကို မည်သူနှင့်မျှမတိုင်ပင်ဘဲ စွန့်လွှတ်ခွင့်ပြုရမည်လောဟူသောအချက်ကို (၁၈၇၀)ခုနှစ်တွင် ပထမဦးဆုံးအနေနှင့် အင်္ဂလန်နိုင်ငံတွင် အသိအမှတ်စပြုခဲ့သည်။

အမျိုးသမီးများအား လွန်ခဲ့သော နှစ်ပေါင်း(၁၃၀၀) ကတည်းက အခွင့်အရေးပေးထားသည့်အချက်ကို ကျွန်ုပ်လုံးဝ သဘောတူပါသည်။ ဤသည်မှာ ရှေးဟောင်းအခွင့်အရေးများဖြစ်သည်။ ကျွန်ုပ်မှ မေးလိုသည့်အချက်မှာ ဤအခွင့်အရေးမှာ ခေတ်မီပါသေးလား။ ခေတ်နောက်ကျနေပါပြီလား။

အစ္စလာမ်တွင် အမျိုးသမီးတစ်ဦးသည် အလုပ်လုပ်လိုသော ဆန္ဒရှိပါက လုပ်နိုင်ပါသည်။ ကျမ်းမြတ်ကုရ်အာန်တွင် လည်းကောင်း၊ ခိုင်လုံသော မည်သည့်

ဩဝါဒတော်တွင် လည်းကောင်း၊ အမျိုးသမီးအား အလုပ်လုပ်ခြင်းမှ တားမြစ်ခြင်း၊ ဟန့်တားခြင်း မရှိပါ။ ထိုသို့ မဟန့်တားမှုသည် ၎င်း၏ လုပ်ရပ်သည် တရားမဝင် စီးပွားရေးလုပ်ငန်း မလုပ်သရွေ့ ၎င်းသည် အစ္စလာမ့်တရားဥပဒေကို မဖောက်ဖျက်သရွေ့ ထိုသို့ အလုပ် လုပ်ခြင်းကို ဟန့်တားမည် မဟုတ်ပါ။

သို့သော် သူမတို့အနေနှင့် သူမတို့၏ အလှအပနှင့် ကိုယ်ခန္ဓာကို ပြသပြီး၊ စီးပွားရှာရသော အလုပ်မျိုး၊ ဥပမာ- ရုပ်ရှင်သရုပ်ဆောင်များအဖြစ်၊ မော်ဒယ်လုပ်ငန်း လုပ်ခြင်းမျိုးကို ခွင့်မပြုသည်မှာ သဘာဝကျသည်။ အမျိုးသမီးများ မလုပ်ရဟု တားမြစ်ထားသော သက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် အလုပ်အကိုင်များသည် အမျိုးသားများအတွက် လုပ်ရန် မသင့်လျော်ပေ။ ဥပမာ-အရက်နှင့် အဖျော်ယမကာ လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခြင်း။

ဥပမာ- လောင်းကစားဝိုင်းများတွင် လောင်းကစားမှုအမျိုးမျိုး၊ ကျင့်ဝတ် သီလနှင့် မကိုက်ညီသော၊ မရိုးသားသောလုပ်ငန်းများအားလုံးသည် ယောကျ်ားနှင့် မိန်းမ နှစ်မျိုးစလုံးအတွက် တားမြစ်ထားသည်။ စစ်မှန်သော အစ္စလာမ့်လူ့အဖွဲ့အစည်း သည် မိန်းမ(အမျိုးသမီး)များအား ဆရာဝန်ကဲ့သို့သော သက်မွေးဝမ်းကြောင်းမှု လုပ်ငန်းမျိုးလုပ်ရန် တောင်းဆိုပေသည်။ အလားတူ သားဖွားမီးယပ် အထူးကုများ၊ အမျိုးသမီးသူနာပြု၊ အမျိုးသမီး ဆရာမများ စသည်ဖြင့် လုပ်ငန်းများလိုအပ်သည်။

အစ္စလာမ်တွင် မိသားစုအတွက် ငွေရေးကြေးရေး တာဝန်သည် အမျိုးသမီး၌ မရှိ၊ အမျိုးသားများ၏ ပခုံးပေါ်တွင်သာ တာဝန်ရှိသည်။ သူမတို့အနေနှင့် သူမ၏ စားဝတ်နေရေးအတွက် အလုပ်လုပ်ရန် မလို။

လက်တွေ့ အနေအထားအရ အချို့သော အခြေအနေများတွင် နှစ်ဦးစလုံးမှ မိသားစု လိုအပ်ချက်ကို မပြည့်မီနိုင်သောအခါ အမျိုးသမီးအလုပ်လုပ်ရန် တာဝန်ရှိ လာပေသည်။

ဤနေရာတွင်လည်း သူမအား အလုပ်လုပ်ရန် မည်သူကမျှ တွန်းအားမပေးရ။ သူမ၏ လွတ်လပ်သော ဆန္ဒအရသာ လုပ်စေရမည်။

အထက်တွင် ဖော်ပြထားသော သက်မွေးဝမ်းကြောင်းအလုပ်များအပြင် အမျိုးသမီးများအနေနှင့် အိမ်တွင်နေထိုင်ပြီး လုပ်ကိုင်နိုင်သော အလုပ်များ ၊အပ်ချုပ် အတတ်ပညာ၊ စက်ချုပ်ခြင်း၊ အဝတ်နှင့် အလှအပ ဒီဇိုင်နာလုပ်ခြင်း၊ အိုးဖုတ်ခြင်း၊ အိမ်သုံးပစ္စည်းများ၊ (ခြင်း၊ပလုံး) စသည်တို့ ယက်လုပ်ခြင်းတို့ ပြုလုပ်နိုင်သည်။ ထို့အပြင်

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

သူမတို့အနေနှင့် စက်ရုံများနှင့် အိမ်တွင်းစက်မှု လုပ်ငန်းများကဲ့သို့ အမျိုးသမီးများ လုပ်နိုင်ရန် သင့်လျော်သော အသေးစားအလုပ်များ လုပ်နိုင်သည်။

အစ္စလာမ်မှ ယောကျ်ားနှင့်မိန်းမ အတူတကွ ရောနှောနေထိုင်ခြင်းကို ခွင့်မပြုသောကြောင့် ယောကျ်ားနှင့် မိန်းမသီးသန့်ခွဲ၍ လုပ်နိုင်သောအလုပ်မျိုးကို လုပ်နိုင်သည်။ လုပ်ပိုင်ခွင့်ရှိသည်။ သူမတို့အနေနှင့် သူမ၏အမျိုး မဟုတ်သော၊တစ်နည်းဆိုသော် လက်ထပ်ပိုင်ခွင့်ရှိသော ယောကျ်ားများနှင့်အတူ ရောနှောလုပ်ပိုင်ခွင့် မရှိ။ သို့သော် သူမ၏ဖခင်၊ အစ်ကို၊ သူမ၏ ခင်ပွန်းတို့နှင့် ရောနှော လုပ်နိုင်ခွင့်ရှိသည်။ ဤကိစ္စအတွက် အကောင်းဆုံးဥပမာမှာ ကျွန်ုပ်တို့၏ မဟာတမန်တော်မြတ်(ﷺ)၏ ဇနီးခတီဂျာ သခင်မကြီး (ﷺ) ပင်ဖြစ်သည်။

သခင်မကြီးသည် သူမခေတ် သူမအခါတွင် အအောင်မြင်ဆုံးသော လုပ်ငန်းရှင် အမျိုးသမီးများတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ သူမသည် သူမ၏ကြင်ယာတော် (ခင်ပွန်း) မြတ်တမန်တော်(ﷺ)မှ တစ်ဆင့်အရောင်းအဝယ် လုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ဆောင်ခဲ့သည်။

အမျိုးသားနှင့်ယှဉ်လျှင် အမျိုးသမီးများတွင် ငွေရေးကြေးရေး လုံခြုံမှုပိုရှိသည်။ ကျွန်ုပ်ရှေ့ပိုင်းတွင် ဆွေးနွေးသွားခဲ့သည့်အတိုင်း၊ မိသားစုတစ်ခုအတွင်း၌ ငွေရေးကြေးရေး တာဝန်သည် အမျိုးသမီး၏ပုခုံးပေါ်တွင် မရှိဘဲ အမျိုးသား၏ပခုံးပေါ်တွင်သာ လုံးဝရှိပေသည်။

မိန်းမတစ်ဦးသည် သူမလက်မထပ်မီ အပျိုစင်ဘဝတွင် သူမ၏ စားဝတ်နေရေးအတွက် ဖခင်ဖြစ်သူနှင့် အစ်ကို၊မောင်များတွင် တာဝန်ရှိသလို သူမလက်ထပ်ပြီးသောအခါတွင် သူမ၏ခင်ပွန်းနှင့် သားတို့က သူမ၏ငွေရေးကြေးရေး တာဝန်အဝဝကို ယူရန်လိုပေသည်။သူမ အိမ်ထောင်ရက်သားကျသောအခါ လက်ခံရရှိသောဝင်ငွေ အပေါ်၌သာ မှီခိုရပေသည်။ သူမအနေနှင့် လက်ဆောင်အဖြစ် လက်ခံရရှိနိုင်သည်။ ဥပမာ-သူမအနေနှင့် လက်ထပ်သောအခါ 'မဟာရ်' ခေါ် 'မင်္ဂလာခန်းဝင်လက်ဆောင်' အား လက်ခံခွင့်ရှိသည်။

ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးများကဏ္ဍ၊ ကျမ်းပိုဒ် (၄)တွင်-

**"ထို့ပြင်တဝ အသင်တို့သည် (မိမိတို့၏) ဇနီး မိန်းမတို့အား ၄င်းတို့၏'မဟာရ်' ကို ကြည်ဖြူစွာ ပေးကြကုန်လော့။" (၄း၄)**

အစ္စလာမ့်တရားတော်နှင့်အညီ ပြုလုပ်သည့် လက်ထပ်ထိမ်းမြားသော မင်္ဂလာပွဲအတွက် 'မဟာရ်' ပေးခြင်းသည် ဝါဂျစ်ဗ် မပြုမနေရတာဝန်တစ်ရပ် ဖြစ်ပေသည်။

မွတ်စလင်မ်လူ့အဖွဲ့အစည်းတွင် ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြထားသော မဟာရ် (မင်္ဂလာခန်းဝင်ကြေး)အတွက် အချို့သူများက ၁၅၁ ရူပီ ၊ ၇၈၆ ရူပီသာပေးပြီး၊ မင်္ဂလာ ဧည့်ခံပွဲအတွက် သိန်းပေါင်းများစွာသော ရူပီများသုံးစွဲကြသည်ကိုတွေ့ရ၏။ ဥပမာ-ဧည့်ခံပွဲအတွက် အခင်းအကျင်း ၊ ပန်းပွင့်များအလှဆင်ခြင်း၊ နေ့လည်စာ နှင့် ညစာစားပွဲများအတွက် ရူပီသိန်းပေါင်းများစွာ အကုန်အကျခံထားပေသည်။

အစ္စလာမ်တွင် မဟာရ်အတွက် အနည်းဆုံး(သို့) အမြင့်ဆုံး၊အများဆုံး မည်မျှဖြစ်ရမည်ဟု ကန့်သတ်ထားခြင်း မရှိပေ။ လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် မင်္ဂလာဧည့်ခံပွဲအတွက် မြောက်များစွာသော ရူပီများသုံးစွဲလျှင် မဟာရ်ကြေးသည်လည်း ဧည့်ခံပွဲတွင်သုံးသကဲ့သို့ ပို၍များများ ဖြစ်သင့်သည်။

အစ္စလာမ့်ယဉ်ကျေးမှုအတွင်းသို့ မသိမသာ ဝပ်တွား ဝင်ရောက်လာသော ယဉ်ကျေးမှုများ ရှိပေသည်။ အထူးသဖြင့် အိန္ဒိယတိုက်ငယ်နှင့် အနီးတစ်ဝိုက် ဧရိယာများတွင်ဖြစ်သည်။

အိန္ဒိယတိုက်ငယ်တွင် သတို့သားမှ သတို့သမီးအတွက် 'ဒေါင်ရီ' အနည်းငယ်သာ ပေးသော်လည်း၊ သတို့သမီးမှ ရေခဲသေတ္တာတစ်လုံး၊ တယ်လီဗွီးရှင်း တစ်လုံး၊ အိမ်ခန်းတစ်ခန်း ၊ ကားတစ်စီးစသည်ဖြင့် အလိုရှိတတ်ကြသည်။ သတို့သား၏ ငွေကြေးပြေလည်မှု အဆင့်ပေါ် မူတည်၍ 'ဒေါင်ရီ' များစွာ တင်သင့်ပါသည်။

အကယ်၍ သတို့သားဖြစ်သူသည် ဘွဲ့ရတစ်ဦး ဖြစ်ပါ က သတို့သမီးဖက်မှ တစ်သိန်းခန့် မျှော်လင့်နိုင်သလို ၊ အင်ဂျင်နီယာတစ်ဦးဖြစ်ပါက သုံးသိန်းခန့် မျှော်လင့်နိုင်သည်။ ဒေါက်တာတစ်ဦး ဖြစ်ပါက ငါးသိန်းခန့် မျှော်လင့်နိုင်ခွင့် ရှိသည်။

ဒေါင်ရီ' တောင်းဆိုခြင်းနှင့်ပတ်သက်၍ ယောကျ်ားတစ်ဦးသည် မိန်းမတစ်ဦးထံမှ (သတို့သားသည် သတို့သမီးထံမှ) သွယ်ဝိုက်သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း ဒေါင်ရီတောင်းဆိုခြင်းကို အစ္စလာမ်မှ တားမြစ်သည်။

သမီးပျို၏ မိဘများမှ ၎င်းတို့၏ လွတ်လပ်သောဆန္ဒအရ တစ်စုံတစ်ရာ ပစ္စည်းဥစ္စာများ ပေးကမ်းပါက လက်ခံ နိုင်ခွင့်ရှိသော်လည်း သမီးပျို၏ မိဘများထံမှ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ပစ္စည်း တစ်စုံတစ်ရာ

တောင်းဆိုခွင့် မရှိပါ။

အမျိုးသမီးတစ်ဦး အလုပ်လုပ်ပါက (မလုပ်မဖြစ် လုပ်စရာမလိုသော်လည်း) ဝင်ငွေပမာဏ မည်မျှပင် ရစေကာမူ ထိုငွေသည် သူမပိုင်သော ငွေကြေးသာဖြစ်သည်။ သူမအနေနှင့် အိမ်စရိတ်အတွက် တစ်ပြားတစ်ချပ်မှ သုံးစွဲရန် မလိုချေ။ သို့သော် သူမဘက်မှ ဆန္ဒရှိပါက သုံးစွဲလိုပါက သုံးစွဲနိုင်သည်။

ဇနီးဖြစ်သူသည် မည်မျှ ငွေကြေးချမ်းသာသူဖြစ်စေကာမူ သူမအတွက် စားရေးသောက်ရေး၊ နေရေးထိုင်ရေး နှင့် ဝတ်စားဆင်ယင်ရေးအတွက် ငွေကြေး ကုန်ကျစရာ ကဏ္ဍအားလုံးကို ခင်ပွန်းဖြစ်သူမှ တာဝန်ယူရပါမည်။

အကယ်၍ ဇနီးနှင့်ခင်ပွန်း တစ်ဦးနှင့်တစ်ဦး ကွာရှင်းပြတ်စဲရာတွင် လည်းကောင်း၊ မုဆိုးမ ဖြစ်သွားလျှင်လည်းကောင်း၊ အစ်ဒဒ်ကာလအတွင်း သူမအတွက် ငွေကြေးတာဝန်ယူရမည်ဖြစ်သလို ၊ကလေးရှိပါက ကလေးအတွက်လည်း စားရိတ်ကျခံရမည် ဖြစ်သည်။

## အမျိုးသမီးများ အမွေဆက်ခံပိုင်ခွင့်

အစ္စလာမ်မှ အမျိုးသမီးများအတွက် အမွေဆက်ခံပိုင်ခွင့်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာ (ရာစုနှစ်များစွာ) ကတည်းက အခွင့်ပေးပြီး ဖြစ်သည်။

အသင်သည် ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရှုလေ့လာကြည့်ပါက အမျိုးသမီး ကဏ္ဍ၊ ဂါဝီကဏ္ဍ၊ ခဲဖွယ်ဘောဇဉ်ကဏ္ဍတို့၏ များစွာသောကျမ်းပိုဒ်များတွင် အမျိုးသမီး များအား ဇနီးမယား(သို့) မိခင် (သို့) ညီမ/အစ်မ(သို့) သမီးများအနေနှင့် အမွေဆက်ခံ ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ အမျိုးသမီးများ အမွေဆက်ခံပိုင်ခွင့်ကို အလ္လာဟ် အရှင်မြတ်မှ စနစ်တကျ သတ်မှတ်ပေးထားပြီး ဖြစ်သည်။

ကျွန်ုပ်သိထားသည်မှာ အမျိုးသမီးအမွေဆက်ခံခွင့်နှင့် ပတ်သက်၍ တရားမျှတမှု မရှိကြောင်း၊ မေးထားသော မေးခွန်းများလည်း ရှိပေသည်။ အလ္လာဟ် အရှင်မြတ်(﷾)အလိုတော်ရှိပါက ဤပြဿနာနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေး ရန် ကြိုးစားပါမည်။

## အမျိုးသမီးများ၏ လူမှုရေးဆိုင်ရာ အခွင့်အရေး

ယခုဆက်လက်၍ အမျိုးသမီးများ၏ လူမှုရေးဆိုင်ရာ အခွင့်အရေးများကို

ဆွေးနွေးသွားပါမည်။ ဤကဏ္ဍနှင့် ပတ်သက်၍ သမီးနှင့်ဆိုင်သော အခွင့်အရေး၊ ဇနီးနှင့်ဆိုင်သောအခွင့်အရေး၊ မိခင်နှင့်ဆိုင်သောအခွင့်အရေးနှင့် အစ်မ/ညီမနှင့် ဆိုင်သော အခွင့်အရေးဟူ၍ ကဏ္ဍများ ခွဲခြားတင်ပြသွားပါမည်။

### သမီးနှင့်ဆိုင်သော လူမှုရေးဆိုင်ရာ အခွင့်အရေးများ

သမီးနှင့်ဆိုင်သော လူမှုရေးဆိုင်ရာ အခွင့်အရေးများကဏ္ဍနှင့် ပတ်သက်၍ အထူး တင်ပြလိုသည့်အချက်မှာ မိန်းကလေးပဋိသန္ဓေ ဖျက်ဆီးခြင်းဖြစ်သည်။ သမီးမိန်းကလေး သန္ဓေသားဖျက်ချခြင်းကို အစ္စလာမ်မှ တားမြစ်ထားသည်။

ကျမ်းမြတ်ကုရ်အာန်၊ ခွေလိပ်ထားခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၈-၉)တွင်

"၎င်းပြင် အရှင်လတ်လတ် မြှုပ်နှံခြင်းကို ခံခဲ့ရသော သမီး မိန်းကလေးသည် မေးမြန်းခြင်းကိုခံရသောအခါ၊ ၎င်းပြင် မည်သည့်အပြစ်ကြောင့်သတ်ဖြတ်ခြင်းကိုခံခဲ့ရသနည်း(ဟု)၊' (၈၁ း ၈–၉)

**(မှတ်ချက်။ ။ ပဋိသန္ဓေဖျက်စီးခြင်းကို ယောကျ်ားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လုံးဝခွင့်မပြုပါ။)**

ကျမ်းမြတ်ကုရ်အာန်၊ ကြင့်နဲ့များကဏ္ဍ၊ ကျမ်းပိုဒ် (၁၅၁) တွင်

"၎င်းပြင် (အသင်တို့သည်) မိမိတို့၏ သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။ငါအသျှင်မြတ်သည် အသင်တို့ကိုလည်းကောင်း၊ ထိုသူများကိုလည်းကောင်း၊ စားနပ်ရိက္ခာ ပေးတော်မူသည်။' (၆း ၁၅၁)

အလားတူ ညဥ့်ခရီးကဏ္ဍ၊ ကျမ်းပိုဒ် (၃၁)တွင်

"၎င်းပြင် အသင်တို့သည် စီးပွားရေးကျပ်တည်းမှုကို စိုးရိမ်သောကြောင့် မိမိတို့၏သားသမီးများအား မသတ်ဖြတ်ကြကုန်လင့်။(စင်စစ်)ငါအရှင်မြတ်သည်ပင်လျှင် ယင်းတို့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူပေသည်။ ကေန်မလွဲ ၎င်းတို့အား သတ် ဖြတ် ခြင်းကား အလွန်ကြီးလေးသော ပြစ်မှုပင် ဖြစ်ချေသတည်း။" (၁၇း ၃၁)

အစ္စလာမ်ပြန်လည်မထွန်းကားမီ အာရေဗျဒေသတွင် မိန်းကလေးတစ်ဦး မွေးဖွားလာပါက အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်ခြင်းကို (ထိုလူမမယ် မွေးကင်းစကလေးသည်) ခံရလေသည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ်ဟုအရှင်မြတ် (ﷻ)အတွက်သာလျှင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်(ﷻ) အလိုတော်နှင့် အစ္စလာမ့်ပေါ်ထွန်း ပျံ့နှံ့ပြီးနောက် ဤကဲ့သို့ ဆိုးဝါးသောအကျင့်များ ဆက်လက်ကျင့်သုံးခြင်း မရှိတော့ပါ။

ကံမကောင်းထောက်မစွာနှင့် အထက်ပါ အကျင့်ဆိုး ကြီးကို အိန္ဒိယနိုင်ငံတွင် ဆက်လက်ကျင့်သုံးလျှက် ရှိနေပါသည်။ BBC မှ အစီရင်ခံစာတစ်ရပ်တွင် "Let Her Die" 'သူမကို သေစေတော့မှာလား' ဟူသော ခေါင်းစဉ်အောက်၌ အိမလီ ဘက်(ခ်)နင်(န်) (Emily Becknen) ဟူသော ဗြိတိသျှသတင်းထောက်၏ တင်ပြမှုအရ မိန်းကလေးသန္ဓေသား ဖျက်ချမှုစာရင်း အတိအကျအတွက် နည်းလမ်းမျိုးစုံကို စုဆောင်းရရှိစေခဲ့သည်။

ဤအစီအစဉ်မှာ Star - TV တွင် လွန်ခဲ့သော တစ်နှစ်က လွှင့်ထုတ်တင်ပြ ခဲ့သော အစီအစဉ်ဖြစ်ပြီး ယခုအခါ လစဉ်ပြန်လည် လွှင့်ထုတ်နေသော အစီအစဉ်တစ်ခုဖြစ်ပါ သည်။ လွန်ခဲ့သော ရက်အနည်းငယ်ကပင် ပြန်လည်လွှင့်ထုတ် တင်ပြခဲ့ပါသည်။ ထိုအစီအစဉ်တွင် နေ့စဉ်(၃၀၀၀)ကျော်သော သန္ဓေသားများသည် ဖျက်ဆီးခံနေရပါသည်။ အကြောင်းအရင်းမှာ ၎င်းတို့သည် မိန်းကလေး သန္ဓေသားလောင်းများ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ထိုကိန်းဂဏန်းကို (၃၆၅)ရက်နှင့် မြှောက်ပါက (၁)နှစ်အတွက် မိန်းကလေးပေါင်း သန်းချီ၍ အသတ်ခံနေရသည်ကို တွေ့ရပေမည်။

တမီးလ်နာဒူးနှင့် ရာဂျတ်စ်သန်(န်) ကဲ့သို့သော ပြည်နယ်ကြီးများတွင် ဆိုင်းဘုတ်ကြီးများနှင့် ကြော်ငြာထားသည်မှာ ရူပီ(၅၀၀)သုံးပြီး၊ ရူပီ(၅)သိန်းကို ထိန်းသိမ်းထားပါ။ ဤသည်မှာ ဘယ်အရာကို ရည်ညွှန်းပါသနည်း။ ဆိုလိုချက်မှာ ရူပီ(၅၀၀)အကုန်ခံပြီး၊ Ultra Sonography ရိုက်ခြင်းဖြင့် သန္ဓေသားတွင်ပါဝင်သော အမိုင်နိုပါဝင်နှုန်းကို စစ်ဆေးပြီး၊ ယောက်ျားလေး၊ မိန်းကလေး သန္ဓေသားလားဟု စစ်ဆေးခြင်း ဖြစ်သည်။ မိန်းကလေး သန္ဓေသားဆိုလျှင် ကိုယ်ဝန်ဆောင် မိခင်မှ ကိုယ်ဝန်ဖျက်ချနိုင်ပြီး ဤနေရာတွင် ရူပီး (၅)သိန်းကို မည်သို့ကာကွယ်ပါသနည်း။ ထိုကလေးမကလေးကို မွေးဖွားပြီး၊ ကျွေးမွေးပြုစု ထိန်းသိမ်းစောင့်ရှောက်ပြီး၊ အိမ်ထောင်ချ ပေးပါက ဒေါင်ရီခငွေအတွက်ပါ ကုန်ကျမည်ဖြစ်၍ သိန်းပေါင်းများစွာကိုချွေတာ ထိန်းသိမ်းရာရောက်ကြောင်းဆိုလိုသည်။

မိန်းကလေးသန္ဓေသား ဖျက်ချမှုမှာ အိန္ဒိယနိုင်ငံတွင်၊ ရာစုနှစ်ပေါင်းများစွာ ဆက်တိုက်ဖြစ်ပေါ်ခဲ့သောပြဿနာ တစ်ခုဖြစ်သည်ကို တွေ့နိုင်သည်။ (၁၉၀၁)စာရင်းအရ ယောကျ်ားလေးနှင့် မိန်းကလေးအချိုးမှာ (၁၀၀၀ း၉၇၂) မှ (၁၉၈၁) တွင် (၁၀၀၀ း၉၃၄) , (၁၉၉၁) တွင် (၁၀၀၀ း၉၂၇) ဖြစ်ရာ မိန်းကလေးအချိုးအစားမှာ (၁၀)စုနှစ်အလိုက် ကျဆင်းနေသည်ကိုတွေ့နိုင်သည်။ ဆေးပညာနှင့် သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ ဤဆိုးဝါးသော အလေ့အကျင့်ကြီးကို ပျောက်သွားရန် ကူညီနိုင်မည်ဟု ယူဆရသည်။

အစ္စလာမ်မှ သင်၏ကလေးသည် ယောကျ်ားကလေး ဖြစ်စေ၊ မိန်းကလေး ဖြစ်စေ၊ သင် မသတ်သင့်ကြောင်းညွှန်ကြားထားသည်။ ဤအခွင့်အရေးသည် ခေတ်နောက်ကျနေသည်လော ၊ခေတ်မီလှသည့် အခွင့်အရေးဖြစ်ပါ၏လော။

သင်သည် ကျမ်းမြတ်ကုရ်အာန် ပျားပိတုန်းကောင်ကဏ္ဍ၊ ကျမ်းပိုဒ် (၅၈-၅၉)ကိုဖတ်လျှင်

"စင်စစ်သော်ကား ၎င်းတို့အနက် တစ်စုံတစ်ယောက်သည် သမီး မိန်းကလေးနှင့် ပတ်သက်၍ သတင်းကောင်းပေးခြင်းကို ခံရလေသောအခါ ၎င်း၏မျက်နှာသည် (ရုတ်တရက်ချက်ချင်း) ညိုမည်း၍ သွားလေတော့၏။ ထိုမှတပါး ၎င်းသည် ကြိတ်၍ ပူဆွေးလျှက်ရှိပေသည်။" (၁၆း၅၈)

"၎င်းသည် မိမိကို မကောင်းသတင်းပေးခြင်းကို ခံရသောကြောင့် လူများထံမှ မမြင်နိုင်ကြလေအောင် ပုန်းကွယ်လေသည်။ (ထို့ပြင်) ယင်းသည် ထို မိန်းကလေးကို ယုတ်ညံ့သောအခြေအနေနှင့် ထိန်းသိမ်း ၍ထားရပါမည်လော။ သို့တည်းမဟုတ် ၎င်းအား မြေကြီးထဲ၌ မြှုပ်ရပါမည်လောဟု (သို့လော၊ သို့လော ဖြစ်၍နေပေသည်)။ သတိပြုကြလေကုန်။ ၎င်းတို့၏ ဆုံးဖြတ်ချက်သည် အလွန်ယုတ်ညံ့လှပေသတည်း။" (၁၆း၅၉)

ကျမ်းမြတ်ကုရ်အာန်မှ မိန်းကလေးသန္ဓေသား ဖျက်ချ ခြင်းကို တားမြစ်သကဲ့သို့ ယောကျ်ားကလေး မွေးဖွားလာ သောအခါ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မှုနှင့် မိန်းကလေးမွေးလာသောအခါ ဝမ်းနည်းပူဆွေးမှုမျိုးကိုလည်း တားမြစ်ထားသည်။

အစ္စလာမ့်အလိုအရ သမီးမိန်းကလေးတစ်ယောက်ကို မှန်မှန်ကန်ကန် မွေးဖွားသင့်သည်။

### အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

တမန်တော်မြတ်ကြီး(ﷺ)မှ မိန့်တော်မူသည်မှာ

"သမီးမိန်းကလေးနှစ်ဦးကို ကျွေးမွေးစောင့်ရှောက်ပါက ကေယာမသ် နောက်ဆုံးတရား စီရင်မည့်နေ့တွင် ကျွန်ုပ်နှင့်အတူရှိပေလိမ့်မည်။ ဆိုလိုသည်မှာ ထိုသူသည် ကေယာမသ် နေ့၌ ကျွန်ုပ်နှင့် နီးကပ်စွာ ရှင်ပြန်ထမြောက်ရမည်။" (မုစ်နဒ်အဟ်မဒ်ကျမ်း)

အခြားဟဒီးစ်တော်တစ်ပုဒ်တွင်

"မည်သူမဆို မိမိ၏ သမီးမိန်းကလေးနှစ်ယောက်အား ချစ်ခင်၊ယုယ၊ကြင်နာ စွာဖြင့် လူလားမြောက်အရွယ်ရောက်သည့်တိုင်အောင်ကျွေးမွေး စောင့်ရှောက်ပြုစုခဲ့မည်ဆိုပါက ထို(မိဘနှစ်ပါး စလုံးသည်)ဂျန္နသ်သုခဘုံသို့ဝင်ရောက်စံမြန်းရပေမည်။"

အစ္စလာမ်တွင် ယောကျာ်းလေးကိုဖြစ်စေ၊ မိန်းကလေးကို ဖြစ်စေ၊ တူညီစွာ တန်ဘိုးထား၍ ကျွေးမွေးပြုစု ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး၊ ဘက်လိုက်၍ ဦးစားပေး စနစ်မျိုး လုံးဝလက်မခံပါ။

ကျွန်ုပ်တို့၏ ချစ်လှစွာသော မဟာတမန်တော်မြတ်ကြီး(ﷺ)၏ ဟဒီးဆ် ဩဝါဒတော်တစ်ရပ်တွင် အောက်ပါ အတိုင်း မိန့်ဆိုခဲ့သည်ကို တွေ့နိုင်သည်။

"တစ်ခါက တမန်တော်(ﷺ)၏ရှေ့မှောက်ဝယ် လူတစ်ဦးသည် သူ၏သားကို နမ်းလိုက်ပြီး ပေါင်ပေါ်တွင် တင်၍ ချီထားလိုက်သည်။ သူသည်အလားတူ အပြုအမူ ကို မိမိသမီးငယ်အတွက် မလုပ်ခဲ့။ ထိုအခါ တမန်တော်မြတ်(ﷺ)မှ "သင်သည် ထိုသို့ပြုလုပ်ရန် မသင့်လျော်ပါ။ သင်၏ သမီးကိုလည်း သားကဲ့သို့ ဂရုစိုက်၍ အကြင်နာ ပေးသည့်အနေနှင့် သူမကိုလည်းနမ်းပြီး အခြားပေါင် တစ်ဖက်ပေါ်တွင်တင်ထားပါ' ဟု ပြောခဲ့သည်။

တမန်တော်မြတ်မုဟမ္မဒ်(ﷺ)သည် တရားမျှတမှုအကြောင်းကို ပြောယုံပြော သည်သာ မဟုတ်၊ လက်တွေ့ ကျင့်သုံးသူလည်းဖြစ်သည်။

### ဇနီးသည်တစ်ဦး၏ အခွင့်အရေးများ

ယခုတစ်ဖန် ကျွန်ုပ်တို့အနေနှင့် ဇနီးသည်တစ်ဦး၏ အခွင့်အရေးများကို ဆန်းစစ်ကြည့်ကြပါဦးစို့။

ရှေးလွန်လေပြီးသော အားလုံးသော ယဉ်ကျေးမှုစနစ်ကြီးများတွင် အမျိုးသမီး

အားမကောင်းမှုဒုစရိုက်၏ လက်ကိုင် ကိရိယာအဖြစ် ယူဆခဲ့ကြသည်။

သို့သော် ကျမ်းမြတ်ကုရ်အာန်တွင် အမျိုးသမီးများကို( محصنة )'မုဟ်စိနဟ်'ဟု သုံးထားပြီး၊ မကောင်းမှုဒုစရိုက်များကို ဆန့်ကျင်သည့် ခိုင်မာသောခံတပ်သဖွယ်ဟု အဓိပ္ပါယ်ရသည်။

အကယ်၍ ကောင်းသော အမျိုးသမီးတစ်ယောက် (အမျိုးကောင်းသမီး တစ်ယောက်) သည် အမျိုးသားတစ်ဦးအား လက်ထပ်ပြီး၊ ယင်းအမျိုးသားအား မကောင်းသောလုပ်ရပ်နှင့် လမ်းစဉ်မှ လွဲချော်ကင်းဝေးအောင် ဟန့်တား၍ သူ့အား 'ဖြောင့်မတ် မှန်ကန်သော တရားလမ်းကြောင်းကို ရောက်အောင် ပို့ဆောင်ထိန်းသိမ်း နိုင်ပေမည်။

တမန်တော်မြတ်ကြီး(ﷺ)၏ဟဒီးဆ်သြဝါဒတော်တစ်ရပ်တွင် လာရှိသည်မှာ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူခဲ့သည်မှာ **"အစ္စလာမ်တွင် ဘုန်းကြီး၊ မယ်သီလရှင်ဝါဒ"** မရှိပါ။

တမန်တော်မြတ်(ﷺ)မှ မိန့်တော်မူသည်မှာ-

"အို-လူငယ်လူရွယ်အပေါင်းတို့၊ လက်ထပ်ထိမ်းမြားနိုင်သော လူငယ်လူရွယ် များအားလုံးသည် မိမိတို့တွင် အခြေအနေပေးပါက (လက်ထပ်ရန် စီးပွားရေး အခြေအနေ ကောင်းမွန်ပါက)လက်ထပ်ရန် တိုက်တွန်းသည်။ အဘယ့် ကြောင့်ဆိုသော် နိကာဟ်ပြုလုပ်ခြင်း ဖြင့် ထိုသူတို့ သည် မိမိတို့အကြည့်နှင့် (မျက်စိ) အိန္ဒြေကို ထိန်းနိုင်ကြမည်"ဟု ဆိုလိုသည်။

(ဆွဟီးဟုလ်ဗုခါရီကျမ်း၊ အတွဲ(၇)၊ အခန်း (၃)၊ ဟဒီးဆ် အမှတ်-၄)

အနတ်စ်(رضي الله عنه) သခင်မှ ဆင့်ပြန်သည့် ဟဒီးဆ်တော်တစ်ခုတွင် တမန်တော် မြတ်(ﷺ)မှ မိန့်တော်မူသည်မှာ-

**"တစ်စုံတစ်ယောက်သည် သူ၏ လက်ထပ်ခြင်း အမှု ပြီးစီးပါက သူသည် သူ၏ဒီးန် သာသနာ့အရေးကို ပြီးပြည့်စုံအောင်တစ်ဝက်ခန့်ဆောင်ရွက်ပြီး ဖြစ်သည်" ဟုဆို၏။**

တစ်စုံတစ်ယောက်က ကျွန်ုပ်အား မေးခဲ့သည်မှာ- 'အကယ်၍ သူသည် နှစ်ကြိမ် လက်ထပ်ထိမ်းမြားပါက မိမိ၏ ဒီးန်သာသနာကို အပြည့်အဝ ပြည့်စုံအောင် ပြုလုပ် နိုင်ပြီလော' ဟု ဖြစ်သည်။ ထိုသူသည် မြတ်တမန်တော်(ﷺ)၏ မိန့်ဆိုချက်ကို လွဲမှားစွာ

နားလည်သွားခြင်းဖြစ်သည်။

တမန်တော်မြတ်(ﷺ)မှ မိန့်တော်မူသည်မှာ

"သင် သည် လက်ထပ်ထိမ်းမြားခြင်းအမှုကို ပြုလိုက်ပါက သူ၏ ဒီးန်သာသနာကို ထက်ဝက်လုပ်ဆောင်နိုင်သည်မှာ သင်သည် အမျိုးသမီးတစ်ဦးနှင့် တရားဝင် လက်ထပ်လိုက်သောအခါ သင့်အား လူအများနှင့် လိင်ဆက်ဆံခြင်း၊ တရားမဝင် ကာမ လိုက်စားခြင်း၊ လိင်တူဆက်ဆံခြင်း စသည့် မကောင်းမှုများမှ ဟန့်တားလိုက်ပေသည်။ ထို့ကြောင့် သင့်အား ဒီးန်သာသနာ ကို ပြီးပြည့်စုံအောင် ပြုလုပ်သည်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အထက်ပါ ကိစ္စရပ်တို့သည် လောကီဘဝ မကောင်းမှု(အပြစ်ဂိုနာဟ်)များ၏ ထက်ဝက်နှင့် ညီမျှသောကြောင့် ဖြစ်သည်။"

သင်သည် တစ်စုံတစ်ယောက်နှင့် တရားဝင်လက်ထပ် ထိမ်းမြားပါမှ ဇနီး (သို့)ခင်ပွန်း ဖြစ်လာနိုင်သည်။ တစ်ဖန် အဖေ (သို့) မိခင် ဟူ၍ဖြစ်လာနိုင်မည်။

မိခင် ၊ဖခင်၏ ဝတ္တရား၊ ခင်ပွန်း၊ ဇနီးသည်တို့၏ တာဝန် ဝတ္တရားများမှာ အစ္စလာမ်တွင် အထူးအရေးကြီးသောကဏ္ဍမှ ပါဝင်လျှက်ရှိပါသည်။

ထို့ကြောင့် ယောကျ်ားတစ်ဦးအနေနှင့် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊လေးကြိမ် လက်ထပ်သဖြင့် သူ၏ဒီးန် သာသနာကို ပြီးပြည့်စုံစေခြင်းမှာ မည်သို့မျှ မသက်ဆိုင်။ သူသည် သူ၏ဒီးန်သာသနာ၏ ထက်ဝက်ကိုသာ ပြည့်စုံ စေမည်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်(ﷻ) မှ မိန့်တော်မူသည်မှာ-

**'ငါအရှင်မြတ်သည် ခင်ပွန်းသည် နှင့်ဇနီး၊ မိန်းမတို့အကြား သူတို့၏ နှလုံးသား များတွင် အချစ်၊ မေတ္တာကို ထည့်သွင်းပေးထားတော်မူသည်။'**

အသင်သည် ဘိုင်ဇင်တိုင်လူမျိုးကဏ္ဍ၊ ကျမ်းပိုဒ် (၂၁) ကို ဖတ်ပါက

ထိုနည်းတူစွာ (ဤသည်လည်း) ထိုအရှင်မြတ်၏ သက်သေလက္ခဏာ တော်များတွင် အပါအဝင် ဖြစ်ပေသည်။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ အသင်တို့၏ အမျိုးအစားအနက်မှပင် ကြင်ရာ ကြင်ဖက်များကို ၄င်းတို့ထံ တွင် အသင်တို့အနားယူ စိတ်ချမ်း သာမှု ရရှိကြအံ့သောငှာ ဖန်ဆင်းတော် မူခဲ့၏။ ထို့ပြင်တပါး ထိုအရှင်မြတ်သည် အသင်တို့စပ်ကြား၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ အကြင်နာ တရားကို လည်းကောင်း၊ စီမံပြုလုပ်၍ ပေး သနားတော်မူခဲ့၏။ (၃၀း၂၁)

တစ်ဖန် အမျိုးသမီးများကဏ္ဍ၊ ကျမ်းပိုဒ် (၂၁)တွင်

" တစ်ဖန် အသင်တို့သည် ဥစ္စာပစ္စည်းများကို အဘယ်ကဲ့သို့ ပြန်၍ ယူကြမည်နည်း။ ကေန်စင်စစ် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး (အကြင် ဇနီးမောင်နှံအဖြစ် ပေါင်းသင်းဆက်ဆံ) ရောနှော စပ်ယှက်ပြီး ဖြစ်ကြသည့်ပြင်၊ ယင်းဇနီးမိန်းမတို့သည် (မိမိတို့၏အခွင့်အရေးများ နှင့်စပ်လျဉ်း၍) အသင်တို့ထံမှ ခိုင်မာသော ကတိသစ္စာ ပဋိညာဉ် ဝန်ခံချက်ကို ယူထားပြီး လည်း ဖြစ်ကြလေသတည်း။ " (၄း ၂၁)

တစ်ဖန် အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁၉)တွင်

" အသင်တို့အဖို့ မိန်းမတို့အား အဓမ္မနည်းဖြင့် အမွေ (ပစ္စည်း)အဖြစ် သိမ်းပိုက်ခြင်းသည် တရားသက်ဝင် သည်မဟုတ်ပေ။" (၄း၁၉)

အစ္စလာမ့်အလိုအရ လက်ထပ်ထိမ်းမြားမည့် ယောက်ျားနှင့်မိန်းမ နှစ်ဦးနှစ်ဖက်စလုံးမှ မိမိတို့သဘောတူညီချက်အရသာ လက်ထပ်ထိမ်းမြားရမည် ဖြစ်သည်။ သတို့သမီးလောင်း၏ မိခင်၊ဖခင် နှစ်ဦးစလုံး၏ တိုက်တွန်းချက်ကိုပင် သူမ သဘောမတူညီပါက ငြင်းပယ်နိုင်ခွင့်ရှိသည်။

"မိန်းကလေး တစ်ယောက်သည် သူမ၏ဆန္ဒကို ဆန့်ကျင်ပြီး၊ သူမ၏ ဖခင်၏ အတင်းအကြပ် ဖိအားပေးပြီး၊ လက်ထပ်ထိမ်းမြားခြင်းကို တမန်တော်မြတ်(ﷺ)ထံ သွားရောက်တိုင်ကြားရာ၊ တမန်တော်မြတ်(ﷺ)မှ ထို ထိမ်းမြားလက်ထပ်ခြင်းအမှုကို ပျက်စေခဲ့သည်။" (ဆွဟီးဟုလ်ဗိုခါရီကျမ်း အတွဲ(၇)၊ အခန်း(၄၃)၊ ဟဒီးဆ်အမှတ်–၆၉)

"သမီးမိန်းကလေး တစ်ယောက်သည် ဖခင်မှ လက်ထပ်ထိမ်းမြားရန် ဖိအားပေး ခြင်းခံရသည်။ ထိုမိန်းကလေးသည် တမန်တော်(ﷺ) ထံ သွားရောက် လျှောက်ထား သောအခါ တမန်တော်(ﷺ)မှ မိန့်တော်မူသည်မှာ–'သင်မသည် သင်မနှစ်သက်ပါက လက်ထပ် ထိမ်းမြားရေးကိစ္စကို ဆက်နိုင်မည် (သို့မဟုတ်ပါက) ဖျက်သိမ်းလိုက ဖျက်သိမ်းနိုင်သည်" ဟု မိန့်တော်မူခဲ့၏။ (မုစ်နဒ် အဟ်မဒ်၊ဟဒီးဆ်အမှတ် ၂၄၆၉)

ဤသည် လက်ထပ်ထိမ်းမြားရေးအတွက် ယောက်ျား နှင့်မိန်းမ (သတို့သား လောင်းနှင့် သတို့သမီးလောင်း) နှစ်ဦးစလုံး၏ သဘောတူညီချက် လိုအပ်သည်။

အစ္စလာမ်တွင် အမျိုးသမီးများကို **'home-maker' အိမ်ကိုပြုလုပ်သောသူ၊ အိမ်ကို ထိန်းသိမ်းစောင့်ရှောက်သောသူ ဟုယူဆပြီး၊'house-wife' အိမ်၏ ဇနီးမယား"** ဟုမယူဆပါ။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးသည် အိမ်နှင့်

လက်ထပ်ထားခြင်းမဟုတ်။ လူအများစုသည် house-wife ဟူသော ဝေါဟာရ စကားလုံးကို အဓိပ္ပါယ်နားမလည်ဘဲနှင့် ခေါ်ဝေါ်သုံးစွဲနေကြခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်အကြံပေးလိုသည်မှာ- "house-wife" ဟူသော စကားလုံးအစား၊ "home-maker" ဟူသောစကားလုံးကိုသာ သုံးစွဲသင့်ပါသည်။ သူမတို့သည် အိမ်တွင်အနေများပြီး၊ အိမ်၏တာဝန်ကိုပို၍ ယူထားရသောကြောင့် ဖြစ်သည်။

အစ္စလာမ်အယူအဆအရ အမျိုးသမီးသည် သခင်တစ်ယောက်အား လက်ထပ်ထားခြင်း မဟုတ်သောကြောင့်၊ ၎င်းတို့မှာ ကျေးကျွန်ဖြစ်လာစရာအကြောင်း မရှိပေ။ သူမမှ လက်ထပ်ထားသူနှင့် တူညီသောအခွင့်အရေးရှိသည်။

**"အီမာန်သက်ဝင်ယုံကြည်သူများအနက် အကောင်း ဆုံးသော သူမှာ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းသူများ၊ ကောင်းသော အပြုအမူကိုကျင့်ကြံသော သူများ ဖြစ်ကြသည့်အပြင် သူတို့၏ မိသားစုဝင်များနှင့် ဇနီး မိန်းမများကို ကောင်းမွန်စွာ ဆက်ဆံကြသော သူများ ဖြစ်သည်။"** (မုစ်နဒ် အဟ်မဒ်၊ ဟဒီးဆ်အမှတ် ၇၃၆၊၇၃၉၆)

အစ္စလာမ်မှ ယောက်ျားနှင့် မိန်းမကို တူညီသောအခွင့်အရေး အပ်နှင်းထားသည့်အကြောင်း လေးစားလောက်သော M.M Kazi မှ ဖော်ညွှန်းထားပြီး ဖြစ်ပါသည်။ သူမှ ရွတ်ဖတ်သရဇ္ဈာယ်သွားသော အာယသ်တော်အရ မိသားစုကို ခေါင်းဆောင်တာဝန်ယူရခြင်းမှလွဲ၍ အားလုံးသောကဏ္ဍများအတွက် ယောက်ျား များနှင့် မိန်းမများ၊ လင်ယောက်ျားနှင့် ဇနီးမိန်းမများတွင် တူညီသော အခွင့်အရေး ရှိကြသည်။

ကျမ်းမြတ်ကုရ်အာန်၊ ဂါဝိကဏ္ဍ၊ ကျမ်းပိုဒ် (၂၂၈)တွင် -

**"ထို့ပြင် ထိုဇနီးမိန်းမများအပေါ် ဝယ် တာဝန်များရှိသကဲ့သို့ ထိုဇနီး မိန်းမများအဖို့လည်း တရားစည်းကမ်းများ အတိုင်း အခွင့်အရေးများလည်း ရှိကြပေသည်။"** (၂း၂၂၈)

ကျွန်ုပ်သည် တရားသူကြီး M.M Kazi နှင့် သဘောတူ ပါသည်။ များစွာသော မွတ်စလင်မ်များမှ ဤအာယသ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို လွဲမှားစွာ သဘောပေါက် နေကြပါ သည်။ **"ယောကျ်ားများတွင် မြင့်မားသော အဆင့်အတန်း ရှိကြသည်"** ဟူသောစကားစုနှင့် ပတ်သက်၍ ကွဲလွဲနေကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် ကျမ်းမြတ်ကုရ်အာန် တစ်ခုလုံးကို ခြုံငုံသုံးသပ်ဖို့ လိုပါသည်။

အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၃၄)တွင်-

"အလ္လာဟ်အရှင်မြတ်သည် (ယောကျ်ားနှင့် မိန်းမတို့အနက်) အချို့ကို (ယောကျ်ားများကို) အချို့ထက် (မိန်းမများထက်)ပင် အရည်အခြင်း၊ အဆင့်အတန်း၊ သာလွန်စေတော်မူခဲ့သောကြောင့် လည်းကောင်း၊ ယောကျ်ားများ သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို (မိန်းမတို့အား ကျွေးမွေးထောက်ပံ့ရာ တွင်) သုံးစွဲ သောကြောင့် လည်းကောင်း၊ ယောကျ်ားများသည် မိန်းမတို့အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများ ဖြစ်ကြသည်။" (၄း ၃၄)

လူတို့က ပြောကြသည်မှာ- 'ကောင်ဝ်ဝါမ် kawwam ဟူသော စကားလုံးသည် ယောကျ်ားများက ပို၍မြတ်သည်။ သာလွန်ဟူ၏။ အမှန်စင်စစ် ကောင်ဝ်ဝါမ် ဟူသော စကားလုံးသည် 'အိကမဟ်' ဟူသောစကားလုံးမှ ဆင်းသက်လာသည်'

'အိကမဟ်'ဟူသည် ဆွလားသ်တည်ဆောက်မှု မတိုင်မီ 'ထရပ်'ရန် အမိန့်ပေး လိုက်သောအခါ သုံးသောစကားလုံး ဖြစ်သည်။ ထို့ကြောင့် 'အိကမဟ်' ဟူသည် 'ထရပ်ရန်' ဟုအဓိပ္ပါယ်ရသည်။ ကောင်ဝ်ဝါမ်ဟူသည် မြင့်မြတ်မှုတွင် တစ်ဆင့်သာ သည်ဟု မဆိုလိုပါ။ တာဝန်ဝတ္တရားတွင် တစ်ဆင့်သာသည်ဟု ဆိုလိုသည်။

အကယ်၍ သင်သည် အလ္လာမာဟ်အိဗ်နေ့ကဆီးရ်(ရဟ)ဖွင့်ဆိုသော ကျမ်းမြတ်ကုရ်အာန်၏ သဖ်ဆီးရ် (အကျယ်ဖွင့်ကျမ်း)ကို ဖတ်ကြည့်ပါက**'ကောင်ဝ်ဝါမ် ဟူသည် မြင့်မြတ်မှုတွင် တစ်ဆင့်သာသည်မဟုတ်ဘဲ တာဝန်ဝတ္တရားတွင် တစ်ဆင့်သာသည်'**ဟု ဆိုထားကြောင်း တွေ့ရပေမည်။ ဤတာဝန် ဝတ္တရားဟူသည် ဇနီးနှင့် ခင်ပွန်းအကြား အပြန်အလှန် သဘောတူညီမှု၊ ခွင့်ပြုလိုက်လျောမှုများ ပေါ်မူတည်၍ ဆောင်ရွက်သင့်သည်။

ဂါဝီကဏ္ဍ၊ ကျမ်းပိုဒ် (၁၈၇)တွင်

"ယင်းဇနီးမိန်းမများသည် အသင်တို့အဖို့ရာ (အရှက်အိန္ဒြေကို လုံခြုံစွာ ဖုံးကွယ်သော) ဝတ်စားတန်ဆာများ(ကဲ့သို့) ဖြစ်ကြ၏။ ထိုနည်းတူစွာ အသင်တို့သည်လည်း ထိုဇနီးမိန်းမများအဘို့အရာ (အရှက် အိန္ဒြေကို လုံခြုံစွာဖုံးကွယ်သော) ဝတ်စားတန်ဆာများ(ကဲ့သို့)ပင် ဖြစ်ကြလေသည်။" (၂း၁၈၇)

အဝတ်အစားတန်ဆာ၏ ရည်ရွယ်ချက်မှာ အရှက်ကို ဖုံးအုပ်ရန်နှင့် အလှဆင် ရန်ဖြစ်သည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

**ခင်ပွန်းနှင့် ဇနီးသည်တို့သည် တစ်ဦး၏ အမှားများ၊ ချို့ယွင်းချက်များကို တစ်ဦးက ပြင်ဆင်၍ လှပအောင် လုပ်ပေးရန် အပြန်အလှန် ဝတ္တရားရှိသည်။** ဥပမာဆောင်ရလျှင် လက်ချောင်းများနှင့် လက်အိတ်နှင့်သဏ္ဍာန် တူသည်။

ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြထားသည်မှာ- အကယ်၍သင်သည် သင်၏ဇနီးအား မကြိုက်နှစ်သက်ခဲ့လျှင်တောင်မှ သူမအား ကြင်နာစွာ ဆုံးမသတိပေး ဆက်ဆံသင့်သည်။ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁၉) တွင်

"၎င်းပြင် အသင်တို့သည် ယင်းမိန်းမတို့နှင့် ကောင်းမွန်စွာ ဆက်ဆံကြ လေကုန်၊ တဖန် အကယ်၍ အသင်တို့သည် ထိုမိန်းမတို့ကို မနှစ်ခြိုက်ကြပါမူ (ခန္တီတရားထားရှိကြကာ သည်းခံကြလေကုန်)။ အကြောင်းသော်ကား အသင်တို့သည် တစုံတရာကို မနှစ်ခြိုက်ကြငြားလည်း အလ္လာဟ်အရှင်မြတ်သည် ယင်းအရာများ၌ များစွာသော ကောင်းမြတ်ခြင်းကို ပြုလုပ်တော် မူတန်ရာ၏။" (၄း၁၉)

သင်သည် သင်၏ဇနီးသည်ကို မကြိုက်နှစ်သက်လျှင်တောင်မှ ၎င်းအား ကြင်နာစွာ တရားမျှတစွာ ဆက်ဆံရန် တာဝန်ရှိပေသည်။

အစ္စလာမ်တွင် ခင်ပွန်းသည်၏ အခွင့်အရေးများသည် ဇနီးမိန်းမ၏ အခွင့်အရေးများနှင့် အတူတူပင် ဖြစ်သည်။ ဤသို့သော အခွင့်အရေးများကို အသင့်အနေနှင့် ခေတ်မီသည်ဟု ဆိုပါမည်လော (သို့) ခေတ်နောက်ကျနေပြီ ဟုဆိုပါမည်လော။

### မာတာမိခင်ကျေးဇူးရှင်များနှင့် ပတ်သက်သော အခွင့်အရေးများ

ယခုတစ်ဖန် မိခင်၏ အခွင့်အရေးများကို ဆန်းစစ် ကြည့်ကြပါစို့။ မိခင်ကို ရိုသေလေးစားမှု၏ အထက်ဝယ် အလ္လာဟ်အရှင်မြတ်(ﷻ)အား အေဗါဒါဟ် (ခဝပ်ကိုးကွယ်ခြင်း) ပြုခြင်းသာဖြစ်ကြောင်း ကျမ်းမြတ်ကုရ်အာန်၊ ညဥ့်ခရီးကဏ္ဍ၊ ကျမ်းပိုဒ် (၂၃)တွင်-

"စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူ သောအရှင်မြတ်သည် (ဤသို့) အမိန့်တော်စီရင်ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ အသင်တို့သည်ထိုအရှင်မြတ်မှတပါး အခြားကိုခဝပ်ကိုးကွယ် ရှိခိုးပူဇော်ခြင်း အလျှင်းမပြုကြရပေ။ ၎င်းပြင်မိဘနှစ်ပါးအား ကောင်းစွာ ပြုစုသဂြိုဟ်ထောက်ပံ့ကြရမည်။" (၁၇း၂၃)

အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁)တွင် -

"သင်တို့အား မွေးဖွားပေးသော သားအိမ်ရှင်များအား လေးစားကြလော့။"

သားကောင်များကဏ္ဍ၊ ကျမ်းပိုဒ် (၁၅၁)တွင်

"၎င်းပြင် (အသင်တို့သည်) မိဘနှစ်ပါးနှင့် ကောင်းစွာဆက်ဆံခြင်း (ပြုကြကုန်)။" (၆ း ၁၅၁)

လွတ်(က်)မာန်သုခမိန်ကဏ္ဍ၊ ကျမ်းပိုဒ် (၁၄)တွင်-

"ထိုမှတပါး ငါ(အလ္လာဟ်)အရှင်မြတ်သည် "မနုဿ" လူသားအား ၎င်း၏မိဘနှစ်ပါးနှင့် ပတ်သက်၍ (ဤသို့)လေးနက်စွာ အမိန့်ပေးတော် မူခဲ့၏။ ၎င်း၏မိခင်မှာ အားအင်ချည့်နဲ့မှုအပေါ်၌ အားအင်ချည့်နဲ့မှုကို ခံစားလျက် ၎င်းအား (မိမိဝမ်းတွင်း၌ ) လွယ်ပိုက်ခဲ့လေ၏။ ထိုမှတပါး နှစ်နှစ်မြောက်သောအခါ၌ သာလျှင် ၎င်းအား နို့ဖြတ်လေ၏။ (သို့ဖြစ်ပေရာ) အသင်သည် ငါအရှင်မြတ်အားလည်းကောင်း၊ အသင်၏မိဘနှစ်ပါး တို့အားလည်းကောင်း၊ ကျေးဇူးတင်လော့။" (၃၁း၁၄)

တစ်ဖန် သဲတောင်ပို့များကဏ္ဍ၊ ကျမ်းပိုဒ် (၁၅)တွင်-

"စင်စစ်သော်ကား ငါအရှင်မြတ်သည် 'မနုဿ' လူသားအား ၎င်း၏မိဘနှစ်ပါးနှင့်ပတ်သက်၍ ကောင်းစွာ ပြုစုရန် လေးနက်စွာအမိန့်ပေးတော်မူခဲ့၏။ ၎င်း၏ မိခင်မှာ ၎င်းအား ဆင်းရဲဒုက္ခ ပင်ပန်းကြီးစွာ နှင့် (မိမိ ဝမ်းတွင်းဝယ်) သယ်ပိုးလွယ်ပိုက်ခဲ့၏။ ထို့ပြင် ဆင်းရဲဒုက္ခပင်ပန်းကြီးစွာ နှင့်ပင် ၎င်းအား မွေးဖွားခဲ့၏။" (၄၆ း ၁၅)

"မိခင်၏ ခြေဖဝါးအောက်တွင် ဂျန္နသ် (အမတ သုခဘုံ)ရှိသည်" (မုစ်နဒ် အဟ်မဒ်ကျမ်း၊ အဗ်နေမာဂျဟ်ကျမ်း)

ဤသည်မှာ မိခင်ဖြစ်သူသည် လမ်းပေါ်တွင် လျှောက်လှမ်းသွားသည်။ အညစ်အကြေး (နွားချေး)များပေါ်တွင် လျှောက်လှမ်းနေပါက ထိုအညစ်အကြေးများသည် သုခဘုံ ဖြစ်သွားမည်ဟုမဆို။ ဆိုလိုသည်မှာ သင်သည် သင်၏မိခင်အတွက် အခြေခံအကျဆုံး တာဝန်ဝတ္တရားများ ကျေပွန်ပြီး၊ မိခင်အား ရိုသေလေးစားစွာဆက်ဆံပါ။ မိခင်ကို ကြင်နာ သနားပါ။ သင်၏ မိခင်ကို လေးစားမြတ်နိုး တန်ဖိုးထားလျှင် အလ္လာဟ် အရှင်မြတ်အလိုတော်ဖြင့် သင်သည် ဂျန္နသ် သုခဘုံသို့ ဝင်သွားရမည်။ ဝင်နိုင်မည်

ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

“လူတစ်ဦးမှ တမန်တော် မြတ် မုဟမ္မဒ်(ﷺ)အား မေးလျှောက်သည်မှာ ‘အို–တမန်တော် ဤလောကတွင် ကျွန်ုပ်မှအချစ်သင့်ဆုံး၊အကြင်နာသင့်ဆုံး၊ ကရုဏာ အထားသင့်ဆုံး လူပုဂ္ဂိုလ်မှာ မည်သူနည်းဟု မေးမြန်းရာ တမန်တော်(ﷺ)မှ မိန့်တော်မူသည်မှာ ‘သင်၏မိခင်’ ဖြစ်သည်။ တစ်ဖန်ထပ်၍ မိခင် နောက်မည်သူ ဖြစ်ပါသေးသနည်းဟု မေးလျှောက်ပြန်ရာ ‘သင်၏မိခင်’ဟု ဖြေပြန်သည်။ တစ်ဖန်ထပ်၍ ‘မိခင်’ ၏နောက်မည်သူ့ကို ချစ်မြတ်နိုး တန်ဖိုးထားရပါမည်နည်းဟု ထပ်၍ မေး လျှောက်ရာ ‘သင်၏မိခင်’ ဟုပင် ဖြေကြားတော်မူသည်။ ထိုအခါ ထိုယောက်ျားမှ စတုတ္ထမြောက်အကြိမ်မြောက် မိခင်၏နောက် မည်သူ့အား ချစ်ခင်မြတ်နိုး တန်ဖိုးထားရပါမည်နည်း မေးလျှောက်ပြန်ရာ၊ တမန်တော်မြတ်ကြီး(ﷺ)မှ ‘သင်၏ဖခင်’ ဟု ဖြေကြားခဲ့လေသည်။” (ဆွဟီဟုလ်ဗိုခါရီကျမ်း အတွဲ(၈)၊ အခန်း(၂)၊ ဟဒီးဆ်အမှတ်(၂)၊ ဆွဟီဟုလ်မွတ်စလင်မ် ကျမ်း)

ချစ်မေတ္တာနှင့် ရိုသေလေးစားမှု၏ ၇၅%ကို မိခင် အတွက်ထားပြီး ကျန်၂၅%မှာ ဖခင်အတွက်ဖြစ်သည်။ အတိုချုပ်ပြောရသော် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် တို့သည် မိခင်အတွက်သာဖြစ်ပြီး၊ ဖခင်အတွက်မှာ နှစ်သိမ့်ဆုသာဖြစ်သည်။

ကျွန်ုပ်၏ နောင်တော်ညီတော်များမှ ဤအချက်ကို သဘောပေါက်နားလည်ကြ၍ ပျော်ရွှင်ပါသည်။ ပုံမှန်အားဖြင့် ဤအချက်သည် နောင်တော်၊ ညီအစ်ကိုတော်များ၏ ခံစား ချက်ကို ထိခိုက်စေမည်ဖြစ်၍ တောင်းပန်ရမည်ဖြစ်သည်။ ကျွန်ုပ်ဝမ်းနည်းပါသည်။ အစ္စလာမ်မှ ကျွန်ုပ်တို့အား သင်ကြားပေးသောအရာ ဖြစ်ပါသည်။

ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ် (ﷻ)အတွက်သာ ဖြစ်ပါသည်။ ဤနေရာတွင် ရောက်ရှိ နေကြသော ညီနောင်အပေါင်းမှာ အစ္စလာမ်ကို နားလည် သဘောပေါက် ကြသူများဖြစ်ကြ၍ ကျွန်ုပ်ဝမ်းသာကြည်နူး မိပါသည်။

### အစ်မ/ညီမများ၏ အခွင့်အရေး

ယခုတစ်ဖန် အစ္စလာမ်မှ အပ်နှင်းထားသော အစ်မ/ ညီမများ၏ အခွင့်အရေးကို ခွဲခြားစိတ်ဖြာလေ့လာကြည့်ကြပါဦးစို့။

ကျမ်းမြတ်ကုရ်အာန်၊ နောင်တရခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၇၁)တွင်

"ထိုနည်းတူစွာ "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူယောကျ်ား၊ မိန်းမတို့သည်လည်း (သာသနာရေးတွင်)အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေ ခင်ပွန်းများပင် ဖြစ်ကြကုန်၏။" (၉း၇၁)

ဤကျမ်းပိုဒ်တော်လာ "အောင်လီယာ"ဆိုသည်မှာ **'ထောက်ပံ့သူ၊ ထိန်းသိမ်းစောင့်ရှောက်သူ'**ဟု အနက် အဓိပ္ပါယ်ရသည်။ အတိုချုပ်ပြောရသော် သူတို့သည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ညီအစ်ကိုများ၊ မောင်နှမများဖြစ်ကြသည်။

## အမျိုးသမီးများ၏ ပညာရေးဆိုင်ရာ အခွင့်အရေး

ယခုတစ်ဖန် ကျွန်ုပ်တို့အနေနှင့် အစ္စလာမ်မှ အမျိုးသမီးများအတွက် အပ်နှင်းထားသော ပညာရေးဆိုင်ရာ အခွင့်အရေးများကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ကြပါစို့။ကျမ်းမြတ်ကုရ်အာန်၊ ဖတ်ရွတ်လော့ကဏ္ဍ၊ ကျမ်းပိုဒ် (၁-၅)တွင်-

"(အို–နဗီတမန်တော်) အသင်သည် မိမိ အရှင် မြတ်၏နာမံတော်ဖြင့် (အစပြု၍) ဖတ်ပါလေ။ထို အရှင်မြတ်သည် (သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့ ကို) ဖန်ဆင်းတော်မူခဲ့၏။ထိုအရှင်မြတ်သည် လူသားကို သွေးခဲဖြင့် ဖန်ဆင်းတော် မူခဲ့၏။ (အို–နဗီတမန်တော်) အသင်သည် ဖတ်ပါလေ။ စင်စစ်အသင့်အား ဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလွန်ရက်ရောစွာ ပေးကမ်းချီးမြှင့် တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။အကြင်အရှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။ ထိုအရှင်မြတ်သည် လူသားတို့အား ၎င်းတို့ မသိခဲ့သောအရာများကို သင်ကြား ပေးတော်မူခဲ့ပေသတည်း။" (၉၆း၁–၅)

ကျမ်းမြတ်ကုရ်အာန်မှ လူသားမျိုးနွယ်တစ်ရပ်လုံးအား ပထမဦးဆုံး ပေးထားသော လမ်းညွှန်ချက်မှာ ဝတ်ပြု ဆုတောင်းရန်လည်းမဟုတ်။ ဥပုသ် သီလဆောက်တည်ရန် လည်းမဟုတ်။ လျှုဒါန်းပေးကမ်းရန်လည်းမဟုတ်။ ဖတ်ရှု လေ့လာရန်ဖြစ်သည်။ ထို့ကြောင့် အစ္စလာမ်သည် ပညာရေးကို အရေးကြီးဆုံး နေရာတွင်ထားသည်။

တမန်တော်မြတ်ကြီး(ﷺ)မှ မိခင်နှင့် ဖခင်နှစ်ဦးစလုံးသည် ၎င်းတို့၏ သမီးဖြစ်သူကို ဘာသာရေး ပညာသင်ကြားပေးရန် အထူးတိုက်တွန်း၏။ ထိုသို့သော မိဘများကိုလည်း အထူးနှစ်သက်တော်မူ၏။

တမန်တော်မြတ်မုဟမ္မဒ်(ﷺ)မှ မိန့်တော်မူသည်မှာ အမျိုးသမီးများသည်

ညီမ/အစ်မများဖြစ်ကြသည်။ တစ်ဖန် ထိုစကားလုံးမှာ တစ်ဝက်ဟုလည်း အဓိပ္ပါယ်ရသည်။ ကျွန်ုပ်တို့ လူသားမျိုးနွယ်များကို ထက်ဝက် ဝက်ပါက ယောကျ်ား တစ်ဝက်၊ မိန်းမတစ်ဝက်ဖြစ်၍ ညီအစ်မများဖြစ်နေသည်။

အမျိုးသမီးတစ်ဦးလက်ထပ်ပြီးသောအခါ သူမ၏ ခင်ပွန်းမှ သူမအား ဘာသာရေး ပညာသင်ကြားရေးအတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ထိုသို့ ပညာသင် ပေးရန်အတွက် ခင်ပွန်းသည်ကိုယ်တိုင် မတတ်စွမ်းနိုင်ပါက သူမ ပညာလှည့်လည်သင်ကြားနိုင်ရန် ခွင့်ပြုရမည်။ စီစဉ် ပေးရမည်ဖြစ်သည်။

"အမျိုးသမီးများသည် ပညာဗဟုသုတ ရှာမှီးရန် အလွန်စိတ်အားထက်သန် နေကြကြောင်း သိရသည်။ တစ်နေ့တွင် အမျိုးသမီးများမှ တမန်တော်မြတ်ကြီး (ﷺ)အား လျှောက်ထားသည်မှာ "အို-မြတ်တမန်တော်၊ တမန်တော်(ﷺ)၏အနီးတွင် အမြဲတမ်းလိုလို ယောကျ်ားများသာ ဝန်းရံလျှက်ရှိပါသည်။ ကျွန်မတို့ အမျိုးသမီးများအတွက် တစ်ရက်မျှအချိန်ပေးပြီး ပညာသင်ကြားပေးပါလား။ သို့မှသာ ကျွန်မတို့လည်း အမျိုးမျိုးသော မေးခွန်းများ မေးမြန်း လျှောက်ထားနိုင်ပါမည်။' ထိုအခါ တမန်တော်(ﷺ)က သဘောကျခဲ့ပါသည်။ ထို့ကြောင့် တမန်တော်မြတ်(မ) ကိုယ်တော်တိုင်သွား၍ သင်ကြားမှုပြုခဲ့သည့်အပြင် အခြားသောဆွဟာဗါဟ်သာဝက များကိုလည်း အမျိုးသမီးများကို ပညာသင်ပေးစေခဲ့သည်။"

(ဆွဟီးဟုလ် ဗိုခါရီ ကျမ်း၊ ပညာကဏ္ဍ)

စဉ်းစားတွေးတောကြည့်ပါ။ လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀)က ကမ္ဘာ့ ဒေသအသီးသီးရှိ ယဉ်ကျေးမှုကြီးများ ထွန်းကားရာ တိုင်း၊ နိုင်ငံများတွင် အမျိုးသမီး များအား အသုံးတော်ခံများအဖြစ် ရက်စက် နှိမ့်ချဆက်ဆံခဲ့ကြသော်လည်း အစ္စလာမ်က အမျိုးသမီးများကို ပညာသင်ကြားပေးရန် တောင်းဆိုခဲ့သည်ကိုတွေ့ရပေမည်။

## မွတ်စလင်မ်အမျိုးသမီး ပညာရှင်ကြီးများ

ကျွန်ုပ်တို့တွင် မွတ်စလင်မ်အမျိုးသမီး စာပေပညာရှင်များစွာ ပေါ်ထွန်းခဲ့ ပါသည်။ သင်တို့အားကျွန်ုပ်မှ ပေးနိုင်သော အကောင်းဆုံးဥပမာမှာ ဘီဘီအာအိရှဟ်(رضي الله عنها) ဖြစ်ပါသည်။ သူမသည် ဟဇရသ်အဘူဘက္ကရ် (رضي الله عنه)၏ သမီးတော် ဖြစ်သည်။ ကျွန်ုပ်တို့ တမန်တော်မြတ်ကြီး(ﷺ)၏ ကြင်ယာတော်လည်း ဖြစ်သည်။

သခင်မကြီးသည် ဆွာဟာဗာကြီးများ၊ခလီဖာကြီးများကိုပင် လမ်းညွှန် သင်ကြား

မှုပြုခဲ့သည်။ သခင်မကြီး၏ ကျော်ကြားသောတပည့်တစ်ဦးမှာ အုရ်ဝါဟ်-အစ်ဗ်နေ့-ဇုဗိုင်ရ် (رضي الله عنه)ဖြစ်သည်။

အုရ်ဝါဟ်-အစ်ဗ်နေ့-ဇုဗိုင်ရ် (رضي الله عنه) သခင်မမှ ပြောကြား ခဲ့သည်မှာ- 'ကျွန်မသည် ကျမ်းမြတ် ကုရ်အာန်၏ အသိပညာတွင်လည်းကောင်း၊ ပြုပိုင်ခွင့်ရှိသော၊ ပြုပိုင်ခွင့် မရှိသော ဓမ္မသတ်နယ်ပယ်၌လည်းကောင်း၊ စာပေနှင့် ကဗျာ ပညာရပ်နယ်ပယ်၌ လည်းကောင်း၊ အာရဗ်သမိုင်းနယ်ပယ်၌ လည်းကောင်း၊ အာအိရှာဟ်သခင်မကြီး(رضي الله عنها) ထက် ကြီးကျယ်သော ပညာရှင် တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ မမြင်ခဲ့ဘူးပါ။'

သခင်မကြီးသည် ဘာသာရေးတွင် ကျွမ်းကျင်သည်သာမက ဆေးဝါး အတတ်ပညာလည်း ကျွမ်းကျင်သည်။ တစ်စုံ တစ်ယောက်မှလာရောက်၍ တမန်တော်မြတ်(ﷺ)အား ဆေးဝါးကုသသည့် နည်းလမ်းများ မေးမြန်းလျှောက်ထား သည့်အခါ တမန်တော်(ﷺ)ပြောသည့် ဆေးကုသနည်းများကို သခင်မက အလွတ် ကျက်မှတ်ထားလိုက်သည်။

သခင်မကြီး(رضي الله عنها)သည်သင်္ချာပညာရပ်တွင်လည်း ကျွမ်းကျင်သူ တစ်ဦးဖြစ်ပြီး "Mirath' ခေါ် အမွေဆက်ခံခြင်းဆိုင်ရာ ပြသနာများကို အကြိမ်ပေါင်းများစွာ မေးမြန်းခြင်းခံခဲ့ ရသည်။ သခင်မကြီး(رضي الله عنها)မှ တစ်ယောက်ခြင်းအတွက် ရသင့် ရထိုက်သော ဝေပုံဝေစုကို အတိအကျတွက်ချက် ပေးနိုင်ခဲ့သည်။ သခင်မကြီးသည် ခလီဖ့်ကြီးများအပါအဝင် အားလုံးသော ဆွဟာဗာကြီးများကို လမ်းညွှန်သင်ကြား ပေးခဲ့သော စာပေပညာရှင် ဆရာသမားတစ်ဦးလည်းဖြစ်သည်။ သခင်မကြီးသည် အဗူဟုရိုင်ရာဟ်(رضي الله عنه) သခင်ကို လမ်းညွှန် သင်ကြားပေးသူဖြစ်ပြီး သူမကိုယ်တိုင် ဟဒီးဆ်တော်ပေါင်း (၂၂၁၀)ကို ဆင့်ပြန်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။ အဗူအွန်း(မ်)နှင့် အဗူမူဆာ(رضي الله عنه)(တရားသူကြီး)တို့၏ ဆင့်ပြန်ချက်အရ ကျွန်ုပ်တို့ ဆွဟာဗာများ (رضي الله عنهم)သည် တစ်စုံတစ်ရာ (အကြောင်းအရာတစ်ခု)နှင့် ပတ်သက်၍ မိမိတို့တွင် အသိ၊ ပညာ၊ ဗဟုသုတမရှိသောအခါတွင် အမြဲတမ်း အာအိရှာဟ်သခင်မ(رضي الله عنها)ထံ သွားရောက်မေးမြန်းခဲ့သည်။ထိုအခါမျိုးတိုင်း သူမတွင် သက်ဆိုင်ရာ အကြောင်း အရာနှင့် ပတ်သက်၍ တိကျသောအသိပညာရှိသည်ချည်းသာ ဖြစ်သည်။ သခင်မကြီး(رضي الله عنها)သည် ပညာရှင်ပေါင်း (၈၈)ဦးကို သင်ကြားမွေးထုတ်ပေးခဲ့သော ပညာရှင်များ၏ဆရာ ပညာရှင်တစ်ဦး ဖြစ်သည်။

အခြားသောပညာရှင် အမျိုးသမီးပေါင်း မြောက်များစွာ ရှိခဲ့ပါသည်။ ၎င်းတို့အနက် နောက်ထပ်ဥပမာတစ်ဦးမှာ ဆွဖီယာ(رضي الله عنها)သခင်မဖြစ်သည်။

သခင်မကြီးသည်လည်း တမန်တော်မြတ်(ﷺ)၏ ကြင်ယာတော်ဇနီးတစ်ဦး ဖြစ်သည်။ သခင်မကြီးသည် ဖိကဟ်နှင့် အစ္စလာမ့်ဓမ္မသတ်ဆိုင်ရာတွင် ကျွမ်းကျင်သူပညာရှင်ကြီး တစ်ဦးဖြစ်ပါသည်။

အီမာမ်နောင်ဝ်ဝီ(ရဟ)၏ဆင့်ပြန်ချက်အရ ဆွဖီယာသခင်မ(رضي الله عنها)သည် ထိုအချိန်ထိုကာလတွင် အသိဉာဏ်အား အကောင်းဆုံးသော(ဉာဏ်အထက်ဆုံးသော) အမျိုးသမီးတစ်ဦးဖြစ်သည်။

အခြားသောဥပမာတစ်ရပ်မှာ အွန်းမေ့ စလမာ (رضي الله عنها) ဖြစ်သည်။ သခင်မကြီး သည်လည်း တမန်တော်မြတ်ကြီး (ﷺ) ၏ ဇနီးတစ်ဦးဖြစ်သည်။

ဟာဖိဇ်အိဗ်နေ့ဟဂျာရ်(ရဟ)၏ ဆင့်ပြန်ချက် အရ **“သခင်မကြီးသည် အမျိုးမျိုးသောပညာရှင် (၃၂)ဦးကို သင်ကြားမွေးထုတ်ပေးခဲ့သူဖြစ်သည်။”**

ထို့အပြင် အခြားသောဥပမာတင်ရမည့် အမျိုးသမီး ပညာရှင်များရှိခဲ့သည်။ ဖာတီမာဟ်(ဗင်းန်သေ့ ကိုင်းစ်)(رضي الله عنها) သည် ဟဇရသ် အာအိရှာဟ်သခင်မ (رضي الله عنها)ကြီးနှင့် ဟဇရသ် အုမာရ်(رضي الله عنه)တို့နှင့် အစ္စလာမ့်ဖိကဟ်နှင့် ပတ်သက်၍ စကား စစ်ထိုးဆွေးနွေးပွဲ ပြုရာတွင် သူတို့နှစ်ဦးမှာ ဖာတီမာဟ် သခင်မ (رضي الله عنها)၏ အမှားကိုရှာ၍ မရခဲ့ဟု အဆိုရှိသည်။

အီမာမ်နောင်ဝ်ဝီ၏အဆိုအရ **“သူမသည် အစောပိုင်း ကာလကတည်းက ဟိဂျရသ်လုပ်ခဲ့သောကြောင့် သခင်မကြီးသည် အသိပညာဗဟုသုတ မြောက်များစွာရှိထားသည်” ဟုဆိုသည်။**

အခြားသော ဥပမာတစ်ရပ်မှာ အနတ်စ်သခင် (رضي الله عنه) ၏ မိခင်ဖြစ်သူ အွန်းမိဆလင်းမ်(رضي الله عنها) ဖြစ်ပြီး သခင်မကြီးသည် ဒအ်ဝါဟ်ကဏ္ဍတွင် အလွန်ကျော်ကြား သောပညာရှင်တစ်ဦး ဖြစ်ခဲ့သည်။

အခြားသောဥပမာတစ်ရပ်မှာ ဆအီဒါနဖီဆာသခင်မ (رضي الله عنها)ဖြစ်ပြီး သူမသည်မြေးတော်ဟာဆန်သခင်ကြီး၏ မြေးမတစ်ဦးဖြစ်ပြီး အီမာမ်ရှာဖီ(ရဟ)၏ ဆရာမလည်း ဖြစ်သည်။ အီမာမ်ရှာဖီ(ရဟ)သည် အစ္စလာမ့်ဆိုင်ရာ မဇ်ဟဗ်များ အနက် ရှာဖီမဇ်ဟဗ်ကို ထူထောင်ခဲ့သူဖြစ်သည်။ ယခုအခါတွင် မဇ်ဟဗ်ကြီး လေးခုအနက် ရှာဖီ မဇ်ဟဗ်မှာလည်း တစ်ခုအပါအဝင် ဖြစ်သည်။

အခြားသောဥပမာတစ်ရပ်မှာ အဘူဒါရ်ဒါအ် (رضي الله عنه) ၏ ဇနီးအွန်းမေ

အက်(ဒ်)ဒါရ်ဒါ(ﷺ) ဖြစ်ခဲ့သည်။ သိပ္ပံ ပညာရှင် တစ်ဦးလည်းဖြစ်ခဲ့သည်။

အီမာမ် ဗိုခါရီ (ရဟ) (ဆွဟီးဟုလ် ဗိုခါရီ ဟဒီးဆ်ကျမ်းတော်ကိုပြုစုသူ)မှပင် မှတ်ချက်ချခဲ့သည်မှာ **'သခင်မကြီးသည်သိပ္ပံပညာနယ်ပယ်တွင် ကျွမ်းကျင် ပညာရှင် တစ်ဦးဖြစ်ခဲ့သည်။'**

**ထို့အပြင် အမျိုးသမီးပညာရှင်များ မြောက်များစွာ ရှိခဲ့သည်။ ထိုခေတ် ထိုကာလ(လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀) ကျော်၊ အစ္စလာမ် ပြန်လည် ပေါ်ထွန်းကာစကာလ)က မိန်းကလေး မွေးဖွားလာသည်နှင့် အရှင်လတ်လတ် မြေမြှုပ်ပြီး၊ မိန်းကလေးများကို ရက်စက်ဆိုးဝါးစွာ ဖိနှိပ် ဆက်ဆံခြင်းခံခဲ့ရသော ကာလတွင်ပင် သိပ္ပံပညာ၊ ဆေးပညာနှင့် ဘာသာရေးစသည့် နယ်ပယ်အမျိုးမျိုး၌ ပညာရှင်အသီးသီး ပေါ်ထွန်းစေခဲ့သည်။**

အဘယ်ကြောင့်ဆိုသော် အစ္စလာမ်မှပြောခဲ့သည်မှာ အမျိုးသမီးတိုင်းကို ပညာသင်ကြားပေးရမည်။ ဤသို့သော အစ္စလာမ့်အမျိုးသမီးများအခွင့်အရေးကို ခေတ်မမှီတော့ပါ၊ ခေတ်နောက်ကျနေပြီ ဟုဆိုနိုင်ပါသလား။

## အစ္စလာမ့်တရားဥပဒေမှ ခွင့်ပြုထားသော အမျိုးသမီးများ၏ အခွင့်အရေးများ

ယခုအခါ အစ္စလာမ်မှပြဆိုသော၊ **တရားဥပဒေက ခွင့်ပြုထားသည့် အမျိုးသမီးများ၏အခွင့်အရေးများ** အကြောင်း ဆွေးနွေးတင်ပြပါမည်။

အစ္စလာမ့်တရားဥပဒေအရ အမျိုးသားနှင့် အမျိုးသမီးသည် အတူတူပင် ဖြစ်သည်။ ရှရီအသ်တရားဥပဒေမှာ အမျိုးသမီးနှင့်အမျိုးသားနှစ်ဦးစလုံး၏ အသက်ခန္ဓာ နှင့်စည်းစိမ်ကို ကာကွယ်ပေးသည်။

အကယ်၍ ယောက်ျားတစ်ယောက်သည် မိန်းမတစ်ယောက်ကို သတ်ဖြတ်ခဲ့ ပါက သေဒဏ်အပြစ်ပေးခံရ မည်ဖြစ်သည်။ ဤသည်မှာ အခြေခံအကျဆုံး "Kisas" အပြစ်ဒဏ်ပင်ဖြစ်သည်။ဂါဝီကဏ္ဍ၊ ကျမ်းပိုဒ် (၁၇၈-၁၇၉)---

**'သူသည်လည်းပဲ သတ်ခြင်းခံရမည်။'**

မိန်းမတစ်ဦးတစ်ယောက်သည် ယောက်ျားတစ်ဦးကိုသတ်ပါက၊ သူမသည် လည်း သေဒဏ်အပြစ်ပေးခံရမည် ဖြစ်သည်။ (သေစားသေစေ အပြစ်ဒဏ်ပေးခြင်း ဖြစ်သည်)

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ကီဆွါတ်(စ်)ဟူသော အစ္စလာမ့်တရားဥပဒေအရ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ တစ်စုံတစ်ယောက်၏ မျက်လုံး၊ နှာခေါင်း၊ နားရွက် စသည်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထိခိုက်ဒဏ်ရာရစေပါက တူညီသောအပြစ်ပေးမှုမျိုးခံရမည်ဖြစ်သည်။

အကယ်၍ အသတ်ခံရသောသူ၏ သက်ဆိုင်ရာ ကျန်ရစ်သူသည် မိန်းမပင်ဖြစ်ပါစေ သူမ၏သဘောထား (ထင်မြင်ချက်)ကို တစ်ဖက်မှ လိုက်လျောရမည်ဖြစ်သည်။ သူမက သက်ဆိုင်ရာလူသတ်သမားကို ခွင့်လွှတ်မည်ဆိုပါက ထိုလူသတ်သမားသည် အသတ်ခံရမည့်အစား 'ဒဏ်ဆောင်မှု' ကိုလက်ခံစေ ရမည်ဖြစ်သည်။

အသတ်ခံရသူ၏ဆွေမျိုးများကြားတွင် လူသတ်သမားအား အပြစ်ဒဏ်ပေးမှုနှင့်ပတ်သက်၍ သဘောကွဲ လွဲမှုရှိနေပါက အောက်ပါအတိုင်းဖြေရှင်းပေးရမည်ဖြစ်သည်။ **'သေသူ၏ ဆွေမျိုးများကြားတွင် အချို့က လူသတ်သမားအား သတ်ပစ်ရမည်၊ အချို့ကသူအား ဒဏ်ကြေး ပေးဆောင်စေရမည်ဟု သဘောကွဲလွဲနေပါက ဒဏ်ကြေးငွေ လက်ခံစေရမည်။ လူအများက၊ သေသူ၏ ဆွေမျိုးများက လူသတ်သမားအားသတ်ခြင်းမှ တားဆီးရမည်ဖြစ်သည်။'**

သက်သေတစ်ဦးသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ထိုသူ၏သဘောထား ထင်မြင်ချက်ကို အလေးထားရမည်ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်၊ ခဲဘွယ်ဘောဇဉ်များကဏ္ဍ၊ ကျမ်းပိုဒ် (၃၈) တွင်

"၎င်းအပြင် (အို–တရားသူကြီးအပေါင်းတို့) ခိုးသူ ယောက်ျားပင် ဖြစ်စေ၊ ခိုးသူမိန်းမပင် ဖြစ်စေ၊ အသင်တို့သည် ၎င်းတို့နှစ်ဦးလုံး၏ လက်များကို ဖြတ်တောက်ကြလေကုန်။ (ဤသည်) ထိုသူတို့နှစ်ဦး ပြုမူခဲ့ကြသော ပြုမူ ချက်၏ ပြစ်ဒဏ်လည်းဖြစ်၏။ အလ္လာဟ်အရှင်မြတ်အထံတော်မှ (အခြားသူများ) သတိ သံဝေဂရစေရန် ဆုံးမချက် တရပ်လည်း ဖြစ်၏။" (၅း ၃၈)

"လူတစ်ယောက်သည် ခါးပြတိုက် လုယက်ပါက ထိုသူသည်ယောက်ျား ဖြစ်စေ၊ မိန်းမဖြစ်စေ သူမ၏လက်ကို ဖြတ်ပစ်သင့်သည်။ ဤအမှုတွင် ပြစ်ဒဏ်သည် အတူတူ ပင်ဖြစ်သည်။" ရောင်ခြည်တော်ကဏ္ဍ၊ ကျမ်းပိုဒ် (၂)တွင်

"ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သော မိန်းမသည်လည်းကောင်း၊ ကာမေသု

မိစ္ဆာစာရကံ ကျူးလွန်သော ယောကျ်ားသည်လည်းကောင်း၊ အသင်တို့သည် ၄င်းတို့နှစ်ဦးအနက် တစ်ဦးစီကို ကြိမ်ဒဏ်အချက်ပေါင်း တစ်ရာစီရိုက်ကြလေကုန်။"
(၂၄ း ၂)

**အမျိုးသမီးသက်သေခံခွင့်**

အစ္စလာမ်တွင် အမျိုးသမီးကို သက်သေခံခွင့်ပြုသည်။စဉ်းစားကြည့်ပါ။ အစ္စလာမ်တွင် လွန်ခဲ့သောနှစ်ပေါင်း (၁၄၀၀)ကတည်းက သက်သေခံခွင့်ပေးထားသည်။

ယခုခေတ်သစ် (၁၉၈၀) ခုနှစ်တွင် ဂျူးဘာသာရေး ခေါင်းဆောင်များမှ အမျိုးသမီးများသက်သေခံခွင့်ပေးသင့်၊ မပေးသင့်ကို စဉ်းစားနေကြတုန်း ဖြစ်သည်။ အစ္စလာမ်က လွန်ခဲ့သောနှစ်ပေါင်း(၁၄၀၀)ကျော်ကတည်းက အမျိုးသမီး သက်သေခံခွင့် အခွင့်အရေးကိုပေးခဲ့ပြီးဖြစ်သည်။ရောင်ခြည်တော်ကုရ္အာ ၊ ကျမ်းပိုဒ် (၄) တွင်-

"၄င်းပြင် အပြစ်ကင်းစင်သော အမျိုးသမီးများအား (ကာမေသုမိစ္ဆာ စာရကျူးလွန်သည်ဟု)စွပ်စွဲပြီးနောက် သက်သေလေးယောက် တင်မပြနိုင်ခဲ့ကြသော သူတို့အား အသင်တို့သည် ကြိမ်ဒဏ်အချက်ပေါင်း ရှစ်ဆယ် ရိုက်ကြလေကုန်။"
(၂၄း၄)

အစ္စလာမ်တွင် သေးငယ်သောပြစ်မှုအတွက် သက်သေနှစ်ယောက်၊ ကြီးလေးသောပြစ်မှုအတွက် သက်သေလေးယောက်လိုအပ်သည်။ အမျိုးသမီးတစ်ဦးကို မမှန်မကန် စွပ်စွဲပြောဆိုပါက၊ ယင်းသည် ကြီးလေးသောပြစ်မှုဖြစ်ခြင်းကြောင့် သက်သေလေးဦး လိုအပ်သည်။

ယခုခေတ်အချိန်အခါတွင် ယောကျ်ားများသည် မိန်းမများကို နည်းမျိုးစုံနှင့် စွပ်စွဲပြီး စော်ကားပြောဆိုနေကြသည်ကို တွေ့ရပေမည်။ သူတို့သည် အမှန်တကယ် မလုပ် ဆောင်ပါဘဲနှင့် 'ဖါသည်မ' 'မိန်းမရွှင်မ' စသည်ဖြင့် ဆဲဆိုနေကြသည်။

အစ္စလာမ်နိုင်ငံတော်တစ်ခုတွင် ယောကျ်ားတစ်ဦးက မိန်းမတစ်ဦးကို 'ဖါသည်မ' 'မိန်းမရွှင်မ'ဟု ခေါ်ပါက၊ ထို မိန်းမမှထိုယောကျ်ားကို တရားရုံးသို့ခေါ်ယူပြီး တရားစွဲဆိုနိုင်သည်။ ထိုသူမှ စွပ်စွဲပြောဆိုခံရသော မိန်းမသည် အမှန်တကယ် 'မကောင်းသည့် မိန်းမ' ဖြစ်ကြောင်း သက်သေ(၄)ဦးတင်ပြရမည်။ ၄င်းသက်သေများထဲမှ တစ်ယောက်သည် အမှားသက်သေထွက်ဆိုပါက၊ ထိုသက်သေ(၄)ဦးလုံးကို ကြိမ်ဒဏ်

(၈၀)စီပေးမည်ဖြစ်ပြီး၊ နောင်အနာဂတ်တွင်လည်း သူတို့၏သက်သေထွက်ဆိုမှုကို လုံးဝလက်ခံတော့မည် မဟုတ်ပါ။

**'အစ္စလာမ်မှ အမျိုးသမီးတစ်ဦး၏ ကာအိန္ဒြေ (အိန္ဒြေသိက္ခာ)ကို အရေးကြီးဆုံးအရာအဖြစ် တန်ဘိုးထားသည်။'**

## အစ္စလာမ်၌ မွေးရာပါအမည် ထိန်းသိမ်းခွင့်ရှိခြင်း

အနောက်တိုင်းနှင့် အချို့သောအရှေ့တိုင်းနိုင်ငံများတွင် မိန်းမတစ်ယောက်သည် လက်ထပ်သောအခါ သူမ၏အမည်ကို ပြောင်းလဲရသည်မှာ သဘာဝဖြစ်သည်။

အစ္စလာမ်တွင်အမျိုးသမီးတစ်ဦး လက်ထပ်ပါက သူမသည် လင်ယောကျ်ား၏အမည်ကို ဆက်ခံနိုင်သလို သူမ၏အမည်ကို လင်ယောကျ်ားအမည်နှင့် လိုက်လျောညီထွေ ပေါင်းစပ်၍ ခံယူနိုင်သည်။ သို့တည်းမဟုတ် သူမ၏ မွေးရာပါအမည်ကိုပင် ဆက်လက်ခံယူ ကျင့်သုံးနိုင်သည်။

များစွာသော အစ္စလာမ့် လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် လက်ထပ်ပြီးသည့် နောက်တွင်ပင် သူမတို့၏ မွေးရာပါအမည်များကိုပင် ဆက်၍ ခံယူကြသည်ကိုတွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်တွင် ယောကျ်ားနှင့် မိန်းမသည်အတူတူပင် ဖြစ်သောကြောင့်ပင်. . .

အစ္စလာမ်တွင် မိမိ၏ မွေးရာပါအမည်ထိန်းသိမ်းခြင်းကို လက်ခံပါသည်။ ဤသို့သော အခွင့်အရေးမျိုးကို ခေတ်မီပါသည် (သို့) ခေတ်နောက်ကျနေပါသည်ဟု သင်ပြောနိုင်ပါသလော။

## အမျိုးသမီးများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

ယခုတစ်ဖန်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ဆန်းစစ်ကြပါဦးစို့။ နောင်တရခြင်း ကဏ္ဍ၊ ကျမ်းပိုဒ် (၇၁)တွင်

> "ထိုနည်းတူစွာ "မုအ်မင်န်" သက်ဝင်ယုံကြည်သောသူယောကျ်ား၊ မိန်းမတို့သည်လည်း (သာသနာရေးတွင်)အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေ ခင်ပွန်းများပင် ဖြစ်ကြကုန်၏။" (၉း ၇၁)

၎င်းအာယသ်တော်အရ **"ယောကျ်ားများနှင့် မိန်းမများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပံ့ပိုးသူများ ဖြစ်ကြသည်။"** ဤနေရာတွင် အပြန်အလှန်

ကူညီပံ့ပိုးသူဟု ဆိုရာတွင် **'လူမှုရေးအတွက်သာ မဟုတ်ဘဲ နိုင်ငံ ရေးအတွက်ပါ အကျုံးဝင်လေသည်။'**

## အမျိုးသမီးများ မဲပေးပိုင်ခွင့်

အစ္စလာမ်တွင် အမျိုးသမီးအား မဲပေးပိုင်ခွင့်ပေးထားသည်။ကျမ်းမြတ် ကုရ်အာန်၊ စစ်ဆေးစီရင်ခြင်းခံရသောမိန်းမကဏ္ဍ၊ ကျမ်းပိုဒ် (၁၂)တွင်၊

> "အို–နဗီတမန်တော်၊ "မုအ်မင်န်" သက်ဝင်ယုံကြည်ကြသော မိန်းမ များသည် အသင့်ထံလာ၍ မိမိတို့မှာ မည်သည့် တစ်စုံတစ်ရာ ကိုမျှပင် အလ္လာဟ် အရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ် (ဆည်းကပ်ကိုးကွယ်) ကြမည်မဟုတ်ပါ ဟူ၍လည်းကောင်း၊ ခိုးဝှက်မှုကို လည်း ကျူးလွန်ကြမည်မဟုတ်ပါ ဟူ၍လည်းကောင်း၊ သူတစ်ပါး၏ ဇနီးမယားအား ပြစ်မှားသော အမှုကို လည်းကျူးလွန်ကြမည်မဟုတ်ပါဟူ၍လည်းကောင်း။ မိမိတို့၏ သားသမီး များကိုလည်း သတ်ဖြတ်ကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ မိမိတို့၏ လက်များနှင့် ခြေများ၏အကြား၌ မုသားတစ်စုံတစ်ရာကိုလည်း လီဆည် ဖန်တီးကြမည် မဟုတ်ပါဟူ၍လည်းကောင်း၊ ကောင်းမြတ်သော အမှုကိစ္စ တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ အသင်၏အမိန့်ကိုလည်း ဖီဆန်ကြမည် မဟုတ်ပါဟူ၍ လည်းကောင်း၊ "ဗိုင်အတ်" ပြုကြသောအခါ အသင် သည် ၎င်းတို့အား ဗိုင်အတ် ပြုပါလေ။" (၆ဝ း ၁၂)

၌နေရာတွင် အာရဗီစကားလုံး "ဗိုင်အတ်"ဟူသောစကားသည် ယခုခေတ် ကျွန်ုပ်တို့နားလည်ထားကြသော "ရွေးကောက်ပွဲ" ထက်ပို၍ကျယ်ဝန်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ ကျေးဇူးရှင် တမန်တော်မြတ်ကြီး(ﷺ)သည် အလ္လာဟ်အရှင်မြတ်(ﷻ)၏ ရစူလ်တမန်တော် ဖြစ်သည်သာမက နိုင်ငံတော်၏ အကြီးအကဲထွဋ်ခေါင်လည်း ဖြစ်သည်။

အမျိုးသမီးများသည် တမန်တော်မြတ်ကြီး(ﷺ) ထံ လာကြပြီး ၎င်းတို့သည် တမန်တော်မြတ်ကြီး(ﷺ)မှ "နိုင်ငံတော်အကြီးအကဲ" ဖြစ်နေခြင်းအပေါ် သဘောတူကြသည်။ ထို့ကြောင့် အစ္စလာမ်မှ အမျိုးသမီးကို အခွင့်အရေးပေးရာတွင် မဲပေးခွင့်ပါ ပါဝင်သည်။

## ဥပဒေပြုရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ခွင့်

အမျိုးသမီးသည် ဥပဒေပြုရာတွင်လည်း ပါဝင်ခွင့် ရှိသည်။ ကျော်ကြားသော

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ဟဒီးဆ်တော်တစ်ခုအရ "အုမာရ် သခင်(ﷺ)သည် ဆွာဟဗါကြီးများနှင့် မဟာရ် (မင်္ဂလာ ခန်းဝင်ကြေး)ကိစ္စဆွေးနွေးနေခဲ့သည်။ မင်္ဂလာ ခန်းဝင်ကြေး (မဟာရ်)သည် ဆင်းရဲသားမွတ်စလင်မ် ယောကျ်ားလူငယ်များအား လက်ထပ်ထိမ်းမြားခြင်းအမှုမှ ဟန့်တားနေသည်။ ထို့ အတွက်ကြောင့် မဟာရ်နှင့်ပတ်သက်၍ အမြင့်ဆုံး မည်မျှ ပေးလျှင် ဖြစ်မည်ဟူသောအချက်ကို ဆုံးဖြတ်ရန် ဆွေးနွေးနေစဉ် ထိုအုပ်စုထဲတွင် ထိုင်နေသော နောက်တန်းမှ အမျိုးသမီးတစ်ဦးမှ မတ်တပ်ရပ်၍ ကန့်ကွက်သည်။ ကျမ်းမြတ် ကုရ်အာန်(၄း၂၀) တွင် မဟာရ်သည် တတ်နိုင်သူဖြစ်ပါက "ရတနာပစ္စည်း အပုံတစ်ပုံ (သို့)ရွှေတစ်ပုံ" ပေးနိုင်က ပေးရန် ညွှန်ကြားထားပြီးဖြစ်သည်။ ထို့ကြောင့် အုမာရ်(ﷺ)မှနေ၍ ယင်းကို ကန့်သတ်ပေးခြင်းမှာ မသင့်ဟုထောက်ပြ ပြောဆိုခဲ့သည်။

ထိုအခါအုမာရ်သခင်(ﷺ)မှချက်ခြင်းပင် အုမာရ် (ﷺ)မှာ မှားပါသည်၊ ထိုအမျိုးသမီးမှာမှန်ပါသည် ဟု တုန့်ပြန် ပြောကြားခဲ့သည်။ စဉ်းစားကြည့်ပါ. . . ။ အကယ်၍ ထိုပြောဆိုထောက်ပြသော အမျိုးသမီးသည် နာမည်ကြီးသော အမျိုးသမီးဖြစ်ပါက၊ သူမ၏အမည်ကို ထည့်သွင်း ဖော်ပြမည်ဖြစ်သည်။ သူမ၏အမည် ဖော်ပြထားခြင်းမရှိသောကြောင့် သူမသည် "သာမန်အမျိုးသမီး" သာဖြစ်သည်မှာ ထင်ရှား၏။ ဤသည်၏ ဆိုလိုရင်းမှာ သာမန် အမျိုးသမီးတစ်ဦးသည်ပင်လျှင် နိုင်ငံတော်အကြီးအကဲတစ်ဦး၏ လုပ်ရပ်ကို မှားနေပါက "ပယ်ဖျက်ပိုင်ခွင့်၊ ဝေဖန် ပြောဆိုပိုင်ခွင့်" ရှိသည်။

**'ပညာရပ်ဝေါဟာရ အဓိပ္ပါယ်အရ၊ ဤသို့ပြုလုပ် ခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ချိုးဖေါက်ခြင်းကို ငြင်းပယ်ခြင်း'** ဟုခေါ်ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်သည် မွတ်စလင်များအတွက် ဖွဲ့စည်း ပုံအခြေခံဥပဒေ ဖြစ်သည်။ အထက်ပါဖြစ်ရပ်မှ ထင်ဟပ်နေသည့်အချက်မှာ အမျိုးသမီးများသည်ပင်လျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေပြုလုပ်ရာတွင် ပါဝင်နိုင်သည်၊ ပါဝင်ခဲ့သည်ဟု ဆိုလိုသည်။

အမျိုးသမီးများသည် စစ်မြေပြင်တွင် ပါဝင်နိုင်သည် ဆွဟီးဟုလ် ဗိုခါရီကျမ်းတွင် အခန်းတစ်ခန်းလုံး အပြည့် (Chapter တစ်ခု)၊ အမျိုးသမီးများစစ်မြေပြင်တွင် ပါဝင် ဆင်နွဲခဲ့ကြောင်း ဖော်ပြထားသည်။ အမျိုးသမီးများသည် တိုက်ပွဲဝင်စစ်သည်များ အတွက် ရေကူသယ်ပေးကြသည်။ ထို့အတူ ရှေးဦးသူနာပြုအတတ်ဖြင့် ဒဏ်ရာရ စစ်သည်များကို ပြုစုကုသပေးခြင်းများ ပြုလုပ်ခဲ့သည်။

စစ်မြေပြင်တွင်ပါဝင်ဆင်နွှဲခဲ့ကြသော၊ အမျိုးသမီးများအနက် သီးခြားဖော်ပြခြင်းခံရသူ အနည်းငယ်အနက်၊ နဆီဘာ(ﷺ)ဆိုသူ အမျိုးသမီးတစ်ဦးလည်း ပါဝင်ခဲ့သည်။ သူမသည် အိုဟုဒ်စစ်ပွဲတွင် ကျွန်ုပ်တို့၏ တမန်တော်ကြီးအား ကာကွယ်ခဲ့သူတစ်ဦး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းမြတ်ကုရ်အာန်တွင် **'ယောကျ်ားနှင့် မိန်းမတို့သည် အပြန်အလှန် စောင့်ရှောက်သူများဖြစ်ကြသည်။'** သာမန်အခြေအနေတွင် အမျိုးသမီးများသည် စစ်မြေပြင်သို့ သွားရန် မလိုအပ်ပေ။ စစ်မြေပြင်သို့ သွားရန်တာဝန်မှာ အမျိုးသားများ၏ တာဝန်သာဖြစ်သည်။ လိုအပ်သည့် အခြေအနေတွင် အမျိုးသမီး များ စစ်မြေပြင်သို့ သွားခွင့်ရှိသည်။ မဖြစ်မနေ အခြေအနေမျိုးမှ လွဲ၍ မသွားသင့်ပါ။ (သို့မဟုတ်လျှင်)U.S.A တွင် ရှိသကဲ့သို့ အခြေအနေမျိုးများဖြစ်လာမည်။ အမေရိကန် ပြည်ထောင်စုတွင် ၁၉၀၁ခုနှစ်ကတည်းကအမျိုးသမီးများ စစ်မြေပြင်သို့ သွားခွင့်ရှိသည်။ သို့သော်သူမတို့သည် စစ်ပွဲတွင်(စစ်တိုက်ရာတွင်) ပါဝင်ခွင့်မရှိပေ။ သူမတို့အနေနှင့် သူနာပြုအဖြစ်သာ တာဝန် ထမ်းဆောင်ရာ၏။

(၁၉၇၃)တွင် အစပြုခဲ့သော အမျိုးသမီးအခွင့်အရေး (ကျား၊မ အခွင့်အရေး တန်းတူ ရရှိအောင်လှုပ်ရှားခြင်း) လှုပ်ရှားမှု နောက်ပိုင်းမှစ၍ **"အမျိုးသမီးများအား အဘယ့်ကြောင့်စစ်ပွဲများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခွင့် မပြုပါသနည်း"**ဟု တောင်းဆိုလာခဲ့သည်။ ထို့ကြောင့် အမေရိကန်အစိုးရမှ အမျိုးသမီးများ စစ်တိုက်ခွင့်ကို (၁၉၇၆) ခုနှစ်တွင် ခွင့်ပြုခဲ့သည်။

**အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ပြီးခဲ့သောနှစ်က ထုတ်ပြန်ချက်အရ (၁၉၉၃ခုနှစ်ဧပြီလ၊ ၂၃ ရက်နေ့) စုစည်းမှုတစ်ခု(အစည်းအဝေးတစ်ခု)တွင် လူ(၉၀)ကျော် လိင်အားဖြင့် ကျူးကျော်စော်ကားခံခဲ့ရပြီး၊ ယင်းတို့အနက် (၈၃)ဦးမှာ အမျိုးသမီးများဖြစ်ခဲ့သည်။ ထိုကိစ္စအတွက်(၁၁၇)ဦးသော အရာရှိများမှာ စည်းကမ်း ဥပဒေအရ အရေးယူခြင်းခံခဲ့ရသည်။ အစုအဝေးတစ်ခုတည်းတွင် အမျိုးသမီး (၈၃)ဦးသည် လိင်ပိုင်းဆိုင်ရာ ကျူးကျော်စော်ကားခြင်း ခံရသည်။ ထို (၁၁၇) ဦးသော အရာရှိများ၏ ပြစ်မှုမှာ အဘယ်နည်း။**

**ထိုအရာရှိများသည်၊ ထို အမျိုးသမီးစစ်သည်များကို ပြေးစေပြီး၊ ၎င်းတို့၏ အဝတ်အစားများကို ချွတ်ခဲ့သည်။ ၎င်းတို့ကို ကိုယ်လုံးတီး အနေအထား (၎င်းတို့၏ မျိုးပွားအင်္ဂါများကိုပင် မဖုံးအုပ်စေဘဲ) တန်းစီ လှည့်လည်ပြသစေခဲ့သည်။ ၎င်းတို့အား လူအများရှေ့ဝယ် လိင် ဆက်ဆံနိုင်စေရန်**

**ဖြစ်သည်။ အကယ်၍ ဤသည်ကို အမျိုးသမီးအခွင့်အရေးဟု ယူဆပါက၊ သင့်အခွင့်အရေးများကို သင်ကိုယ်တိုင်သာ ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့၏ ညီမ၊ အစ်မများ၊ သမီးများနှင့် မိခင်များ၏ လိင်ပိုင်းဆိုင်ရာ ကျူးကျော်စော်ကားမှုမှ ကင်းဝေးစေချင်ပါသည်။**

**အထက်ပါဖြစ်ရပ်ကြောင့် ပါလီမန်တွင် ပြင်းထန် စွာ ဂယက်ရိုက်ပြီး သမ္မတကြီး ဘေးလ်ကလင်တန် (Bill Clinton)ကိုယ်တိုင် ထိုပြဿနာအတွက် တောင်းပန်ခဲ့ရပြီး လိုအပ်သည့် အရေးယူမှုပြုလုပ်ပါမည်ဟု ကတိပြုခဲ့ရသည်။ သင်တို့သိကြသောအတိုင်းပင် နိုင်ငံရေးသမားမှ ပေးခဲ့သည့် ကတိဖြစ်သည့် "လိုအပ်တဲ့ အရေးယူမှုပြုလုပ်မည်" ဆိုသည်မှာ ဘာဆက်၍ ဖြစ်ပါမည်နည်း။ ထို့ကြောင့် အစ္စလာမ်မှ အမျိုးသမီးများအားလိုအပ်သော အခြေအနေမှသာလျှင် စစ်မြေပြင်သို့ သွားရောက်ခွင့် ပေးထားခြင်းဖြစ်သည်။** ထိုသို့စစ်မြေပြင်သို့ သွားသောအခါ မျိုးတွင် ထိုအမျိုးသမီးစစ်သည်တို့ အစ္စလာမ့်ကျင့်ဝတ်နှင့် အညီ ဟီဂျာဗ်ဝတ်ပြီး၊ သူမတို့၏ ကာအိန္ဒြေကို ထိန်းသိမ်း စောင့်ရှောက်ရမည်ဖြစ်သည်။

ကျွန်ုပ်၏စကားကို နိဂုံးမချုပ်မီ ဥပမာတစ်ခုပေးချင်ပါသည်။ ကျွန်ုပ်၏ ဟောပြောမှုမစတင်မီ ကျွန်ုပ်ဆိုခဲ့သည့်အတိုင်း **'အစ္စလာမ်မှ ယောကျ်ားနှင့် မိန်းမတို့၏အကြား သာတူညီမျှမှု၊ တန်းတူညီမျှမှု ရှိသည်ဟု ယုံကြည်သော်လည်း ၎င်းတို့အကြားတွင် အခွင့်အရေးများ ထပ်တူညီမျှသည်ဟု လက်မခံပါ။'**

အတန်းတစ်တန်းတွင် ကျောင်းသား'က'နှင့် 'ခ' ရှိသည် ဆိုပါစို့။ စာမေးပွဲတစ်ခုတွင် 'က'နှင့်'ခ' နှစ်ဦးစလုံးမှာ အမှတ်(၁၀၀)တွင် (၈၀)ရပြီး၊ ပထမ စွဲသည်ဆိုပါစို့၊ ကျောင်းသား ရာပေါင်းများစွာအနက် 'က'နှင့် 'ခ' နှစ်ဦးသည် ပထမရ သည်။ မေးခွန်းကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ပါက မေးခွန်း (၁၀)ပုဒ်ပါဝင်ပြီး၊ တစ်ပုဒ်လျှင် (၁၀)မှတ်တန်ဖြစ်သည်။

(၁၀)မှတ်တန် မေးခွန်းနံပါတ်(၁)အတွက် ကျောင်းသား 'က'မှာ (၉)မှတ်ရရှိပြီး၊ ကျောင်းသား 'ခ'မှာမူကား (၇)မှတ် ရရှိသည်။ ထို့ကြောင့် မေးခွန်း(၁)တွင် 'က' က 'ခ'ထက် ပိုသည်။

မေးခွန်း(၂)အတွက် ကျောင်းသား'က'မှ (၇)မှတ်ရရှိ၍ ကျောင်းသား'ခ'မှာ (၉)မှတ်ရရှိသည်ဆိုလျှင် 'ခ'က 'က'ထက် သာသည်ဟု ဆိုနိုင်သည်။

(၁၀)မှတ်တန်မေးခွန်းနံပါတ်(၃)အတွက် 'က' ရော 'ခ' ပါ (၈)မှတ်ရရှိသည်ဖြစ်၍

'က'နှင့် 'ခ'၏ရမှတ်မှာ နှစ်ဦးစလုံး အတူတူပင်ဖြစ်သည်။

မေးခွန်းအသီးသီးတွင် 'က'နှင့်'ခ'၏ ရမှတ်များကို ပေါင်းလိုက်လျှင် 'က'နှင့် 'ခ' နှစ်ဦးစလုံးမှာ (၁၀၀)အပေါ်၌ (၈၀)ရရှိသည်။ အချုပ်အားဖြင့်ဆိုရသော် နှစ်ဦးစလုံးသည် အမှတ်အတူတူရသည်ဟု ဆိုနိုင်သည်။

မေးခွန်းလွှာတစ်ခုလုံးအတွက် ခြုံ၍ပြောရပါလျှင် အချို့သောမေးခွန်းများ အတွက် 'က'မှာ 'ခ'ထက်သာပြီး၊ အချို့သောမေးခွန်းများအတွက်မူ 'ခ'က 'က'ထက်သာသည်။ တစ်နည်းအားဖြင့် ဆိုရပါလျှင် 'က'နှင့်'ခ'သည် အမှတ်(၈၀)စီ ရကြသဖြင့် တတ်ကျွမ်းမှုအတူတူပင်ဖြစ်သည်ဟု ကောက်ချက် ချနိုင်သည်။

အထက်ဖော်ပြပါ သဘောတရားအရပင် ဥပမာပြုရ မည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်(ﷻ)သည် အမျိုးသားများကို အင်အားပို၍ ပေးထားသည်။ ဥပမာ- အိမ်ထဲသို့ သူခိုးဝင်လာပါက အသင်သည် 'ကျွန်ုပ်အမျိုးသမီးများ အခွင့်အရေးရရှိသင့် သည်ဟု ယုံကြည်ပါသည်။ ခံယူပါသည်ဆိုလျှက် အိမ်တွင်အတူနေသောမိခင်၊ အစ်မများ၊ ညီမများ၊သမီးများကို သူခိုးဖမ်းရန် ဦးစားပေး၍ ခိုင်းမည်လော။'

သင်သည် ဦးစားပေး၍ လွှတ်မည်မဟုတ်။ သင် ကိုယ်တိုင်သာ ထွက်၍ အရင်ဆုံး သူခိုးဖမ်းပါလျှင် လိုအပ်လာလျှင် သင်၏မိသားစုဝင်အမျိုးသမီးများကမူ ဝင်ရောက်ကူညီ ပါလိမ့်မည်။ သာမန်အခြေအနေတွင် အလ္လာဟ်အရှင်မြတ် (ﷺ)သည် သင့်အား အင်အားပို၍ ပေးထားသဖြင့် သင်ကသာလျှင် သူခိုးကို ဖမ်းဆီးရပေလိမ့်မည်။

အခြား ဥပမာပြုရလျှင် ကလေးများအား မိဘနှင့် ပတ်သက်၍ တလေးတစား ပြုရမည်ဆိုလျှင် မိခင်ဖြစ်သူကို သုံးဆ၊ဖခင်ဖြစ်သူကို တစ်ဆ အလေးထားရမည်ဟု အဆိုရှိသည်။ ဤနေရာတွင် အမျိုးသမီးမှ အမျိုးသားထက် ပို၍သာသော်လည်း အားလုံးအတွက် အရေးပါမှုမှာ အတူတူပင်ဖြစ်သည်။

ထို့ကြောင့် အစ္စလာမ်မှ သာတူညီမျှမှု ၊တန်းတူညီမှုကို လက်ခံသော်လည်း ထပ်တူညီခြင်းကို လက်မခံပါ။ အစ္စလာမ်တွင် မိန်းမနှင့်ယောကျ်ားသည် အားလုံး အတွက် အတူတူပင် ဖြစ်သည်။ သို့သော် မွတ်စလင်မ် လူ့အဖွဲ့အစည်းမှာမှ ဆောင် ရွက်နေမှုမှာ ကွဲပြားခြားနားနေပါလိမ့်မည်။ မွတ်စလင်မ် လူ့အဖွဲ့အစည်းအများစုတွင် ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နသ်မှ သွေဖည်၍ အမျိုးသမီးများအား ၎င်းတို့ရသင့်ရ ထိုက်သော အခွင့်အရေးများ မပေးကြပေ။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ဤသို့ ဖြစ်လာရသော ပြဿနာ၏ အကြောင်းရင်းမှာ အနောက်တိုင်း လူ့အဖွဲ့အစည်းများကြောင့် ဖြစ်သည်။ အနောက်တိုင်း လူ့အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုများကြောင့် များစွာသော မွတ်စလင်မ်လူ့အဖွဲ့အစည်းများသည် လိုတာထက်ပို၍ အကာအကွယ်ပြုရသော၊ သတိထားရသော လူ့အဖွဲ့အစည်းများ ဖြစ်လာရသည်။ တဖြေးဖြေးနှင့် ကျမ်းမြတ်ကုရ်အာန် နှင့် စွန္နသ်မှ သွေဖည်သွားလေသည်။

**တစ်ဖက်တွင် အချို့သော မွတ်စလင်မ်အဖွဲ့အစည်းများသည် အနောက်တိုင်းယဉ်ကျေးမှုကို လိုက်နာခြင်း၊ ထိုယဉ်ကျေးမှုနှင့်အညီ တန်းညှိ၍ ကျင့်သုံးမှုများ ရှိလေသည်။**

ကျွန်ုပ်အနေနှင့် အနောက်နိုင်ငံ လူ့အဖွဲ့အစည်းများကို ပြောကြားလိုသည်မှာ အစ္စလာမ်မှ ပေးထားသော အမျိုးသမီးများ၏ အခွင့်အရေးကို ကျမ်းမြတ်ကုရ်အာန်၊ စွန္နဟ်တို့နှင့် ဆန်းစစ်လေ့လာကြည့်ရန် တိုက်တွန်းလိုပါသည်။ ထို့မှတစ်ဆင့် အစ္စလာမ်မှ ပေးသောအခွင့်အရေးများသည် ခေတ်မီပါ၏ လော။ ခေတ်နောက်ကျပါ၏လောဟူ၍ သုံးသပ်ဆင်ခြင်ကြပါ။ သင်တို့အနေနှင့် အစ္စလာမ်မှပေးထားသော အမျိုးသမီး အခွင့်အရေးများသည် ခေတ်မီကြောင်း ၊ခေတ်နောက်မကျကြောင်း နားလည်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဆရာမကြီးဒေါက်တာလှလှဝင်း

# အစ္စလာမ်မှပြဆိုသော
# အမျိုးသမီးအခွင့်အရေးများသည်

# ခေတ်မီပါသေးလား
# (သို့)
# ခေတ်နောက်ကျကုန်ပြီလား။

## ဒုတိယတွဲ

**Woman's Rights in Islam**

**MODERNISING OR OUTDATED?**

**PART II**

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

**စူလ်တန်ခါမီ** ။ ။ သက်သေခံရာ၌ အမျိုးသမီးဆိုလျှင် အဘယ်ကြောင့် နှစ်ဦးဖြစ်ရပြီး အမျိုးသားဆိုလျှင် တစ်ဦးတည်းနှင့် အဘယ်ကြောင့် လုံလောက်ရပါသနည်း။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ ညီအစ်ကိုတော်သည် ကျွန်ုပ်အား အလွန်အရေးကြီးသော မေးခွန်းကို မေးလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးသက်သေ (၂)ဦးသည် အမျိုးသားသက်သေ(၁)ဦးနှင့် တူရတာလဲ။ အားလုံးသော အမှုကိစ္စအတွက် အမျိုးသမီးသက်သေ(၂)ဦးသည် အမျိုးသားသက်သေ(၁)ဦးနှင့် မတူညီပါ။ အချို့သော အမှုများအတွက်သာ အမျိုးသားသက်သေ(၁)ဦးအတွက် အမျိုးသမီးသက်သေ (၂)ဦးနှင့် တူနိုင်ပါသည်။

"သက်သေ"နှင့် ပတ်သက် ၍ကျမ်းမြတ်ကုရ်အာန်တွင် အနည်းဆုံး (၅)နေရာ၌ ဖော်ပြထားသော်လည်း "သက်သေ"ကို လိင်ခွဲခြားပြီး ဖော်ပြထားခြင်းမရှိချေ။ အမျိုးသမီးသက်သေ(၂)ဦးသည် အမျိုးသားသက်သေတစ်ဦးနှင့် ညီကြောင်း ဂါဝိကဏ္ဍ၊ ကျမ်းပိုဒ် (၂၈၂)၌ ဖော်ပြထားပါသည်။ ၎င်းသည် ကျမ်းမြတ်ကုရ်အာန်၏ အရှည်ဆုံး အာယသ်တော် (ကျမ်းပိုဒ်)လည်းဖြစ်ပါသည်။

> "ထို့ပြင်တဝ အသင်တို့သည် (ယင်းကဲ့သို့ စာ ချုပ်ချုပ်ဆိုကြသည့်ပြင် ခိုင်လုံသည်ထက် ခိုင်လုံ စေခြင်းငှာ) မိမိတို့အနက်မှ ယောကျ်ားနှစ်ဦးကို(လည်း) သက်သေထားရှိကြကုန်။ တဖန် အကယ်၍ ထိုသက်သေနှစ်ဦး တို့သည်ယောကျ်ား နှစ်ဦးမဖြစ်ကြပါလျှင် အသင်တို့ သဘောတူညီနှစ် သက်ကြလေသော သက်သေများအနက်မှ ယောကျ်ားတစ်ဦးနှင့် မိန်းမ နှစ်ဦးတို့သည်ပင်လျှင် လုံလောက်ကြပေသည်။ အကြောင်းသော်ကား ယင်းမိန်းမနှစ်ဦး အနက်မှတယောက်သည် မေ့လျော့ခဲ့ပါမူ ယင်းမိန်းမ နှစ်ယောက်အနက် တစ်ယောက် သည် ကျန်မိန်းမ တစ်ယောက်ကို သတိ ရစေနိုင်ခြင်းကြောင့်တည်း။" (၂း၂၈၂)

အထက်ဖော်ပြပါ အာယသ်တော် (၂း၂၈၂) သည် ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်ပေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သက်သေခံအတွက် ယောကျ်ား သက်သေနှစ်ဦး ရှာသင့်ပါသည်။ သင့်အနေနှင့် ယောကျ်ားသက်သေနှစ်ဦး မရရှိနိုင်သောအခါမျိုး၌ ယောကျ်ားသက်သေတစ်ဦးနှင့် အမျိုးသမီးသက်သေနှစ်ဦး ရှိသင့်ပါသည်ဟု ဆိုလိုပါသည်။

အထက်ပါ ကိစ္စကို ပိုမိုနားလည်စေရန် ရည်ရွယ်၍ ကျွန်ုပ်အား ဥပမာတစ်ခု ပေးခွင့်ပြုပါ။ လူတစ်ယောက်သည် ခွဲစိတ်ကုသမှုခံယူမည်ဟု ဆိုကြပါစို့။ သဘာဝကျသည့်ကိစ္စမှာ သူ့အနေနှင့် ထူးချွန်ပြောင်မြောက်သည့် ခွဲစိတ်ပါရဂူနှစ်ဦး၏

အကြံပေးချက်ကို ရယူလိုမည်ဖြစ်သည်။ အကယ်၍ သူ့အနေနှင့် ခွဲစိတ်ပါရဂူ နှစ်ဦး၏ အကြံဉာဏ်ကို မရနိုင်ပါက ထူးချွန်ပြောင်မြောက်သည့် ခွဲစိတ်ဆရာဝန်တစ်ဦးနှင့် M.B.B.Sဘွဲ့ရ အထွေထွေရောဂါကု ဆရာဝန်နှစ်ဦး၏ အကြံပေးချက်အပေါ်တွင် မူတည်၍ ညှိနှိုင်းဆောင်ရွက်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ခွဲစိတ်ကုသမှု၌ ခွဲစိတ်သမားတော်သည် M.B.B.S ဘွဲ့ရ ရိုးရိုးဆရာဝန်ထက်ပို၍ တတ်ကျွမ်းသောကြောင့်ဖြစ်သည်။

အထက်ဖော်ပြပါ ဥပမာကဲ့သို့ ငွေရေးကြေးရေးနှင့် ပတ်သက်သော တာဝန်ဝတ္တရားများမှာ ပို၍လေးပင်၊တာဝန် ကြီးသောကြောင့် ထိုတာဝန်ကို ယောကျ်ား၏ ပခုံးပေါ်တွင် လွှဲပြောင်းပေးထားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အစ္စလာမ်တွင် ငွေရေးကြေးရေးတာဝန်မှာ ယောကျ်ားသားများ၏ တာဝန်သာဖြစ်သောကြောင့် မိန်းမများထက်ပို၍ ရည်ညွှန်းခြင်းခံရခြင်းဖြစ်သည်။ ထို့ကြောင့်ငွေရေးကြေးရေးနှင့် ပတ်သက်သော ပြဿနာရပ်များအတွက် အမျိုးသား သက်သေနှစ်ဦးသည် အခိုင်မာဆုံးဖြစ်ပြီး၊ သို့မရနိုင်ပါက အမျိုးသားတစ်ဦး၊ အမျိုသမီးနှစ်ဦးကို သက်သေအဖြစ်ပြု လုပ်သင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ထပ်မံတင်ပြရမည်ဆိုသော်၊ သင်သည် ကျမ်းမြတ်ကုရ်အာန်၏ ခဲဖွယ်ဘောဇဉ်ကဏ္ဍ၊ ကျမ်းပိုဒ် (၁၀၆)တွင်

“ထိုသူသည် “ဝဆီယယ်” မှာတမ်းစကား ပြောကြား လေသော အခါ၊ အသင်တို့အနက်မှ တရားမျှတမှုရှိသော သူနှစ်ယောက်အား သက်သေအဖြစ် ရှိကြရပေမည်။” (၅း၁၀၆)

အထက်ဖော်ပြပါအာယသ်တော်အရ အမွေဆက်ခံမှုနှင့် ဆိုင်သော “သေတမ်းစာ” ရေးလို၊မှာကြားလိုသောအခါမျိုးတွင်လည်း ယောက်ကျားသက်သေနှစ်ဦးထားရန် လိုအပ်ကြောင်း ဖော်ပြထားသည်။ အချို့သော တရားသူကြီးများက ပြောဆိုကြသည်မှာ လူသတ်မှုတစ်ခုအတွက် သက်သေခံရာတွင်လည်း အမျိုးသမီးများ၏ မိန်းမသဘာဝ လန့်တတ်၊ ကြောက်တတ်ကြသည်မှာ ဓမ္မတာဖြစ်၍ ထိုကြောက်တတ်မှုက သူမတို့အား အမှန်ထွက်ဆိုရန် အဟန့်အတား ဖြစ်စေတတ်သောကြောင့်၊ အမျိုးသမီးသက်သေနှစ်ဦးမှာ အမျိုးသားသက်သေတစ်ဦးနှင့် အတူတူပင်ဖြစ်သည်။

ထို့ကြောင့် အခြေအနေနှစ်ရပ်ဖြစ်သည့် ငွေရေး၊ ကြေးရေးကိစ္စနှင့် လူသတ်မှုကိစ္စအတွက်သာလျှင် အမျိုးသမီး သက်သေ (၂)ဦးသည် အမျိုးသားသက်သေ တစ်ဦးနှင့် တူသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

အချို့သော အစ္စလာမ့် ပညာရှင်များက ဆိုကြသည်မှာ-'ကျမ်းမြတ်ကုရ်အာန်တွင် မိန်းမသက်သေ (၂)ဦးသည် ယောကျ်ားသက်သေ(၁)ဦးနှင့်တူသည်ဟူသော ကဏ္ဍမှာ ဂါဝီကဏ္ဍ၊ ကျမ်းပိုဒ် (၂၈၂)တစ်ခုတည်း၌သာဖြစ်သည်။ ထို့ကြောင့် ထိုအာယသ်တော်၏ အလိုအရ အားလုံးသော ကိစ္စရပ်များအတွက် သက်သေ ယောကျ်ား (၁)ယောက်သည် သက်သေ မိန်းမ(၂) ယောက်နှင့်တူ၏ဟု မယူဆကြချေ။

ကျွန်ုပ်တို့အနေနှင့် ကျမ်းမြတ်ကုရ်အာန်တစ်အုပ်လုံးကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ပါစို့။ ရောင်ခြည်တော်ကဏ္ဍ၊ ကျမ်းပိုဒ် (၆)တွင်-

"ထို့ပြင် မိမိတို့၏ဇနီးကြင်ရာများအား (ကာမေသု မိစ္ဆာစာ ရမှု ကျူးလွန်ပါသည်ဟု) စွပ်စွဲသောသူတို့သည် ၎င်းတို့၌ မိမိတို့ အပြင် သက်သေများမရှိကြလျှင် ထိုစွပ်စွဲသူတို့အနက် တစ်ဦး သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ မိမိသည် သစ္စာဝါဒီ ဖြစ်ကြောင်း လေးကြိမ်တိုင်တိုင် သက်သေထွက်ဆို ရမည်။" (၂၄း၆)

အကယ်၍ ခင်ပွန်းဖြစ်သူမှဖြစ်စေ၊ ဇနီးဖြစ်သူမှဖြစ်စေ၊ မိမိ၏ ဇနီး၊ ခင်ပွန်းကို စွပ်စွဲလိုပါက သက်သေရှိရန် လိုအပ်သည်။ အကယ်၍ ၎င်းတို့အနေနှင့် သက်သေမရနိုင်ပါကလည်း ၎င်းတို့၏ ခိုင်မာသော အထောက်အထားသည် အမျိုးသမီး(၁)ဦး (ဝါ) အမျိုးသား(၁)ဦးပင်လျှင် လုံလောက်၏။ ဤအာယသ်တော်၏ အလိုအရ၊ အမျိုးသမီး သက်သေတစ်ဦး နှင့် အမျိုးသားသက်သေတစ်ဦးသည် အတူတူပင် လုံလောက်သော သက်သေဖြစ်ကြောင်းဆိုလိုသည်။

အစ္စလာမ့်ဥပဒေပညာရှင်များက လက်ခံကြသည်မှာ လမြင်သည့်ကိစ္စနှင့် ပတ်သက်သည့် အမျိုးသမီးတစ်ဦးပင် လုံလောက်သောသက်သေဖြစ်သည်။ အချို့သော ဥပဒေပညာရှင်များက လက်ခံကြသည်မှာ ရမ်သွာန်လ၏အစတွင် သက်သေ တစ်ယောက်သာလိုအပ်ပြီး ဝါထွက်သော (ရမ်သွာန်လ၏ အဆုံးတွင်) သက်သေ (၂)ဦး လိုအပ်သည်။ ဤကိစ္စများနှင့် ပတ်သက်၍ အမျိုးသားနှင့် အမျိုးသမီးကွဲပြားခြားနားစေမှု မရှိပါ။ ထို့အတူ အချို့သော အရေးကိစ္စများအတွက် အမျိုးသားသက်သေကို လက်မခံနိုင်သော (အမျိုးသမီးသက်သေကိုသာ လက်ခံသော) အခြေအနေများ လည်းရှိသည်။ အမျိုးသမီးသက်သေကိုသာ အလေးထားသည့်ကိစ္စ ဆိုသည်မှာ မည်သည့်ကိစ္စဖြစ်ကြောင်း အားလုံးမှ စိတ်ဝင်စားစွာ စောင့်ဆိုင်းနေကြမည်ဟု ကျွန်ုပ်ထင်ပါသည်။

မိန်းမတစ်ဦးသေဆုံးသွား၍ မိုင်ယသ်ရေချိုးပေးရန်အတွက် အမျိုးသမီး

သက်သေတစ်ယောက်သာ လုံလောက်ပေသည်။ ချွင်းချက်အနေနှင့် သင်သည် အမျိုးသမီးသက်သေ မရနိုင်သောအခါတွင် သေဆုံးသူ၏ ယောက်ျားသည်သာ လျှင်လုံလောက်သော သက်သေဖြစ်သည်။ ဤကိစ္စအတွက်မှာ အမျိုးသမီးသာလျှင် ပို၍ဖြစ်သင့်သည်။

**ရှီလာဟ်။** ။ အစ္စလာမ်ဘာသာသည် ယောက်ျားတစ်ယောက်အား မိန်းမအများ နှင့်လက်ထက်ခွင့် "Polygamy"ကို အဘယ်ကြောင့် ခွင့်ပြုရပါသနည်း။

**ဒေါက်တာဇာကိရ်။** ။အမှန်စင်စစ် "Polygamy" ဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ယောက်တွင် တစ်ယောက်ထက်ပိုသော ကြင်ဖော်များရှိခြင်းဖြစ်သည်။ ဤကိစ္စ တွင် အမျိုးအစားနှစ်မျိုးခွဲခြားနိုင်သည်။ "Polygeny"ခေါ် မယားပြိုင်ထားခြင်း (အမျိုးသားတစ်ယောက်တွင် ဇနီးမယားတစ်ယောက်ထက် ပို၍ရှိခြင်း)နှင့် "Poly - endry"ခေါ် လင်ပြိုင်ထားခြင်း (အမျိုးသမီးတစ်ယောက်တွင် လင်ယောက်ျား တစ်ယောက်ထက် ပို၍ရှိခြင်း) ဟူ၍ဖြစ်သည်။ **များစွာသော လူပုဂ္ဂိုလ်များမှ 'Po- lygamy' ဟူသောစကားရပ်အတွက် "ယောက်ျားတစ်ယောက်မှ ဇနီးမယား တစ်ဦးထက်ပို၍ လက်ထပ်နိုင်ခြင်း (ဝါ)မယားပြိုင်ထားခြင်းဟူ၍ ထင်မြင်နေ ကြသည်။** အမှန်စင်စစ် ထိုသဘောသာမက အမျိုးသမီးတစ်ဦးတွင် တစ်ဦးထက်ပိုသော လင်ယောက်ျား ကြင်ဖော်များရှိခြင်းသည်လည်း အကျုံးဝင်၏။

ယောက်ျားတစ်ဦးသည် ဇနီးတစ်ဦးထက်ပို၍ လက်ထပ်ထိမ်းမြားခြင်းကို "Polygeny"ဟုခေါ်ပြီး မိန်းမတစ်ဦးတွင် ခင်ပွန်းတစ်ဦးထက်ပို၍ လက်ထပ်ထိမ်းမြား ခြင်းကို "Polyendry"ဟု ခေါ်သည်။ ညီမတော်မှ မေးသောမေးခွန်းမှာ အဓိကအားဖြင့် "ယောက်ျားတစ်ယောက်ကို အဘယ်ကြောင့် ဇနီးတစ်ဦးထက်ပို၍ လက်ထပ်ခွင့်ပြု ရပါသနည်း။" တစ်နည်းဆိုသော် မယားပြိုင်ထားခြင်း (Polygeny)ကို ဘာကြောင့် အစ္စလာမ်မှ ခွင့်ပြုထားရပါသနည်းဟူသော အမေးဖြစ်သည်။ ကျွန်ုပ်မှ ဤမေးခွန်းကို ဖြေပါမည်။

ကျမ်းမြတ်ကုရ်အာန်သည် ကမ္ဘာမြေပေါ်ရှိ ဘာသာရေး ကျမ်းဂန်များအနက် "ဇနီးတစ်ဦးတည်းသာ လက်ထပ်ပါ"ဟု ဖော်ပြထားသော တစ်အုပ်တည်းသော စာအုပ်ဖြစ်ပါသည်။ သင်သည် ဂီတကျမ်း၊ ဝေဒကျမ်း၊ ရာမယနကျမ်း၊ မဟာ ဘာရတကျမ်း၊ သမ္မာကျမ်း အားလုံးကို ဖတ်ကြည့်ပါ။ "တစ်ဦးတည်းကိုသာ လက်ထပ်ပါ"ဟူ၍ ဖော်ပြထားသော နေရာတစ်နေရာမျှမရှိပါ။ ကုရ်အာန် ကျမ်းတစ်အုပ်တည်းတွင် သာ "တစ်ဦးတည်းကိုသာ လက်ထပ်ပါ"ဟု ဖော်ပြထား

သည်ကို တွေ့နိုင်သည်။

အမှန်စင်စစ် သင်သည် ဟိန္ဒူကျမ်းဂန်များကို ဖတ်ရှုလေ့လာပါက များစွာသောဘုရင်များတွင် ဇနီးအများရှိသည်ကို တွေ့နိုင်သည်။ ဥပမာ- ဘုရင်ဒါရှရတ်တွင် ဇနီးတစ်ဦးထက်ပို၍ရှိသည်။ ခရစ်ရှနာတွင်လည်း ဇနီးတစ်ဦးထက် ပို၍ရှိသည်။ သင်သည် ဂျူးကျမ်းဂန်များကို ဖတ်ရှုကြည့်ပါက ဂျူးဥပဒေ၏ (၁၁)ရာစုတွင် "Polygeny" ခေါ် ဇနီးတစ်ဦးထက် ပို၍လက်ထပ်ထိမ်းမြားခွင့်ပြုထားကြောင်း တွေ့ရပေမည်။ ရာဘီဂါတ်ဒ်ရှွန်(မ်) ဘင်ဂျာဟူဒါ (Gurdshom Benjahuda)က Signord အား တင်ပြပြီး ဇနီးတစ်ဦးထက်ပို၍ လက်ထပ်ခြင်းခွင့်မပြုသင့်ကြောင်း တင်ပြခဲ့သည်။ သို့တိုင် အောင် မွတ်စ်လင်မ် နိုင်ငံများတွင်ရှိသော စက်(ပ်)ထရာနစ် ဂျူးလူ့အဖွဲ့အစည်း **(Septranic Jewish Community)**တွင် (၁၉၅၀)တိုင်အောင် ကျင့်သုံးမှုရှိခဲ့သည်။ အစ္စရေးနိုင်ငံ၏ အကြီးအကဲဖြစ်သူမှ ဤသို့ကျင့်သုံးမှုအပေါ် တားမြစ်ပိတ်ပင် ခဲ့သည်။

ခရစ်ယာန်လူ့အဖွဲ့အစည်းများတွင်လည်း လွန်ခဲ့သော နှစ်ရာစုခန့်ထိ (၁၈ ရာစု)ထိ "Polygeny"ခေါ် “မယားပြိုင်ထားခြင်း”ကို ခွင့်ပြုကြောင်း သမ္မာကျမ်းတွင် တွေ့နိုင်သည်။ ထိုရာစုနောက်ပိုင်းတွင် “ခရစ်ယာန်အသင်းတော်”မှ တားမြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ တရားရေး (ဥပဒေရေးရာ)ကို လေ့လာပါက အိန္ဒိယနိုင်ငံ၏ တရားဥပဒေသည် ဟိန္ဒူအမျိုးသားများအား ဇနီးတစ်ယောက်ထက်ပို၍ လက်ထပ်ထိမ်းမြားခွင့်ပြုထားကြောင်းတွေ့ရသည်။ (၁၉၅၄)ခုနှစ်တွင်မှ ဟိန္ဒူလက်ထပ်ထိမ်းမြားမှုအက်ဥပဒေပြဋ္ဌာန်းခဲ့ပြီး၊ ၎င်းတွင် စည်းကမ်းသတ်မှတ်ချက်တစ်ခု ပါဝင်သည်။ ယင်းမှာ ဟိန္ဒူယောကျ်ားများသည် ဇနီးတစ်ဦးထက်ပို၍ လက်ထပ်ခွင့်မပြုဟူသောအချက်ဖြစ်သည်။

“အစ္စလာမ်တွင်ရှိသော အမျိုးသမီးများ၏ အဆင့်အတန်း”နှင့် ပတ်သက်၍ တင်ပြသောကော်မတီ၏ (၁၉၇၅) ခုနှစ် စာရင်းဇယားအရ၊ စာမျက်နှာ (၆၆၊ ၆၇)တွင် ဇနီး တစ်ယောက်ထက်ပို၍ လက်ထပ်ထိမ်းမြားသော ရာခိုင်နှုန်းကို တင်ပြထားသည်။ ယင်းထုတ်ပြန်ထားသော စာရင်း၊ ဇယားအရ၊ ဟိန္ဒူဘာသာဝင်များအတွင်း တစ်ဦးထက်ပိုသော လက်ထပ်ထိမ်းမြားမှုရာခိုင်နှုန်းမှာ (၅. ၀၆)ဖြစ်ပြီး၊ အစ္စလာမ်ဘာသာဝင်များအတွင်း ရာခိုင်နှုန်းမှာ(၄. ၃၁)ဖြစ်သည်။ ဤစာရင်းဇယားများကိုထားပြီး ကျွန်ုပ်တို့၏ အဓိကအချက်ဖြစ်သော “အစ္စလာမ်မှ ဇနီးတစ်ဦးထက်ပိုသော လက်ထပ်ထိမ်းမြားခြင်း (ဝါ) မယားပြိုင်ထားခြင်းကို အဘယ်ကြောင့် ခွင့်ပြုထားရပါသနည်း”ဟူသောအချက်ကို ဆွေးနွေးကြပါစို့။

ကျွန်ုပ်တစ်ခါတင်ပြထားပြီးဖြစ်ပါသည်။ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၃) တွင်

"မိမိတို့နှစ်ခြိုက် သော (အခြား) အမျိုးသမီးများအနက် (ယောကျ်ား တစ်ဦးလျှင်) မိန်းမနှစ်ယောက်စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမ သုံးယောက် စီနှင့်ဖြစ်စေ၊ သို့မဟုတ် မိန်းမလေးယောက်စီနှင့်ဖြစ်စေ ထိမ်းမြားကြကုန်။ တဖန် အကယ်၍ အသင်တို့သည် (မိန်းမ တစ်ယောက်ထက်ပို၍ ထိမ်းမြား ရာတွင်) တရားမျှတမှုကို ပြုနိုင်ကြမည်မဟုတ်ဟု စိုးရိမ်မကင်း ဖြစ်ကြပြန် သော် (ဇနီးမိန်းမ) တစ်ဦးတည်းနှင့်ပင် (တင်းတိမ်ကြရမည်)။" (၄း၃)

ထို့ကြောင့် "တစ်ဦးတည်းကိုသာလက်ထပ်ပါ" ဟူသော စကားသည် ကျမ်းမြတ်ကုရ်အာန် တစ်အုပ်တည်းတွင်သာ ဖော်ပြထားသော ဖော်ပြချက်ဖြစ်သည်။ အခြားမည်သည့် ဘာသာရေးကျမ်းဂန်တွင်မှ ညွှန်ကြားထားခြင်းမရှိပါ။

အစ္စလာမ်မပေါ်ထွန်းမီ အချိန်ကာလက အာရေးဗီးယားကျွန်းဆွယ်ရှိ အာရဗ်လူမျိုး ယောကျ်ားများသည် ဇနီး အများအပြား ယူလေ့ရှိသည်။ အချို့သောသူများတွင် ဇနီးဦးရေ ရာချီ၍ပင် ရှိတတ်သည်။ အစ္စလာမ်မှ ဇနီးများယူခြင်းနှင့် ပတ်သက်၍ အမြင့်ဆုံး ကန့်သတ်ချက်ဖြစ်သော "(၄) ဦး"ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သင့်အနေနှင့် ဇနီးတစ်ဦးထက်ပိုယူပါက ထိုနှစ်ဦး၊ ထိုသုံးဦး၊ ထိုလေးဦးအကြားတွင် တရားမျှတမှုနှင့် ဆက်စပ်မှုပြုရမည်ဖြစ်သည်။ ထိုသို့မဆက်ဆံနိုင်ပါက တစ်ဦးထဲသာ လက်ထပ်ပါ။

ထို အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁၂၉)၌ ထပ်၍ ညွှန်ပြထားသည်။

"ထိုမှတပါးတုံ အသင်တို့သည် (မည်မျှပင် တရားမျှတစေရန်) ဆန္ဒထား ရှိကြသော်လည်း (မိမိတို့၏တဦးထက်ပိုသော) ဇနီးမိန်းမတို့၏ စပ်ကြားဝယ်(အဘက်ဘက်မှ) တရားမျှတအောင်အလျှင်း ပြုနိုင်ကြမည်မဟုတ်ပေ။" (၄း၁၂၉)

ထို့ကြောင့် ဇနီးတစ်ဦးထက်ပို၍ ယူခိုင်းခြင်းကိစ္စမှာ ခြွင်းချက်ဖြစ်သည်။ ၎င်းသည် စည်းမျဉ်း ဥပဒေသမဟုတ်။ များစွာသော လူပုဂ္ဂိုလ်များမှ "အစ္စလာမ်မှ ယောကျ်ားများကို ဇနီး တစ်ဦးထက်ပိုပြီး ဇနီးလေးဦးထိ မဖြစ်မနေယူရမည်ဟု သတ်မှတ်ထားသည်"ဟု ထင်မြင်နေကြသည်။

အစ္စလာမ်တွင် လုပ်ရန်နှင့် မလုပ်ရန် အမျိုးအစား (၅)မျိုး သတ်မှတ်ထားသည်။

(၁) **الواجب** "မလုပ်မနေရတာဝန်"

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

(၂) **المستحب**  " ထောက်ခံသည်။ အားပေးသည်။"

(၃) **الحلال**  "ခွင့်ပြုချက်ရှိသည်။"

(၄) **المكروه**  "မထောက်ခံ အားမပေးပါ။"

(၅) **المحرم**  "တားမြစ်ပိတ်ပင်သည်။" တို့ဖြစ်သည်။ ကျမ်းမြတ်ကုရ်အာန်၊ တမန်တော်မြတ်(ﷺ)၏ ဟဒီးဆ်သြဝါဒများ၏ မည်သည့် နေရာတွင်မှ "ဇနီး တစ်ယောက်ထက်ပို၍ လက်ထပ်ထိမ်းမြားသူသည် ဇနီးတစ်ဦးတည်း လက်ထပ် သူထက်ပို၍ သာလွန်ကောင်းမွန်သော မွတ်စ်လင်ဖြစ်သည်"ဟု ရေးသား ဖော်ပြထားခြင်းမရှိပါ။

ကျွန်ုပ်တို့အနေနှင့် အစ္စလာမ်မှ အဘယ်ကြောင့် ဇနီး တစ်ဦးထက်ပို၍ လက်ထပ်ခွင့်ပြုရသည်ကို ယုတ္တိဗေဒနည်းကျကျ ဆန်းစစ် ဝေဖန်ကြည့်ကြပါစို့။ သဘာဝတရားအရ ယောကျ်ားကလေးများနှင့် မိန်းကလေးများသည် တူညီသော အချိုးအစား နှင့် မွေးဖွားလာခဲ့ကြသည်။ သို့သော် ဆေးသိပ္ပံမှ ပြောကြားသည့်အချက်မှာ သန္ဓေသားအဆင့်တွင်ပင် မိန်းကလေးသန္ဓေသားသည် ယောကျ်ားလေးသန္ဓေသား ထက်ပို၍ ခံနိုင်ရည်ရှိ၍ ပို၍အားကောင်းသန်မာသည်။ ကလေးများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ အထူးပြုလေ့လာထားသော အသိပညာဗဟုသုတအရ မိန်းကလေး များသည် ယောကျ်ားလေးများထက်ပို၍ ခုခံအားကောင်းပြီး၊ ရောဂါများနှင့် ပိုးမွှားများကို ပို၍ခုခံနိုင်စွမ်း ရှိသည်။ ထို့ကြောင့် ကလေးအရွယ်တွင်ပင် ယောကျ်ားလေး အချိုးသည် မိန်းကလေး အချိုးထက်ပို၍နည်းသည်။ ကလေးအဆင့်တွင်ပင် ယောကျ်ားများထက် မိန်းကလေးများ၏ ကျန်းမာရေး အဆင့်အတန်းပို၍ မြင့်မားသည်ကိုတွေ့ရ၏။

စစ်ဖြစ်ပွားသောကာလ၌ဆိုလျှင် ယောကျ်ားများသည် မိန်းမများထက်ပို၍ အသတ်အဖြတ်ခံရပါသည်။ ယခု လောလောဆယ် ကမ္ဘာတွင် ဖြစ်ပွားနေသော စစ်ပွဲများ အထူးသဖြင့် အာဖဂန်နစ္စတန်တွင် ဖြစ်ပွားခဲ့သောစစ်ပွဲတွင် လူပေါင်း (၁. ၅)သန်းကျော် သေဆုံးခဲ့ရပြီး ၎င်းတို့အနက် အများစုမှာ ယောကျ်ားများဖြစ်သည်။ စာရင်းဇယားများအရ မတော်တဆထိခိုက်ဒဏ်ရာရမှုနှင့် စီးကရက်သောက်မှုကြောင့် သေဆုံးသူများတွင် ယောကျ်ားဦးရေမှာ မိန်းမဦးရေ ထက်ပိုများသည်ကို တွေ့ရ၏။ ထို့ကြောင့် ကမ္ဘာပေါ်တွင် မိန်းကလေးဦးရေမှာ ယောကျ်ားဦးရေထက်ပိုများသည်ကို တွေ့နိုင်သည်။

အာရှနှင့် အာဖရိကနိုင်ငံအချို့အပြင် အိန္ဒိယနိုင်ငံသည် ယောကျ်ားကလေး

ဦးရေသည်  မိန်းကလေးဦးထက် ပိုများသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မိန်းကလေးသန္ဓေသား ဖျက်ချမှုမှာ နှစ်စဉ်နှစ်တိုင်း တစ်သန်းကျော် အထက်၌ရှိသည်။ မိန်းကလေးကို ပဋိသန္ဓေဆောင်သည်ဟုသိသည်နှင့် တစ်ပြိုင်နက် သန္ဓေသားဖျက်ချတတ်သော မိစ္ဆာဓလေ့ဆိုးကြီးကြောင့် မိန်းကလေး ဦးရေမှာ တစ်ဖြည်းဖြည်းနည်းပါးလာရပြီး၊ ကျားဦးရေများလာရခြင်းဖြစ်သည်။ (သို့မဟုတ်) မိန်းကလေး သန္ဓေသားကို ဖျက်ချတတ်သည့် ဓလေ့ဆိုးကြီးကို ပယ်ဖျက်ပစ်နိုင်ပါက အခြားနိုင်ငံများမှာကဲ့သို့ပင် ယောက်ျားလေးဦးရေမှာ မိန်းကလေး ဦးရေထက် ပိုနည်းနေဦးမှာဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် မိန်းမဦးရေသည် ယောက်ျားဦးရေထက် (၇. ၈)သန်းပိုနေပါသည်။ နယူးယောက်မြို့တစ်မြို့တည်း၌ပင် ယောက်ျားလေး အရေအတွက်နှင့်ယှဉ်လျှင် မိန်းကလေးအရေအတွက်သည် တစ်သန်းကျော် ပိုနေပါသည်။ နယူးယောက်မြို့တွင် နေထိုင်လျှက်ရှိကြသော ယောက်ျားဦးရေ၏ သုံးပုံ တစ်ပုံမှာ မိန်းမလျှာများဖြစ်နေကြသည်။ အမေရိကန်တစ်နိုင်ငံလုံးမှာ လိင်တူ ဆက်ဆံသူဦးရေမှာ နှစ်ဆယ့်ငါးသန်းမက ရှိနေပါသည်။ ဗြိတိန်နိုင်ငံတွင်မူ မိန်းမ ဦးရေသည် ယောက်ျားဦးရေထက် (၄)သန်းကျော်ပိုနေပြီး၊ ဂျာမနီနိုင်ငံတွင်မူ (၅)သန်းကျော်၊ ရုရှားနိုင်ငံအတွက်မူ (၇)သန်းကျော် ပိုများနေသည်ကို တွေ့ရပါသည်။ တစ်ကမ္ဘာလုံး၌ရှိကြသည့် ယောက်ျားနှင့် မိန်းမဦးရေကို နှိုင်းယှဉ်ကြည့်လျှင် မိန်းမဦးရေ သန်းပေါင်းမည်မျှ ပိုများနေမည်ကို အလ္လာဟ်အရှင် တစ်ပါးတည်းသာ သိရှိတော်မူနိုင် မည်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်၏ညီမသည် အမေရိကန်ပြည်ထောင်စု၌ရှိသော အပျိုကြီး တွေထဲမှ တစ်ယောက်ဟု ဆိုကြပါစို့။ အကယ်၍ ယောက်ျားတိုင်းမှာ ဇနီးမယား တစ်ဦးကျစီ ရှိနေလျှင်တောင်၊ အမေရိကန်ပြည် တစ်ပြည်တည်းတွင် ယောက်ျား ရစရာလမ်းမရှိမည့် မိန်းမသားဦးရေသည် သန်းသုံးဆယ်ကျော်နေပါသည်။ သူမတို့အတွက် ရွေးချယ်စရာလမ်းနှစ်သွယ်သာလျှင် ကျန်ပါတော့သည်။ မိန်းမရှိပြီး သားယောက်ျားတစ်ယောက်နှင့် လက်ထပ်လျှင် လက်ထပ်၊ ဒါမှမဟုတ်လျှင် အများပိုင် ပစ္စည်းလုပ်ချင်လုပ် စသည့် ဤလမ်းနှစ်သွယ်သာလျှင် ရှိပါတော့သည်။ တတိယ ရွေးချယ်စရာ လမ်းကြောင်းမရှိချေ။

ကျွန်ုပ်ကိုယုံပါ။ အထက်ဖော်ပြပါ ပြဿနာကို မွတ်စ်လင်မ်မဟုတ်သူ

ယောက်ျားသားများကိုတင်ပြ၍ ၎င်းတို့၏ အပျိုကြီးညီမ၊ အစ်မများအတွက် ဘယ်ကဲ့သို့ ပြုလုပ်ကြမည်နည်းဟု မေးခွန်းမေးကြည့်ပါ။ မည်သူတစ်ဦး တစ်ယောက်ကမျှ အများပိုင်ပစ္စည်းလုပ်ဖို့ကို လိုလားကြလိမ့်မည်မဟုတ်ချေ။ အချို့တော်သော ပုဂ္ဂိုလ်များကတော့ ၎င်းတို့၏ ညီမ၊ အစ်မများကို အပျိုစင် (အပျိုကြီး)အဖြစ် နေစေမည်ဟု ဆိုကြပါသည်။ ကျွန်ုပ်ကိုယုံပါ။ ဆေးသိပ္ပံ၏တွေ့ရှိချက်အရ ယောက်ျားတစ်ယောက် (သို့) မိန်းမတစ်ယောက်သည် သူတို့ရဲ့ ဘဝတစ်လျှောက်လုံး အပျိုစင်၊ လူပျိုစင်အဖြစ် မနေနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ခန္ဓာကိုယ်ထဲမှ ဟော်မုန်းများသည် နေ့စဉ်နဲ့အမျှ လှုံ့ဆော်နေပါသည်။ ယင်းကဲ့သို့ လှုံ့ဆော်မှုကြောင့် တရားမဝင်သော လိင်ဆက်ဆံမှု (သို့) လိင်ဖောက်ပြန်မှုများ ကျူးလွန်ရန်၊ လိင်နှင့် ဖိမ်ခံမှုပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။ တရားကျင့်ရန် ဟိမဝန္တာတောအတွင်းသို့ဝင်သွားကြသော သူတော်စင်၊ သူတော်ကောင်း အချို့ကလွဲ၍ ကျန်သောလူများသည် မည်သည့်အရာများကို ပြုကျင့်ကြပါသနည်း။ သင်သည် ဖောက်ပြန်သူ များမှ အဘယ်သို့ နေထိုင်သွားကြပါသနည်း။ မည်သည့်အရာများ ပြုလုပ်ကြပါသနည်း။ ဆိုသည့်အချက်ကို တွေ့ရှိရ ပေမည်။ အစီရင်ခံစာတစ်ခုအရ အင်္ဂလန်နိုင်ငံရှိ ခရစ်ယာန်အသင်းတော်တစ်ခု၏ လက်အောက်၌ရှိသော မယ်သီလရှင်များနှင့် ဘုန်းတော်ကြီးများအတွင်းမှ အများစုသည် တရားမဝင် လိင်ဆက်ဆံခြင်းနှင့် လိင်တူဆက်ဆံခြင်းဆိုသောလုပ်ရပ်ကို ပြုလုပ်နေကြကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် အပျိုကြီး၊ လူပျိုကြီးအဖြစ် နေထိုင်မည်ဆိုသည်ကား မဖြစ်နိုင်ချေ။ (မှတ်ချက်- လူမျိုးနှင့် ယဉ်ကျေးမှုအရ မိမိတို့ကိုယ်ကို အပျိုစင်၊ လူပျိုစင်များအဖြစ် ထိန်းသိမ်းနိုင်ကြသော သူများလည်း ရှိနိုင်ပါသည်။) ထို့ကြောင့် ဖြစ်နိုင်သောလမ်းကြောင်းမှာ သင်သည် ဇနီးရှိပြီးသားယောက်ျားတစ်ဦးကို လက်ထပ်ဖို့သာဖြစ်သည်။ သို့မဟုတ်လျှင် ၎င်းတို့သည် အများပိုင်ပစ္စည်းအဖြစ် သက်ဆင်းရပေမည်။

**ရှာမီနာ။** ။ "တစ်ဦးထက်ပိုသော ကြင်ဖော်ကြင်ဖက်ထားခြင်း"ကို ခွင့်ပြုနိုင်သည့် အခြေအနေအမျိုးမျိုးကို စာရင်းပြုစုနိုင်ပါမည်လော။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ယောက်ျားတစ်ယောက်မှ တစ်ဦးထက်ပိုသော ကြင်ဖော်ကြင်ဖက်ထားရှိခြင်း(ဝါ) မယားပြိုင်ယူခြင်းကို ခွင့်ပြုနိုင်သည့် တစ်ခုတည်းသောအခြေအနေမှာ ထိုယောက်ျားသည် ဇနီးများကြားတွင် တရားမျှတစွာ ဆက်ဆံနိုင်သော အခြေအနေတွင်ရှိရမည်။ ထိုယောက်ျားမှ ဇနီးနှစ်ဦးကို တရားမျှတစွာ ဆက်ဆံပြုမူနိုင်သော အခြေအနေမရှိပါက သူ့အနေနှင့် ဇနီးတစ်ဦးတည်းကိုသာ

လက်ထပ်သင့် ပါသည်။ သို့သော် ယောကျ်ားတစ်ယောက်အနေနှင့် ဇနီးတစ်ဦးထက် ပို၍ယူနိုင်သော၊ ယူသင့်သော အခြေအနေ အချို့ လည်းရှိပါသည်။ ကျွန်ုပ်အထက်တွင် တင်ပြခဲ့သော ဥပမာကဲ့သို့ လင်ယောကျ်ားမရနိုင်သော လူ့အဖွဲ့အစည်းအတွင်းရှိ ပိုနေသောမိန်းမများ၏ ကာအိန္ဒြေကို ထိန်းသိမ်း၊ ကာကွယ် စောင့်ရှောက်ရန် အစ္စလာမ်မှ "မယားပြိုင်ဝါဒ"ကို ခွင့်ပြုထား ပေသည်။

ထို့ပြင် "မယားပြိုင်ဝါဒ"ကို ခွင့်ပြုသော အခြားသော အခြေအနေများလည်း ရှိပေသည်။ ဥပမာ - မိန်းမငယ်တစ်ယောက်သည် လက်ထပ်ပြီး လအနည်းငယ်အတွင်း ထိခိုက်ဒဏ်ရာရပြီး သူမသည် သူမလင်ယောကျ်ား၏ လိုအင်ဆန္ဒကို မဖြည့်စွမ်းနိုင်သောအခါမျိုးတွင် သူမ၏ လင်ယောကျ်ားအား မယားပြိုင်ယူခွင့်ပြုရမည် ဖြစ်သည်။ ယောကျ်ားတစ်ယောက်အတွက် သူ၏မိန်းမဖြစ်သူမှာ ထိခိုက်ဒဏ်ရာကြောင့် မစွမ်းမသန်ဖြစ်သွားလျှင် လင်ယောကျ်ားဖြစ်သူအတွက် ရွေးချယ်စရာတစ်ခုတည်းသော လမ်းမှာ နောက်ထပ် မယားတစ်ယောက်ထပ်ယူရန်သာဖြစ်သည်။ ကျွန်ုပ်တင်ပြခဲ့သော ပြဿနာမျိုး လူကြီးမင်း၏ နှစ်မတွင်ဖြစ်ခဲ့သည်ဆိုပါစို့။ သင်သည် သင်၏ယောက်ဖဖြစ်သူကို သင့်နှစ်မအားဆက်၍ ပေါင်းသင်းစေလိုသလော (သို့) ဇနီးသစ်တစ်ဦး လက်ထပ်စေလိုသလော။

အလားတူ အခြားသော အခြေအနေများလည်း ရှိပေသည်။ ဇနီးဖြစ်သူမှ ပြင်းထန်စွာ နာမကျန်းဖြစ်နေသည်။ သူမ၏ ရောဂါဝေဒနာမှာ ပြင်းထန်၍ ကလေးများနှင့် လင်ယောကျ်ားကို မစောင့်ရှောက်နိုင်တော့သောအခါ သူမအနေနှင့် အခြားမိန်းမတစ်ဦးအားမိမိလင်ယောကျ်ားကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းငှာ ခွင့်မပြုသင့်ဘူးလား။ များစွာသောလူများက ငြင်းခုံပြောဆိုကြမည်မှာ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရောဂါသည် မိန်းမကို ပြုစုကုသရန် မိန်းမဖော် (အိမ်ဖော်) (သို့) သူနာပြုဆရာမတစ်ယောက် ငှားရမ်းပေး၍ မရနိုင်ဘူးလား။

ကျွန်ုပ် အသင်နှင့် သဘောတူပါသည်။ ဟုတ်ပါသည်။ သင့်အနေနှင့် ကလေးများကို စောင့်ရှောက်ရန်နှင့် ဇနီးသည်ကိုပြုစုရန် အိမ်ဖော်ကောင်းကောင်း ငှားရမ်းပေးနိုင်ပါသည်။ သို့သော် သင့်ကို မည်သူက စောင့်ရှောက်ပါမည်နည်း။

ထို့ကြောင့် အသင့်အနေနှင့် အကောင်းဆုံး ရွေးချယ်သင့်သောနည်းလမ်းမှာ သင်၏ ပထမဇနီးကို မကွာရှင်း (သွာလတ်(က်))ဘဲနှင့် အခြားဇနီးတစ်ဦးကို လက်ထပ်ထိမ်းမြား သင့်ပါသည်။ သူတို့နှစ်ဦးစလုံးကိုလည်း သင့်အနေနှင့် တန်းတူ ရည်တူထား၍

ပြုမူဆက်ဆံသင့်ပါသည်။ ထိုသို့ လက်ထပ်သော်ငြားလည်း အခြားသော အခြေအနေများလည်း ရှိနိုင်ပါသည်။ ထိုဒုတိယဇနီးနှင့် လက်ထပ်ပြီး နှစ်အတန်ကြာသည့် တိုင်အောင် သားသမီးမရရှိပါ။ ထို့ပြင် ဇနီးမောင်နှံ နှစ်ဦးစလုံးကလည်း သားသမီးရရှိရန် ဆန္ဒပြင်းပြနေပါလျှင် ထိုဒုတိယဇနီးဖြစ်သူမှ မိမိ၏ ယောက်ျားကို အခြားဇနီး တစ်ဦးနှင့် လက်ထပ်ရန် ခွင့်ပြုသင့်သည်။ သို့မဟုတ်ပါက သူတို့နှစ်ဦးအတွက် သားသမီး ထွန်းကားရန် အခွင့်အရေး မရှိကြတော့ပါ။

အချို့သောလူများက သင့်ကိုပြောပါလိမ့်မည်။ "သင်သည် ကလေးတစ်ယောက် အဘယ်ကြောင့် မမွေးစားပါသနည်း။" အစ္စလာမ်တွင် ကလေးမွေးစားခြင်းကို ခွင့်မပြုပါ။ ထိုသို့ ခွင့်မပြုရသော အကြောင်းရင်းများစွာရှိပါသည်။ ဤအကြောင်းကို ကျွန်ုပ် မဆွေးနွေးလိုတော့ပါ။ ဤနေရာတွင် ရွေးချယ်ရန် လမ်းနှစ်သွယ်ရှိပါသည်။ သူ့အနေနှင့် သားသမီး မဖြစ်မနေ လိုချင်ပါက သူ၏ ပထမဇနီးကို ကွာရှင်းပြတ်စဲ၍ နောက်ထပ် ဇနီးတစ်ဦးကို ရယူနိုင်သည်။ သို့မဟုတ်ပါက သူ၏ ပထမဇနီးကို မကွာရှင်းဘဲနှင့် နောက်ထပ်ဇနီးတစ်ဦး ရယူနိုင်သည်။ ထိုဇနီးများအား တူညီသောထောက်ပံ့ပေးကမ်းမှုပြု၍ ညီတူညီမျှ ပြုမူဆက်ဆံရမည်ဖြစ်သည်။ ယခုဖော်ပြပြီးခဲ့သော အကြောင်းပြချက်များသည် လုံလောက်သော အကြောင်းပြချက်များဖြစ်မည်ဟု ထင်ပါသည်။

**အိလီးယပ်(စ်)(ကျောင်းသား)။** ။အမျိုးသမီးတစ်ယောက်မှ နိုင်ငံတော် အကြီးအကဲ ဖြစ်နိုင်ပါသလား။

**ဒေါက်တာ ဇာကိရ်နိုက်(ခ်)။** ။ကျွန်ုပ် သိသလောက် ကျမ်းမြတ်ကုရ်အာန်၏ မည်သည့် နေရာတွင်မှ "အမျိုးသမီးတစ်ယောက်သည် နိုင်ငံတော်၏အကြီးအကဲ မဖြစ်နိုင်"ဟု ဖော်ပြထားချက်မရှိပါ။ သို့သော်လည်း ဟဒီးဆ်တော်များတွင်ကား အမျိုးသမီးမှ နိုင်ငံတော်အကြီးအကဲ မဖြစ်သင့်ဟူသော သဘောရောက်သည့် ဖော်ပြချက်မျိုးများရှိသည်။ ဥပမာ-ဟဒီးဆ်တော်တစ်ခုတွင် **"အမျိုးသမီးခေါင်းဆောင်ရှိသော လူ့အဖွဲ့အစည်းသည် အောင်မြင်လိမ့်မည်မဟုတ်"** အထက်ဖော်ပြပါ ဟဒီးဆ်တော်နှင့်ပတ်သက်၍ အချို့သောပညာရှင်များက ဆိုကြသည်မှာ အထက်ဖော်ပြပါဟဒီးဆ်တော်သည် ကာလတစ်ခု အချိန်တစ်ခုအတွက် ဆိုလိုခြင်းသာဖြစ်သည် ဟူ၏။ အထူးသဖြင့် ထိုကာလသည် ပါရှန်းအင်ပါယာ (ယခု အီရန်)တွင် အမျိုးသမီး ဘုရင်မ ရှိခဲ့သောကာလဟု ဆိုလိုသည်။ ၎င်းဟဒီးဆ်တော်သည် အချိန်ကာလ အားလုံးအတွက် မဆိုလိုပါဟူ၍လည်းပြောကြပြန်သည်။

ကျွန်ုပ်တို့အနေနှင့် အမျိုးသမီးတစ်ဦးသည် နိုင်ငံခေါင်းဆောင် ဖြစ်သင့် မဖြစ်သင့်ဟူသောအချက်နှင့် ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်ကြပါစို့။ အကယ်၍ အမျိုးသမီးတစ်ဦးသည် အစ္စလာမ့်နိုင်ငံတော်တစ်ခု၏ ခေါင်းဆောင် ဖြစ်သည်ဆိုကြပါစို့။ အစ္စလာမ်နိုင်ငံတွင် နိုင်ငံ့ခေါင်းဆောင်သည် ဖွရ်(သ်ွ)နာမားဇ် (မဖြစ်မနေဝတ်ပြု တည်ဆောက်ရသောဆွလားသ်) ဝတ်ပြုခြင်းကို အီမာမ်အဖြစ် ဦးဆောင်ရန် လိုအပ်သည်။ အကယ်၍ အမျိုးသမီးတစ်ယောက်သည် ဖွရ်(သ်ွ)ဆွလာတ် တိုင်းကို ဦးဆောင်ရမည်ဆိုလျှင် သူမအနေနှင့် ဆွလာတ်အတွင်းရှိ ခန္ဓာကိုယ်၏ အမျိုးမျိုးသော အနေအထားများအတိုင်း ပြုမူလှုပ်ရှားရန် လိုအပ်သည်။ အစ္စလာမ်၏ ဆွလားသ်ဝတ်ပြုမှုတွင် ကိယာမ်ရပ်ခြင်း၊ ရူကူဦးညွှတ်ခြင်း၊ စဂျီဒါဟ် ပျပ်ဝတ်ဦးချခြင်း တို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။ အကယ်၍ အမျိုးသမီးတစ်ဦးသည် အထက်ဖော်ပြပါ ဆွလာသ်အတွင်းရှိ လှုပ်ရှားမှုများကို ဝတ်ပြုသူ အမျိုးသားများ၏ရှေ့တွင် ပြုလုပ် မည်ဆိုပါက ထိုအမျိုးသားထုအတွက် အနှောင့်အယှက်ဖြစ်မည်ဟု ကျွန်ုပ်အသေအချာ ပြောရဲပါသည်။

အကယ်၍ အမျိုးသမီးတစ်ဦးသည် ယနေ့ ကျွန်ုပ်တို့ တွေ့ကြုံရင်ဆိုင်နေရသော ခေတ်သစ်လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်ဆိုပါစို့။ အားလုံးသိရှိပြီး သည့်အတိုင်း နိုင်ငံ့ခေါင်းဆောင်တစ်ဦးသည် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံနှုတ်ဆက်ရမည်ဖြစ်ပါသည်။ နိုင်ငံ့ခေါင်းဆောင်အများစုမှာ အမျိုးသားများဖြစ်ကြပါသည်။ ထို့ပြင် အကြိမ်ပေါင်းများစွာ တံခါးပိတ် ဆွေးနွေးပွဲ များလည်း ပြုလုပ်ရမည်ဖြစ်ပါသည်။ ထိုအချိန်ခါမျိုးတွင် မည်သူတစ်ဦးတစ်ယောက်မှ ဝင်ခွင့်ပြုမည်မဟုတ်။ **အစ္စလာမ်တွင် အမျိုးသမီးတစ်ဦးအား "Na.Mehram" ခေါ် လက်ထပ်ခွင့်ရှိသောယောကျ်ားများနှင့် နှစ်ယောက်တည်း နေထိုင်ရန် ခွင့်မပြု။ တစ်နည်းဆိုသော် အစ္စလာမ်တွင် ဖိုမ အတူတကွ ရောနှောနေထိုင်ခြင်း ကို ခွင့်မပြု။**

ထို့ပြင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေနှင့် ပြည်သူ လူထုနှင့်တွေ့ဆုံမှု၊ သွားလာမှုများနှင့် ပတ်သက်၍ အကြိမ်ပေါင်းများစွာ ဓါတ်ပုံ၊ ဗီဒီယိုစသည်တို့ဖြင့် မှတ်တမ်းတင်ခံရဖွယ် ရှိသည်။ ၎င်းခေါင်းဆောင်အနေနှင့် မိမိနှင့် တွေ့ဆုံရသော နိုင်ငံခေါင်းဆောင်များနှင့် အခြားသော လူကြီးလူကောင်းများ၊ လူပုဂ္ဂိုလ်များနှင့် တွဲပြီးရိုက်ထားသော ဓါတ်ပုံများ၊ ဗီဒီယို တိတ်ခွေများကိုလည်း ထိန်းသိမ်းရပေမည်။ ဥပမာ- အမျိုးသမီး နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်သော မာဂရက်သက်ချာ (ဗြိတိန်

နိုင်ငံဝန်ကြီးချုပ်ဟောင်း)ကို ကြည့်ကြပါစို့။ သူမသည် များစွာသော ဓါတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများအတွင်း၌ အခြားသော နိုင်ငံ့ခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များနှင့် လက်ဆွဲ နှုတ်ဆက်နေသည်ကို တွေ့ရပေမည်။ **အစ္စလာမ်မှ အမျိုး သမီးတစ်ဦးအား သူစိမ်းယောကျ်ားများနှင့် လက်ဆွဲ နှုတ်ဆက်ခွင့်မပြု။** သာမန်လူသားများ အနေနှင့်ပင် လူတစ်ဦး နှင့်တစ်ဦး တွေ့ဆုံရာတွင် လက်ဆွဲနှုတ်ဆက်ဖို့လိုလျှင် နိုင်ငံ့ ခေါင်းဆောင်အနေနှင့် ပို၍နှုတ်ဆက်ရပေမည်။ နိုင်ငံ့ခေါင်းဆောင်ဖြစ်သူ အမျိုး သမီးအနေနှင့် သာမန်လူများနှင့်လည်း တွေ့ဆုံ၍ သူမ၏ ပြဿနာများကို ဖြေရှင်း ရပေလိမ့်မည်။

သိပ္ပံပညာရပ်မှ သိလာကြရသည့်အချက်မှာ အမျိုးသမီးများသည် အမျိုးသမီး သဘာဝဓမ္မတာလာကြသည့်အချိန် (မီးယပ်သွေးဆင်းသည့်ကာလ)တွင် ၎င်းတို့၏ မဟော်မုန်းများ ထွက်မှုကြောင့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်း ဆိုင်ရာပြောင်းလဲမှုများကြောင့် အပြုအမူပိုင်းဆိုင်ရာပြောင်းလဲမှုများ ဖြစ်ပေါ် တတ်ကြသည်။ ထို့ကြောင့် ခေါင်းဆောင် အမျိုးသမီးတစ်ဦးအား ဓမ္မတာကာလတွင် ဖြစ်ပေါ်သည့် ပြောင်းလဲမှုများက သူမ၏နိုင်ငံနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်မှု ပြုရာတွင် ရှုတ်ထွေးမှုများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ပြင် ယနေ့ သိပ္ပံပညာအရ ကျွန်ုပ်တို့သိရှိလာရသည်မှာ နှုတ်မှုရေးရာတွင် အမျိုးသမီးများက အမျိုးသားများ ထက်သာပါသည်။ သို့သော် အမျိုးသားများတွင် သာပိုင်ဆိုင်သော ထူးခြားသည့် အရည် အချင်းများမှာ အရာဝတ္ထုများနှင့်ပတ်သက်၍ တွေးတော မှန်းဆမှု၊ အနာဂါတ်ကို ကြိုတင်မျှော်မှန်းမှု၊ အနာဂါတ်တွင် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ကြိုတင် မှန်းဆမှုများတွင် ကောင်းမွန်စွာ တွေးတော ဆင်ခြင် ခန့်မှန်းနိုင်မှုများ ဖြစ်သည်။ ဤထူးခြားသည့် အရည်အသွေးများသည် နိုင်ငံ့ခေါင်းဆောင် တစ်ဦးအတွက် အရေးကြီးပါသည်။

အမျိုးသားများထက် တပန်းသာသောအချက်မှာ အမျိုးသမီးများတွင် ချိုသာ ပျော့ပြောင်းစွာ ပြောဆိုနိုင်သည့် စွမ်းရည်ရှိခြင်းဖြစ်သည်။ ဤသည် သူမ၏ မိခင်ဖြစ်ခြင်း ဟူသော အခြေအနေအတွက် အရေးကြီးသော အရည်အသွေးတစ်ရပ် ဖြစ်သည်။ အမျိုးသမီးသည် အိမ်ထောင်ရှင်ဖြစ်ပါက ပဋိသန္ဓေ ဆောင်ရမည်ဖြစ်၍ လအတန်ကြာ အနားယူရမည်ဖြစ်သည်။ ထိုလများအတွက် မည်သူက တိုင်းပြည်အတွက် တာဝန် ယူမည်နည်း။ အမျိုးသမီးသဘာဝ သားဖွားပြီး၍ မိခင်ဖြစ်လာသောကာလတွင် သူမ၏ မိခင်တာဝန်သည် အရေးကြီးလာပေမည်။ အမျိုးသမီးများသည် မိခင်တာဝန်နှင့်

နိုင်ငံ့တာဝန်ကို တစ်ပြိုင်တည်း ထမ်းဆောင်မှုတွင် မနိုင်မနင်းဖြစ်နိုင်သော်လည်း အမျိုးသားများမှာမူကား ဖခင်တာဝန်နှင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ခြင်းတွင် နိုင်နင်းနိုင်ယံ့မှုမက ပို၍ လက်တွေ့ကြပေသည်။

**ထို့ကြောင့် ကျွန်ုပ်အနေနှင့် အမျိုးသမီးသည် နိုင်ငံ့ခေါင်းဆောင်နေရာတွင် မယူသင့်၊ မရှိသင့်ဟူသော ဖော်ပြပါ ပညာရှင်များအယူအဆဘက်သို့ ပို၍ယိမ်းယိုင် သဘောကျပါသည်။** ဤသို့ဆိုစေကာမူ "အမျိုးသမီးမှ ဆုံးဖြတ်ချက်များ ချရာတွင် မပါဝင်ရ"ဟု မဆိုလိုပါ။ ကျွန်ုပ်၏ တင်ပြမှုတွင် ပါဝင်ခဲ့ပြီးသည့်အတိုင်း၊ သူမတို့တွင် မဲပေးပိုင်ခွင့်၊ ဥပဒေပြုပိုင်ခွင့်များရှိပါသည်။ ဟူဒိုင်ဗီယာစာချုပ် ချုပ်စဉ်ကာလက မွတ်စ်လင်မ်လူ့အဖွဲ့အစည်းတစ်ခုလုံး နှောင့်ယှက်ဖျက်စီးခြင်းခံရသော အချိန်တွင် အွမ္မေ့စလ်မာဟ် (ﷺ)မှ တမန်တော်မြတ်ကြီး(ﷺ)အား ကူညီအားပေးမှုများ ပြုလုပ်ခဲ့သည်။ သင်သိပြီးသည့်အတိုင်း များစွာသောနိုင်ငံများတွင် နိုင်ငံတော်သမ္မတ(သို့) ဝန်ကြီးချုပ်များသည် နိုင်ငံ၏ အကြီးအကဲခေါင်းဆောင်များ ဖြစ်ကြသော်လည်း ၎င်းတို့၏ P.A နှင့် အတွင်းရေးမှူးများကသာ ဆုံးဖြတ်ချက်ချသည်ကများပါသည်။ ထို့ကြောင့် အမျိုးသမီးသည် နိုင်ငံ့အရေးကိစ္စများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များချရာတွင် ကူညီနိုင်ပေသည်။ ဤဖြေရှင်းချက်မှာ ညီနောင်မှ မေးသောမေးခွန်းအတွက် အဖြေဖြစ်သည်ဟု ကျွန်ုပ် ထင်ပါသည်။

**ဘင်းမ်လာဒါလာလ်။** ။အစ္စလာမ်မှ အမျိုးသားနှင့် အမျိုးသမီးများ အခွင့်အရေး အတူတူပင်ဖြစ်သည်ဟု ဟောပြောနေပါလျှက် အဘယ်ကြောင့် အမျိုးသမီးများအား "ပရဒါဟ်"ဝတ်ဆင်ရန် လိုသည်ဟု ဆိုပါသနည်း။ အဘယ်ကြောင့် အမျိုးသားနှင့် အမျိုးသမီးများ တွေ့ဆုံချိန်တွင် သီးသန့်ခွဲခြားနေစေပါသနည်း။

**ဒေါက်တာ ဇာကီရ်နိုက်(ခ်)။** ။ညီမတော်မှမေးသော မေးခွန်းမှာ အလွန်ကောင်းသော မေးခွန်းဖြစ်ပါသည်။အစ္စလာမ်မှ ကျား၊ မရောနှောနေထိုင်ခြင်း၊ ပူးတွဲနေထိုင်ခြင်းကို လက်မခံပါ။ အစ္စလာမ်မှ 'ဟိဂျာဗ်' (ဖုံးကွယ်ခြင်း၊ ဖုံးအုပ်ခြင်း)ကို အဘယ်ကြောင့် အထူးပြုပြောနေရပါသနည်း ဆိုသည့်အချက်ကို တိုတောင်းသော အချိန်ကာလအတွင်း၌ ရှင်းပြပါမည်။ ကျွန်ုပ်အနေနှင့် ယခုလိုမေးတဲ့အတွက် ညီမတော်ကို ကျေးဇူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မှာ ဟိဂျာဗ် (hijab) အကြောင်းကို သီးသန့်ပြောဆိုရန် အချိန်မရသည့် အတွက်ကြောင့်ပင်။

ကျမ်းမြတ်ကုရ်အာန်ကို ဖတ်ရှုကြည့်မည်ဆိုလျှင် အမျိုးသမီးများအတွက် ဟိဂျာဗ်ကိုမဖော်ပြမီ၊ အမျိုးသားများအတွက် ဟိဂျာဗ်အတိုင်းအတာအား ဖော်ပြ

ထားသည်ကို တွေ့နိုင်ပါသည်။ ရောင်ခြည်တော်ကဏ္ဍ၊ ကျမ်းပိုဒ် (၃၀ )၌

> "(အို–နဗီတမန်တော်) အသင်သည် "မုအ်မင်န်" သက်ဝင်ယုံကြည် သူတို့အား မိမိတို့၏ မျက်စိများကိုနှိမ့်ချထားရမည် ဟူ၍လည်းကောင်း၊ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါများကို ထိန်းသိမ်းကြရမည်ဟူ၍ လည်းကောင်း၊ ပြော ကြားပါလေ။" (၂၄း၃၀)

တဖန် ရောင်ခြည်တော်ကဏ္ဍ၊ ကျမ်းပိုဒ် (၃၁)တွင် အမျိုးသမီးများအတွက် ဟိဂျာဗ် အတိုင်းအတာကိုဖော်ပြထားပါသည်။

> "(အို–နဗီတမန်တော်) အသင်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူ အမျိုးသမီးတို့အား (ဤသို့)ပြော ကြားပါလေ။ ၄င်းတို့သည် မိမိတို့မျက်စိများ ကို အောက်သို့နှိမ့်၍စိုက်၍ ထားရှိကြရမည်။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏ အရှက်အင်္ဂါများကို (ကာမေသု မိစ္ဆာစာ ရမှု ကျူးလွန်ခြင်းမှ) ထိန်းသိမ်း ကြရမည်။ ထိုမှတပါး၄င်းတို့သည် ပေါ် ၍နေတတ်သော မိမိတို့၏ အလှမှ တပါး ကျန်အလှအပတို့ကို မပေါ် ကြစေရ။ ထို့ပြင် ၄င်းတို့သည် မိမိတို့၏အပေါ် ရုံ များ (ဦးခေါင်းခြုံလွှာ များ)ကို မိမိတို့၏ရင်ဘတ်များ အပေါ် သို့ ချထားကြရမည်။
>
> ထိုမှတပါး ၄င်းတို့သည် မိမိတို့၏အလှကို မိမိတို့၏ လင်ယောကျ်ားများ၊ သို့မဟုတ် မိမိတို့၏ဖခင် များ၊ သို့မဟုတ် မိမိတို့၏ လင်ယောကျ်ားများ၏ ဖခင် များ၊ သို့မဟုတ် မိမိတို့၏သားများ၊ သို့မဟုတ် မိမိ တို့၏လင်ယောကျ်ားများ ၏သားများ၊ သို့မဟုတ် မိမိ တို့၏အစ်ကိုများ၊ မောင်များ၏သားများ၊ သို့မဟုတ် မိမိတို့၏အစ်မများ၊ ညီမများ၏သားများ၊ သို့မဟုတ် မိမိတို့၏ (သာသနာဝင်) မိန်းမချင်းများ၊ သို့တည်း မဟုတ် မိမိတို့ လက်ယာလက်များက ပိုင်ဆိုင်သော မိန်းမများ(ဝါ)ကျွန်မများ၊ သို့တည်းမဟုတ် ယောကျ်ား များအနက်မှ (မိန်းမများကို) အလိုမရှိသော (မိမိတို့) လက်အောက်ခံများ သို့မဟုတ် မိန်းမများ၏ အတွင်း ရေး လျှို့ဝှက်ချက်များကို မသိ နားမလည်ကြသေး သော ကလေးသူငယ်များ၊ ရှေ့မှတပါး အခြား မည်သူ၏ ရှေ့၌ မျှ မဖော်ကြရ။
>
> ထိုမှတပါး ၄င်းတို့သည် မိမိတို့လျှို့ဝှက်ထား ကြသော တန်ဆာ များကို (သူတစ်ပါးတို့) သိရှိရန် မိမိတို့၏ခြေများကို ဆောင့်၍ မနင်းကြရ။ ထို့ပြင် အို–'မုအ်မင်န်' သက်ဝင် ယုံကြည်သူအပေါင်းတို့၊ အောင်မြင်မှုရရှိကြအံ့သော ငှာ အသင်တို့အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ဝန်ချ တောင်းပန်ကြလေကုန်။"
>
> (၂၄း၃၁)

ကျမ်းတော်မြတ်ကုရ်အာန်နှင့် ဆွဟီးဟ်ဟဒီးဆ်တော်များကိုအခြေခံ၍ အစ္စလာမ်တွင် ဟိဂျာဗ်အတွက် စံ(၆)ချက်ကို ဖော်ပြထားပါသည်။

(၁) **အတိုင်းအတာ**

ပထမစံမှာ ခန္ဓာကိုယ် အတိုင်းအတာကို ဖုံးထားရန်အတွက် ဖြစ်သည်။ ဤနေရာတွင် ဖုံးထားရန် အတိုင်းအတာသည်သာလျှင် ယောကျ်ားနှင့်မိန်းမကွာခြား ပါသည်။ ယောကျ်ားများအတွက် ဖုံးအုပ်ထားရမည့်အတိုင်းအတာမှာ ချက်မှဒူးအထိ ဖြစ်ပါသည်။ မိန်းမသားများအတွက် မျက်နှာနှင့် လက်ကောက်ဝတ်အထိမှတပါး ကျန်သောအစိတ်အပိုင်းများကို ဖုံးအုပ်ထားရမည်။ ဆန္ဒရှိခဲ့လျှင် ထိုအစိတ်အပိုင်းများကိုပါ ဖုံးအုပ်ထားနိုင်ပါသည်။ (အချို့အစ္စလာမ်သုတေသီများက မျက်နှာနှင့်လက်တို့ကိုလည်းအဓိကဟိဂျာဗ်ပြုရမည့်အတိုင်းအတာအတွင်း ပါဝင်ရမည်ဟုဆိုကြပါသည်။) ကျန်သောစံနှုန်းများမှာ ယောကျ်ားနှင့်မိန်းမ အတူတူပင်ဖြစ်သည်။

(၂) ဝတ်ဆင်ရမည့်အဝတ်အစား ချောင်ချောင်ချိချိရှိရမည်။ ကိုယ်လုံးနှင့်ကောက်ကြောင်းကို မပေါ်စေရ။

(၃)ဝတ်ဆင်သည့်အဝတ်အစားသည်ခန္ဓာကိုယ်အတွင်းသားကို ဖောက်မြင်ရသည့်အထိ မပါးလွှာရပါ။

(၄) ဆန့်ကျင်ဘက်လိင်ကို စွဲဆောင်ရန်ရည်ရွယ်ချက်နှင့် စွဲမက်ဖွယ်ကောင်းသောအဝတ်မျိုးမဖြစ်စေရ။

(၅) ဆန့်ကျင်ဘက်လိင်၏ အဝတ်အထည်ပုံစံနှင့်မတူစေရပါ။

(၆) မယုံကြည်သူများ၏ အဝတ်အစား အထူးသဖြင့် ၎င်းတို့၏ ဘာသာရေးဝတ်စုံမျိုးကို မဝတ်ကြရပါ။

ဤသည်ကား အစ္စလာမ်မှ သတ်မှတ်ထားသော ဟီဂျာဗ်၏စံနှုန်းများပင် ဖြစ်လေသည်။

ယခုတဖန် "အစ္စလာမ်တွင် ဟိဂျာဗ်ကို အဘယ်ကြောင့် ပြဋ္ဌာန်းရပါသနည်း" ဟူသောမေးခွန်းသို့ ရောက်ရှိလာပါပြီ။ ဟိဂျာဗ်ဝတ်ထားသော လူ့အဖွဲ့အစည်းနှင့် ဟိဂျာဗ် မဝတ်ထားသောအဖွဲ့အစည်းကို နှိုင်းယှဉ် ဆန်းစစ်ကြည့်ကြပါဦးစို့။ ကမ္ဘာတွင် ရာဇဝတ်ပြစ်မှု ကျူးလွန်မှုအများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စု ဖြစ်ကြောင်း တွေ့ရသည်။ ၁၉၉၀ ခုနှစ် FBI ၏အစီရင်ခံစာအရ အမျိုးသမီး (၁၂၅၀)ယောက်

သည် မုဒိန်းမှု ကျူးလွန်ခံခဲ့ရသည်။ ၎င်းအစီရင်ခံစာတွင် ဖော်ပြပါကိန်းဂဏန်းသည် ထိုပြစ်မှု၏ ၁၆%ကိုသာ ဖော်ပြထားခြင်းဖြစ်ကြောင်း ဝန်ခံထားသည်။ ၎င်း ကိန်းဂဏန်းကို အတိအကျတွက်ချက်ပါက (၁၉၉၀) ခုနှစ်တစ်ခုထဲတွင်ပင် အမျိုးသမီး (၆၄၀၀၀၀)သည် မုဒိန်းကျင့်ခံခဲ့ရသည်။ ၎င်းကို ပျမ်းမျှနှုန်းနှင့် တွက်ချက်ပါက တစ်ရက်အတွက် အမျိုးသမီး (၁၇၅၆)သည် နေ့စဉ် မုဒိန်းကျင့်ခံနေရသည်။ (၁၉၉၃) ခုနှစ်စာရင်းအရ (၁. ၃)မိနစ်အတွင်း အမျိုးသမီး (၁၅)ဦးသည် မုဒိန်းကျင့်ခံနေရသည်ဟူ၏။ သင်သိထားသည့်အတိုင်း အမေရိကန်တွင် အမျိုးသမီးအခွင့်အရေးကို ပိုပေးထားခြင်းကြောင့် အမျိုးသမီးများ ပို၍ ပို၍ မုဒိန်းကျင့်ခံနေခြင်းပင်ဖြစ်ပေလိမ့်မည်။ ဖြစ်ပျက်မှု ပြဿနာ၏ ၁၆%ကိုသာ ဖမ်းဆီးရမိ၏။ ဖြစ်သမျှအမှု၏ ၅၀%မှာ လွတ်လပ်ခွင့် ပေးထားခြင်းဖြစ်သည်။ စာရင်းဇယားအရ ယောကျ်ားတစ်ယောက်သည် မိန်းမ (၁၂၅)ယောက်ကို မုဒိန်းကျင့်ပါမှ တစ်ကြိမ်သာ ဖမ်းခံရမည်ဖြစ်သည်။ တစ်ဖန် ထိုတစ်ကြိမ် အဖမ်းခံရပြန်လျှင်လည်း '၁'နှစ်အောက်သာ ထောင်ကျခံရမည် ဖြစ်သည်။ အကယ်၍ မုဒိန်းမှုကျူးလွန်သူသည် ပထမဆုံး အကြိမ်အဖမ်းခံရလျှင် လျော့လျော့ပေါ့ပေါ့ဖြင့် သူ၏ပြစ်ဒဏ်သည် "၁"နှစ်ထက် နည်းပေလိမ့်မည်။

အိန္ဒိယနိုင်ငံတွင်လည်း (၁၉၉၂)၊ ဒီဇင်ဘာလအတွင်း တစ်ရက်လျှင် (၅၄)မိနစ်တိုင်း မုဒိန်းမှုတစ်ခုရှိကြောင်း၊ အစီရင်ခံစာမှ တင်ပြနေပါသည်။ ထို့အတူ (၂၆)မိနစ်တိုင်း ဗလက္ကာရမှုတစ်မှု၊ (၁)နာရီ (၄၃)မိနစ်တိုင်းတွင် 'ဒေါင်ရီကြောင့် သေဆုံးမှု' တို့ ဖြစ်ပေါ်နေခဲ့ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်း ဖြစ်ပေါ်နေသော မုဒိန်းမှုများကို ခွဲခြမ်း စိတ်ဖြာလေ့လာကြည့်ပါက မိနစ်တိုင်း မိနစ်တိုင်းတွင် မုဒိန်းမှု ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်မှ ရိုးရှင်းလှသော မေးခွန်းတစ်ခု မေးလိုပါသည်။ ၎င်းမှာ အမေရိကန်ပြည်ထောင်စုအတွင်း မိန်းမတိုင်း မိန်းမတိုင်းကို ဟိဂျာဗ်ဝတ်ဆင်ခိုင်းပါက အမေရိကန်ပြည်ထောင်စု၏ မုဒိန်းမှုအခြေအနေမှာ လက်ရှိ အခြေအနေအတိုင်း ရှိနေမည်လော။ လက်ရှိထက် လျော့နည်း သွားမည်လော။ လက်ရှိထက် တိုးတက်သွားမည်လော။ ထို့ကြောင့် အသင့်အနေနှင့် အစ္စလာမ်ကို တစ်ခုလုံး ခြုံငုံနားလည်သင့်ပါသည်။

အစ္စလာမ်မှ အမျိုးသမီးအား ဟိဂျာဗ်ဝတ်ရန်သတ်မှတ် ပြဋ္ဌာန်းပေးသည်။ အမျိုးသားအားလည်း ၎င်းတို့၏မျက်လွှာ(အကြည့်)ကို ချုပ်ထိန်းရန် အမိန့်ပေးထားသည်ကို တွေ့နိုင်သည်။ အစ္စလာမ့်ရှရီအသ် ဥပဒေအရ ယောကျ်ားတစ်ဦးက မိန်းမသားတစ်ဦးကို အဓမ္မပြုကျင့်လျှင် ကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်ထားပါသည်။ ယင်းကဲ့သို့ ကြမ်းတမ်းသော အပြစ်ဒဏ်ကို အချို့က ရိုင်းစိုင်းကြမ်းတမ်းသောဥပဒေဆို၍ အစ္စလာမ်

ဘာသာကို ရက်စက်လွန်းသော ဘာသာတရားအဖြစ် စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့ပါသည်။

ဤနေရာ၌ ကျွန်ုပ်ဘက်မှ မွတ်စလင်မ် မဟုတ်သော ယောက်ျားသားများကို မေးကြည့်ချင်ပါသည်။ လူကြီးမင်းရဲ့ မိခင်(သို့) ဇနီး(သို့) နှမကို တစ်စုံတစ်ယောက်က သားမယားမှု ပြုကျင့်သွားသည်ဆိုကြပါစို့။ လူကြီးမင်းကိုလည်း တရားသူကြီးအဖြစ် ခန့်အပ်ပြီး တရားခံကို လူကြီးမင်း ရှေ့မှောက် ခေါ်ထုတ်လာမည်ဆိုလျှင် လူကြီးမင်းမှ ထိုသူအား မည်သို့သော ပြစ်ဒဏ်မျိုးချမှတ်ပေးမည်နည်းဟု မေးလျှင် အားလုံးသော လူပုဂ္ဂိုလ်များက "ဒီလိုကောင်မျိုးတွေ အသေသတ်ပစ်မှာပဲ"လို့ အဖြေပေးကြပါမည်။ အချို့ကတော့ "သူ့ကို မသေမချင်း တတိတိ နှိပ်စက်ညှင်းပန်းမည်"ဟု ဆိုကြပါသည်။ အသင်တို့၏ မိခင်(သို့မဟုတ်)ဇနီးကို သားမယားမှု ပြုကျင့်သူတွေကို အသင်တို့သည် သေဒဏ် ပေးချင်ကြသည် မဟုတ်ပါလော"ဟု ကျွန်ုပ်မှ သူတို့အား မေးခဲ့ပါသည်။ မိန်းမဆိုလျှင် မိခင်ပဲဖြစ်ဖြစ်၊ နှမပဲဖြစ်ဖြစ်၊ ဇနီးပဲဖြစ်ဖြစ် တစ်ယောက်ယောက်က ဒီလို လူမဆန်စွာ ပြုကျင့်လာခဲ့လျှင် "ဒီကောင်မျိုး သတ်ပစ်မှတန်တယ်၊ သေသင့်တယ်၊ သတ်ပစ်မယ်" လို့ ခံပြင်းပြင်းနှင့် ဆိုတတ်ကြလျှင် အစ္စလာမ်ဥပဒေနှင့် ပြစ်ဒဏ်ပေးမှု ကျတော့မှ "ဘာကြောင့် ကြမ်းလှချည့်ရဲ့၊ ရိုင်းစိုင်းလှချည့်ရဲ့"လို့ ဆိုနေကြပါသနည်း။ အဘယ်ကြောင့် နှစ်မျိုးနှစ်ခွ ပြောနေရပါသနည်း။

ကျွန်ုပ်မှသင့်အားမေးလိုသည့် နောက်ထပ်မေးခွန်းတစ်ခုမှာ အစ္စလာမ့် ရှရီအသ်တရားဥပဒေကို အမေရိကန်ပြည်ထောင်စုတွင် ကျင့်သုံးပါက မုဒိန်းမှုများသည် လက်ရှိအတိုင်း တန့်နေမည်လော၊ ပို၍တိုးတက်သွားမည်လော၊ ကျဆင်းသွားမည် လော။ အိန္ဒိယနိုင်ငံအတွက်လည်း အလားတူ မေးခွန်းကိုပင် မေးလိုပါသည်။ လက်တွေ့ကျကျ သုံးသပ် ကြည့်ကြပါစို့။ အသင်တို့သည် အမျိုးသမီးအခွင့်အရေးကို ပေးနေကြပါသည်ဟု သီအိုရီဆန်ဆန်ပြောနေကြပါသည်။ လက်တွေ့တွင် ၎င်းတို့အား သူမတို့၏ အဆင့်အတန်းကို "ကိုယ်လုပ်တော်များ"၊ "အမြှောင်မယား"များအဖြစ်ကို တွန်းပို့နေကြခြင်းဖြစ်သည်။ ကျွန်ုပ်အနေနှင့် "ဟိဂျာဗ်"၏အရေးကြီးပုံကို အောက် ဖော်ပြပါအမွှာညီအစ်မ၏ ဥပမာနှင့်သာ အမျိုးသမီးတစ်ဦး၏ တန်ဖိုးကိုမီးမောင်း ထိုးပြလိုပါသည်။

ချောမောလှပပုံချင်းကအစ ရုပ်ဆင်းသဏ္ဌာန် အားလုံးနီးပါး တူညီသော အမွှာ ညီအစ်မနှစ်ဦး လမ်းလျှောက်ထွက်သွားကြတယ် ဆိုကြပါစို့။ တစ်ဦးက မျက်နှာနှင့် လက်ကောက်ဝတ်အထိ ဖော်ပြထားရုံမှတစ်ပါး၊တစ်ကိုယ်လုံး လုံလုံခြုံခြုံနှင့်၊ အစ္စလာမ် "ဟိဂျာဗ်"နှင့်အညီ ဝတ်ဆင်ထားပါသည်။ ကျန်တစ်ဦးကမူ အနောက်တိုင်း၌ ဝတ်နေကျ

ဖြစ်သော မီနီစကတ်၊ ပေါင်လန် ဂါဝန်တိုလေးနှင့် ဝတ်ဆင်ထားတယ်ဆိုလျှင် လမ်းထောင့် တစ်နေရာ၌ မိန်းကလေးကို စမည့်နောက်မည့် လမ်းသရဲ၊ လူရမ်းကားများသည် မည်သူ့ကိုပို၍ နောက်ပြောင်မည်နည်း။ အစ္စလာမ့်နည်းကျ ဟိဂျာဗ်ကို ဝတ်ဆင်ထားသော မိန်းကလေးကိုလော။ ပေါင်လန်ဂါဝန်တို ဝတ်ဆင်ထားသော မိန်းကလေးကိုလော။ သဘာဝအရ မီနီစကတ်ဝတ်ဆင်ထားသောသူကို နောက်မှု၊ စမှု ပို၍ ပွဲစည်မည်ဖြစ်သည်။ ဤကဲ့သို့ မလုံ့တလုံ့ ဝတ်ဆင်မှုသည် သွယ်ဝိုက်သောနည်းနှင့် ဆန့် ကျင်ဘက် လိင်၏ စိတ်ကိုစချင်နောက်ချင်အောင်၊ သိက္ခာမဲ့အောင်ပြုချင်စိတ်ကို ဖိတ်ခေါ်နေသောကြောင့်ပင် ဖြစ်သည်။ **ထို့ကြောင့် ဟိဂျာဗ်ဝတ်ဆင်ခြင်းသည် မိန်းမသားတစ်ဦးကို အသရေ မယုတ်စေပါ။ မိန်းမသား၏ဘဝ၊ တန်းဘိုးကို မြှင့်တင်ပေးပါသည်။ မိန်းမသား၏ အိန္ဒြေသိက္ခာနှင့် အရှက်သိလကို စောင့်ထိန်းကာကွယ်ပေးခြင်းသာဖြစ်ပါသည်။**

**ဘီလာလ်လာလာ(ကွန်ပျူတာဆရာ)။** ။ကျွန်တော်သည် အစ္စလာမ်ကို ပြန်ဝင်လာသူတစ်ဦးဖြစ်ပါသည်။ ကျွန်တော့်အား နှစ်ပေါင်းများစွာ ဦးနှောက်ခြောက်စေသော ကိစ္စတစ်ခုရှိပါသည်။ ထိုကိစ္စသည်ကား မွတ်စလင်မ် ယောကျ်ားတစ်ယောက်က Ahle Kitab အဟ်လိ ကိသာဗ်လို့ခေါ်တဲ့ ရှေးကောင်းကင်ကျ ကျမ်းရဘာသာဝင် အမျိုးသမီးများ (ဂျူး၊ခရစ်ယာန်)ကို ကြိုက်ရာ ရွေးချယ်လက်ထပ်လို့ရပြီး၊ ဂျူး၊ ခရစ်ယာန် အမျိုးသားများအနေနှင့် မွတ်စလင်မ်အမျိုးသမီးများအား အဘယ့်ကြောင့် လက်ထပ်ခွင့် မပြုရပါသနည်း။ သူမတို့သည် မွတ်စလင်မ် အမျိုးသမီးများ ဖြစ်ကြသကဲ့သို့ ယောကျ်ားများသည် မုရှ်ရစ်က်များ (တုပနှိုင်းယှဉ်ကိုးကွယ်သူများ) မဟုတ်ကြပါလျှက် အဘယ့်ကြောင့် ယင်းယောကျ်ားများအနေနှင့် မွတ်စ်လင်မ်အမျိုးသမီးများအား လက်ထပ်ခွင့် မရရှိကြရပါသနည်း။ ရှင်းပြပေးနိုင်မလား။

**ဒေါက်တာဇာကိရ်နိုက်(စ်)** ။ ညီတော် ဘီလာလ်၏ မေးခွန်းသည်ကား ကျမ်းမြတ်ကုရ်အာန်၌ မွတ်စလင်မ်အမျိုးသားတစ်ဦးကို ရှေးကောင်းကင်ကျ ကျမ်းဂန်ရရှိသူ (ဂျူး၊ ခရစ်ယာန်ဘာသာဝင်) အမျိုးသမီးများနှင့် လက်ထပ် ထိမ်းမြားခွင့် ပေးထား၍ အပြန်အလှန်အားဖြင့် မွတ်စလင်မ် အမျိုးသမီးများအားရှေးကောင်းကင်ကျ ကျမ်းဂန်ရရှိသူ (ဂျူး၊ ခရစ်ယာန်ဘာသာဝင်)အမျိုးသားများနှင့် လက်ထပ်ခွင့် မပေးရပါသနည်း။

“(အို–မုစ်လင်မ်အပေါင်းတို့) ယနေ့ စင်ကြယ် သန့်ပြန့်သော အရာဟူသမျှ တို့သည် အသင်တို့အဖို့ စားသုံးခွင့်ပြုပြီးဖြစ်လေသည်။ ၎င်းပြင် (ရှေးအထက်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသော သူတို့၏ စားသုံးဘွယ် ရာများသည်လည်း

အသင်တို့အဘို့ (စားသုံး) ခွင့်ပြုပြီးဖြစ်ချေသည်။ ထိုနည်းတူစွာ အသင်တို့၏ စားသုံးဘွယ်ရာများသည်လည်း အသင်တို့အဘို့ (စားသုံး)ခွင့်ပြုပြီးဖြစ်၏။

၄င်းပြင် သိက္ခာကိုစောင့်ထိန်းသော မုစ်လင်မ် အမျိုးသမီးတို့သည်၄င်း၊ အသင်တို့အလျင် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်းခံကြရသော သူတို့အနက်မှ ကာအိန္ဒြေကို စောင့်ထိန်း သော အမျိုးသမီးတို့သည် ၄င်း၊ အကယ်၍ အသင်တို့သည် ထိုအမျိုးသမီးတို့အား ၄င်းတို့၏ "မဟ်ရ်" ထိမ်းမြားကြေးများကို ပေးဆပ်၍ ထင်ထင်ပေါ်ပေါ် ကာမဂုဏ် လိုက်စားခြင်းနှင့် တိတ်တိတ်ပုန်း အမြှောင်မယား ထားခြင်းမပြုဘဲ မိမိတို့၏သိက္ခာကို စောင့်ထိန်းခြင်း အားဖြင့်သာ ထိမ်းမြားကြပါမူ။ (ထိမ်းမြားခွင့်ပြုပြီး ဖြစ်လေသည်)။" (၅း၅)

အစ္စလာမ်မှ မွတ်စလင်မ် အမျိုးသားများကို အဲဟ်လိကိသားဗ်(ရှေးကောင်းကင်ကျ ကျမ်းဂန်ရရှိသူ (ဂျူး၊ ခရစ်ယာန် ဘာသာဝင်)အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြား ခွင့်ပြုထားပါသည်။ အဘယ့်ကြောင့်နည်း။ ခရစ်ယာန် (သို့မဟုတ်) ဂျူးမိန်းမတစ်ဦးမှ မွတ်စလင်မ် အမျိုးသားတစ်ဦးကို လက်ထပ်ပြီးသောအခါတွင် ထို အမျိုးသား၏ မိသားစု၊ ဆွေမျိုးသားချင်းများက ထိုအမျိုးသမီးမှ ယုံကြည်သက်ဝင်သော တမန်တော်များကို စော်ကားမော်ကား ပြုလုပ်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်မှ ဂျူးနှင့် ခရစ်ယာန်များ ယုံကြည်သောတမန်တော်များကိုလည်း သက်ဝင် ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ဂျူး၊ခရစ်ယာန်နှင့် မွတ်စလင်မ်များသည် အာဒမ်(عليه السلام)၊နူးဟ်(عليه السلام)၊ ဒါဝူးဒ် (عليه السلام)၊ မူစာ (عليه السلام)နှင့် အီစာ(عليه السلام)တို့ကို ယုံကြည်ကြ ပါသည်။ သို့သော် ထိုဂျူးနှင့် ခရစ်ယာန်တို့မှ တမန်တော်မုဟမ္မဒ်(ﷺ)အား မယုံကြည် ကြပေ။သို့ပါ၍ ခရစ်ယာန် (သို့) ဂျူး အမျိုးသမီးမှ မွတ်စလင်မ်မိသားစုသို့ ဝင်ရောက် ပါက သူမသည် လင်ယောကျ်ား၏မိသားစု ဆွေမျိုးသားချင်းများ၏ လှောင်ပြောင် သရော်မှုကို ခံရမည်မဟုတ်ပါ။ အပြန်အလှန်အားဖြင့် မွတ်စလင်မ် အမျိုးသမီးမှ ခရစ်ယာန်(သို့မဟုတ်) ဂျူးမိသားစုသို့ဝင်ပါက ထိုသူမ၏ လင်ယောကျ်ားနှင့် ဆွေမျိုးများ ဘက်မှ တမန်တော်မြတ်မုဟမ္မဒ် (ﷺ)အား မယုံကြည်မှုကြောင့် သူမသည် ၎င်းတို့၏ လှောင်ပြောင်သရော်ခြင်းကို ခံရပေမည်။

ထိုအကြောင်းအရင်းများကြောင့် အစ္စလာမ်မှ မွတ်စလင်မ်ယောကျ်ားများကိုသာ အဲဟ်လိကိသားဗ် (ရှေးကောင်းကင်ကျ ကျမ်းဂန်ရရှိသူ ဂျူး၊ ခရစ်ယာန် ဘာသာဝင်) မိန်းမများနှင့် လက်ထပ်ခွင့်ပေးပြီး၊ အပြန်အလှန်အားဖြင့် မွတ်စလင်မ် အမျိုးသမီးအား အဲဟ်လိကိသားဗ်(ရှေးကောင်းကင်ကျ ကျမ်းဂန်ရရှိသူ (ဂျူး၊ ခရစ်ယာန်ဘာသာဝင်)

ယောက်ျားများနှင့် လက်ထပ် ထိမ်းမြားခွင့်ပြုမထားခြင်း ဖြစ်သည်။

မေးခွန်း၏ ဒုတိယပိုင်းသို့ ရောက်ရှိလာပြန်ပါပြီ။ သူမတို့သည် မွတ်စလင်မ် အမျိုးသမီးများ ဖြစ်ကြသကဲ့သို့ ယောက်ျားများသည် မုရှ်ရစ်က်များ (တုပ နှိုင်းယှဉ် ကိုးကွယ်သူများ) မဟုတ်ကြပါလျှက် အဘယ့်ကြောင့် ယင်းယောက်ျားများအနေနှင့် မွတ်စ်လင်မ် အမျိုးသမီးများအား လက်ထပ်ခွင့် မရရှိကြရပါသနည်း။ ညီတော်မှ ကျမ်းမြတ်ကုရ်အာန်၏ဂါဝီကဏ္ဍ၊ ကျမ်းပိုဒ် (၂း၂၂၁)ကို ညွှန်းဆို၍ ပြောသည်ဟု ယူဆပါသည်။

"(အို–"အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိကြသော "မုအ်မင်န်" အပေါင်းတို့) အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲ၍အခြားအရာကို ကိုးကွယ် သော မိန်းမများသည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား မထားရှိကြသမျှ ကာလပတ်လုံး ထိုမိန်းမများနှင့် အသင်တို့သည် ထိမ်းမြားမင်္ဂလာ မပြုကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကိုကိုးကွယ်သော မိန်းမတစ်ဦးသည် အသင်တို့အဘို့အကယ်၍ နှစ်သက်စရာ ဖြစ်ငြားသော်လည်း "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား ထားရှိသော ကျွန်မိန်းမတစ်ဦးသည် (အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော) ထိုမိန်းမထက် မုချ သာ၍ကောင်း၏။ ထိုနည်းတူစွာ အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော ယောက်ျားများသည် "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရား မထားရှိကြသမျှ ကာလ ပတ်လုံး ထိုသူများနှင့် (မုစ်လင်မ်အမျိုးသမီးများကို) ထိမ်းမြား၍ မပေးကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သူတစ်ဦးသည် အသင်တို့အဘို့ အကယ်၍ နှစ်သက်စရာ ဖြစ်ငြားသော်လည်း "အီမာန်" ယုံကြည်ခြင်း သဒ္ဓါတရားထား ရှိသော ကျွန်ယောက်ျားတစ်ဦးသည် (အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော) ထိုယောက်ျားထက် မုချ သာ၍ကောင်း၏။ "(၂း၂၂၁)

ဆိုလိုသည်မှာ အင်္ဂလန်နိုင်ငံ၏ ဘုရင်မကြီးသည် အချမ်းသာဆုံးအမျိုးသမီး ဖြစ်သည်။ အလားတူ သူမသည် အချောအလှဆုံး အမျိုးသမီးဖြစ်ပါစေ။ ကျွန်မတစ်ဦး (Zaduwali) သည် ယုံကြည်သူဖြစ်ပါက မယုံကြည်သူဖြစ်သည့် ကမ္ဘာ့အကောင်းဆုံး မိန်းမဖြစ်သော ထိုအင်္ဂလန်ဘုရင်မကြီးထက် သာပေလိမ့်မည်။

ခဲဖွယ်ဘောဇဉ်ကဏ္ဍ၊ ကျမ်းပိုဒ် (၇၂)တွင်

"မလွဲကေန် ကာဖစ်ရ် ဖြစ်သွားကြသော သူတို့က "ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ် သည် 'မရ်ယမ်' ၏သားတော် 'မစီဟ်' (အီစာ)ပင် ဖြစ်တော်မူသည်"ဟု ပြောဆို

ခဲ့ကြကုန်၏။ အမှန်သော်ကား "မစီဟ်" (ကိုယ်တိုင်)ကပင် "အို ဣစ်ရာအီလီ မျိုးနွယ် အပေါင်းတို့ အသင်တို့သည် ငါ၏အသျှင်နှင့်၊ အသင်တို့၏အသျှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင် မြတ်ကို ပင် ခဝပ်ကိုးကွယ်ကြလေကုန်ဟု ပြောဆိုခဲ့လေသည်။

စင်စစ်ကေန် မည်သူမဆို (တစ်စုံတစ်ရာကို) အလ္လာဟ်အသျှင်မြတ်နှင့် တွဲဘက် (ကိုးကွယ်)ပါလျှင်၊ အလ္လာဟ်အသျှင်မြတ်သည် ထို(ကဲ့သို့သော) သူ၏ အဘို့ 'ဂျန္နတ်' အမတ သုခဘုံကို မုချကေန် ပိတ်ပင် ထားတော်မူအံ့။ ၎င်းပြင် ထိုသူ၏ လားရာဌာနသည် ငရဲမီးပင် ဖြစ်လတ္တံ့။ ထို့ပြင်တပါး (ယင်းကဲ့သို့) မတရားကျူးလွန်သော သူတို့အား ရိုင်းပင်း ကူညီ စောင်မမည့်သူဟူ၍ကား တစ်စုံတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။" (၅း ၇၂)

အထက်ပါအာယသ်တော်မှ ကျွန်ုပ်တို့သိနားလည်ရသည့်အချက်မှာ အလ္လာဟ် အရှင်မြတ်သည် ယေရှုခရစ်တော် ဖြစ်သည်။ တစ်နည်းဆိုသော် ယေရှုသခင်(عليه السلام) သည် ကိုးကွယ်ရာအရှင်ဖြစ်သည်ဟုဆိုသော၊ ယုံကြည်ကြသောသူများသည် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သူများ ဖြစ်သည်။ သို့ဆိုလျှင် ကျမ်းမြတ်ကုရ်အာန်သည် အထက်ပါ အာယသ်တော်မှ ကာဖိရ်အမျိုးသမီးများနှင့် လက်ထပ်ခွင့်ပြုသည်ဟု အဓိပ္ပါယ်ပေါက်နေပေပြီ။ သို့ဖြစ်လျှင် ကျမ်းမြတ်ကုရ်အာန်၏ ကျမ်းပိုဒ်များသည် အချင်းချင်း ဝိရောဓိ ဖြစ်သွားပေမည်။ သို့သော် ကျွန်ုပ် ထောက်ပြခဲ့ပြီးသည့်အတိုင်း ကျမ်းမြတ်ကုရ်အာန် တစ်အုပ်လုံးကို ခြုံကြည့်ပါ။ အင်မရာမ် မျိုးနွယ်ကဏ္ဍ၊ ကျမ်းပိုဒ် (၁၁၀)တွင်-

" (အို–မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် လူခပင်းတို့အဘို့ (တရားခမ္မ ညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာဝင် လူစုပင်တည်း။ (အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သော ကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည့်ပြင် စက်ဆုပ်ရွံ့ရှာဘွယ်ရာများမှလည်း မြစ်တားကြ ကုန်၏။ ထို့ပြင်တပါး အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုလည်း ယုံကြည်ကြကုန်၏။ အကယ်၍သာ (အထက်) ကျမ်းဂန်ရရှိသူတို့သည်လည်း (အသင်တို့ကဲ့သို့ပင်) ယုံကြည် ကြပါမူ၊ မုချ ယင်းသူတို့အဘို့ (ထိုယုံကြည်ခြင်းသည်) သာ၍ ပင် ကောင်းချေသည်။ ယင်းသူတို့အနက်မှ (အချို့) ယုံကြည်သော သူများလည်း ရှိကြပေသည်။" (၃း ၁၁၀)

အထက်ပါကျမ်းပိုဒ်မှ ထောက်ပြသည့်အချက်မှာ သင်သည် အဟ်လိကိသာဗ်မှ အမျိုးသမီးများကို လက်ထပ်ခွင့်ပြုသည်။ သို့သော် ထိုမိန်းမများသည် ယုံကြည်သူများ၊ 'မုအ်မင်န်'များဖြစ်ရမည်ဟုဆို၏။ ထိုသူမများသည် ယေရှု(عليه السلام)သည် ကိုးကွယ်ရာအရှင်ဖြစ်သည် (သို့) ကိုးကွယ်ရာအရှင်၏ သားတော်ဖြစ်သည်ဟု

ယုံကြည်သူများ မဟုတ်စေရ။ ယေရှုသခင်(ﷺ)သည် အလ္လာဟ့်ရစူလ်၊ အလ္လာဟ့် တမန်တော်ဖြစ်ကြောင်း ယုံကြည်ပြီး၊ သူတို့သည် အလ္လာဟ်အရှင်တစ်ပါးတည်း (သောင်ဟီးဒ်) ကိုသာ ယုံကြည်သူများကို ဆိုလိုသည်။ ဤသည်မှာ မေးခွန်း၏ အဖြေပင် ဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်။

**အကီလာဖဘာပီကာ။** ။အစ္စလာမ်မှ အမျိုးသမီးတစ်ဦးအား (အပျိုဖြစ်စေ၊ အိမ်ထောင်ရှင်ဖြစ်စေ) သေတမ်းစာပြုလုပ်ခွင့် အဘယ်ကြောင့် မပေးထားရပါသနည်း။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ညီမတော်မှ မေးမြန်းသည့် မေးခွန်းမှာ အစ္စလာမ်မှ အမျိုးသမီးအား သေတမ်းစာပြုလုပ်ခွင့် အဘယ်ကြောင့် မပေးရပါသနည်း။ ယင်း အချက်သည် လုံးဝမှားယွင်းပါသည်။ ကျွန်ုပ်၏ ဟောပြောတင်ပြမှု၌ ပါသွားချေပြီ။ အစ္စလာမ်မှ လွန်ခဲ့သော နှစ်ပေါင်း (၁၄၀၀)ကျော်၊ အနောက်တိုင်းထက် နှစ်ပေါင်း (၁၃၀၀)စောပြီး အမျိုးသမီးတစ်ဦးအား စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ပေးခဲ့ ပါသည်။ ကျွန်ုပ်၏တင်ပြမှုအတွင်း၌ "ရင့်ကျက်သွားပြီဖြစ်သောအမျိုးသမီး" ဖြစ်ရ မည်ဆိုသောအချက်နှင့်ပတ်သက်၍ ပြတ်ပြတ်သားသား ပြောခဲ့ကြားပါသည်။ ကျွန်ုပ် တင်ပြသွားခဲ့သည့်အတိုင်း သူမသည် အရွယ်ရောက်ပြီးသူ ဖြစ်ဖို့လိုပါပေသည်။ အမျိုးသမီးသည် အရွယ်မရောက်သေးလျှင် သေတမ်းစာ ရေးခွင့်၊ ပြုလုပ်ခွင့်မရှိပါ။ အရွယ်ရောက်ပြီးသော အမျိုးသမီးသည် အပျိုစင်ဖြစ်စေ၊ အအို (အိမ်ထောင်ရှင်)ဖြစ်စေ သူမသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မတိုင်ပင်ဘဲလျှက် သူမပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို လွှဲပြောင်း ပေးကမ်းပိုင်ခွင့်ရှိသည်။ သူမအနေနှင့် ဆန္ဒရှိပါက တစ်စုံတစ်ယောက်နှင့် တိုင်ပင်ခွင့်ရှိပါသည်။ သူမအနေနှင့် သေတမ်းစာ ရေးပိုင်ခွင့်၊ မိမိပိုင်ပစ္စည်းများကို မိမိနှစ်သက်သူကို ကြိုက်သလို လွှဲပြောင်းပေးကမ်းပိုင်ခွင့်ရှိသည်။ အစ္စလာမ်မှ အမျိုးသမီးအား သေတမ်းစာပြုလုပ်ပိုင်ခွင့် ပေးထားပါသည်။အစ္စလာမ်မှ အမျိုးသမီးများအား သေတမ်းစာပြုလုပ်ခြင်းမှ မတားမြစ်ထားချေ။

**ရောရှန်ရန်းဂ်ဝါလာ။** ။ဒေါက်တာဇာကိရ်နိုက်(ခ်)ခင်ဗျား။ ဆရာ့၏ တင်ပြမှုတွင်း၌ အစ္စလာမ်မှ ယောကျ်ားနှင့် မိန်းမအား အခွင့်အရေး ညီညီမျှမျှ ပေးထားသည်ဟု ဆိုခဲ့ပါသည်။ သို့သော် ယောကျ်ားများသည် ဇနီးမယား(၄)ယောက် ယူပိုင်ခွင့်ရှိ၍ အမျိုးသမီးမှာမူကား ယင်းအခွင့်အရေး အဆင့်အတန်းကို မရရှိကြချေ။ ယောကျ်ား တစ်ယောက်သည် အခြားမိန်းမတစ်ယောက်ကို လက်ထပ်ရန် စဉ်းစားနိုင်သော်လည်း အမျိုးသမီးများ၌ အဘယ်ကြောင့် ထိုကဲ့သို့သော အခွင့်အရေး မရရှိရပါသနည်း။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။နောင်တော်မှ မေးမြန်းသည့် မေးခွန်းမှာ အစ္စလာမ်မှ အမျိုးသားများကို "မယားပြိုင်ယူခွင့်"ပြုပြီး၊ အမျိုးသမီးများကိုမူကား "လင်ပြိုင်ယူခွင့်"အဘယ်ကြောင့်မပြုရပါသနည်း။

ပထမဦးဆုံး သင့်အနေနှင့် သဘောပေါက်ထားရမည့်အချက်ကား ယောက်ျားသည် မိန်းမထက်ပို၍ လိင်ဆန္ဒ ပိုမိုများပြားသည် ဆိုသောအချက်ပင်။ ဒုတိယအချက်မှာ ဇီဝကမ္မသဘောအရ၊ ယောက်ျားတစ်ယောက်သည် ဇနီးတစ်ယောက်ထက် ပို၍ ရှိသော်လည်း သူ့၏ လင်ယောက်ျားတာဝန်ကို ထမ်းဆောင်နိုင်ပေသည်။ အမျိုးသမီးတစ်ယောက်သည် လင်ယောက်ျားထက်ပို၍ရှိပါလျှင် သူမသည် သူမ၏ ဇနီးမယားတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ဆေးသိပ္ပံမှ ပြောနေသည့် အချက်မှာ အမျိုးသမီးများသည် ၎င်းတို့၏ မိန်းမသဘာဝ၊ ဓမ္မတာဖြစ်သောကာလတွင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာကြောင့် အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲမှုများဖြစ်ပေါ်လာရပြီး၊ ၎င်းတို့၏ အသိဉာဏ်ဆိုင်ရာ အနှောင့်အယှက်များ ခံစားရတတ်သည်။ ထို့ကြောင့် များစွာသော အဆင်မပြေမှု ခိုက်ရန်ဖြစ်ပွားမှုများမှာ ထိုကာလအတွင်း ဖြစ်ပေါ်စေသည်။

အမေရိကန်ပြည်ထောင်စုတွင်းရှိ အမျိုးသမီးများနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့သော ရာဇဝတ်မှုနှင့် သက်ဆိုင်သော အစီရင်ခံစာတစ်ခုအရ ရာဇဝတ်မှုကျူးလွန်ကြသော အမျိုးသမီးများ၏ ထွက်ဆိုချက်အရ ၎င်းတို့၏ ပြစ်မှုကျူးလွန်သောကာလမှာ ဓမ္မတာဖြစ်သောကာလဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် အမျိုးသမီးတစ်ဦးသည် လင်ယောက်ျားတစ်ဦးထက်ပိုရှိပါက သူမအနေနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ညှိနှိုင်းနိုင်မှု ပို၍ခက်ခဲပေလိမ့်မည်။ ထို့ပြင် ဆေးသိပ္ပံမှ ပြောကြားသည့်အချက်မှာ မိန်းမတစ်ယောက်သည် လင်ယောက်ျားတစ်ယောက်ထက် ပိုရှိပါက သူမအနေနှင့် ကာလသားရောဂါပိုးနှင့် အခြားလိင်မှတစ်ဆင့် ကူးစက်သော ရောဂါမျိုး ကူးဆက်ခံရရန် အခွင့်အလမ်းပိုများသည်။ သူမ၏ ရောဂါသည် သူမ၏ လင်ယောက်ျားကို ကူးဆက်နိုင်သည်။ အကယ်၍ ယောက်ျားတစ်ဦးတွင် ဇနီးမိန်းမတစ်ယောက်ထက် ပိုရှိပါက၊ ထိုမိန်းမများသည် ထိုလင်ယောက်ျားတစ်ဦးတည်းနှင့်သာ ပေါင်းသင်းနေထိုင်ပါက အထက်ပါကိစ္စမျိုး မဖြစ်နိုင်တော့ပေ။

ယောက်ျားတစ်ယောက်မှ မိန်းမတစ်ယောက်ထက် ပို၍ လက်ထပ်ထားပါက ၎င်းတွင်ကလေးများ ရရှိလာပါက ကလေး၏မိဘနှစ်ပါးကို ဖော်ထုတ်ရန်အတွက် ပြဿနာ မရှိနိုင်ပေ။ အဖေရော အမေကိုပါ ခွဲခြား၍ ဖော်ပြနိုင်သည်။ အကယ်၍ အမျိုးသမီးဖြစ်သူမှ လင်ယောက်ျားတစ်ယောက်ထက် ပို၍ရှိပါက မိခင်ကိုသာ

ခွဲခြားနိုင်ပြီး၊ ဖခင်ကိုမူ ခွဲခြား နိုင်မည် မဟုတ်ပေ။ အစ္စလာမ်မှ မိဘနှစ်ပါးကို သီးခြားခွဲခြား သိရှိခြင်းကို အရေးကြီးသောကဏ္ဍတွင် ထားပေသည်။

စိတ်ပညာရှင်များမှ ပြောကြသည်မှာ ကလေးတစ်ယောက်သည် သူ၏ မိဘနှစ်ပါးကို ခွဲခြားသိမြင်ရန်မှာ အလွန်အရေးကြီးပေသည်။ သို့မဟုတ်ပါက ကလေးသည် စိတ်ပိုင်းဆိုင်ရာ ညစ်ညူးမှု၊ စိတ်ဖိစီးမှုဒဏ်ကို ခံစားရမည် ဖြစ်သည်။ ပြည့်တန်ဆာမိန်းမများ၏ ကလေးများသည် ကလေးဘဝတွင် ပျော်ရွှင်စရာဘဝများ မရခဲ့သည်မှာ အံ့ဩစရာ မဟုတ်ပါ။ ကလေးသည် အချိန်တန်၍ ကျောင်းသို့ ရောက်သောအခါ ကလေးအဖေမှာ မည်သူနည်းဟုမေးကြပေလိမ့်မည်။ ထိုအချိန်တွင် ကလေးအဖေအမည်မှာ နှစ်ယောက် အမည်ပေးရမည်။ ထိုကလေးကို မည်သို့ခေါ်ကြမည်ကို သိကြပါလိမ့်မည်။ ထို့ကြောင့် လင်ပြိုင်ယူခြင်းကို ခွင့်မပြုရသော အကြောင်းအရင်းများစွာရှိသည်။

အပြန်အလှန် ငြင်းခုံချက်အားဖြင့် သင့်အားပြောရမည်ဆိုလျှင် မယားပြိုင်ဝါဒကို ခွင့်ပြုရသော အကြောင်းအရင်းများစွာရှိသည်။ စုံတွဲတစ်တွဲတွင် သက်ဆိုင်ရာ အမျိုးသမီးနှင့် ပြဿနာတစ်စုံတစ်ရာ မရှိပါက ယောကျ်ား၊ မိန်းမတစ်ယောက် ထက်ပိုယူခွင့် ပြုမည်ဖြစ်သည်။ ယောကျ်ားတစ်ယောက်သည် မြုံသည်ဟု ဆိုကြပါစို့။ မိန်းမမှ နောက်ယောကျ်ား ထပ်ယူ၍ မရဘူးလား။ ယူခွင့်မရှိပါ။ အဘယ့်ကြောင့်ဆိုသော် မည်သည့် ဆေးဆရာဝန်မှ ယောကျ်ားသည် ရာခိုင်နှုန်းပြည့် မြုံသည်ဟု အာမ မခံနိုင်၍ ဖြစ်ပါသည်။

အခြားသော ကိစ္စတစ်ခုတွင် ယောကျ်ားဖြစ်သူမှာ ထိခိုက်ဒဏ်ရာ ရရှိပြီး၊ အိပ်ယာထဲတွင် နာတာရှည် လူမမာ ဖြစ်နေပါက ထိုမိန်းမမှ နောက်ထပ် လင်ယောကျ်ား ယူ၍ မရ။ ဤကိစ္စနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင် ကြည့်ကြပါစို့၊ ထိုသူသည် မတော်တဆမှုကြောင့် သူ၏ ယောကျ်ားတာဝန်များ ထမ်းဆောင်နိုင်မည် မဟုတ်ပါ။ ပထမဆုံး အချက်မှာ သားကျွေးမှု၊ မယားကျွေးမှုအတွက် ငွေကြေးရှာဖွေရေး ဖြစ်သည်။ ဒုတိယအချက်မှာ သူသည် သူ့ဇနီးသည်၏ ဆန္ဒကို ဖြည့်စွမ်းနိုင်မည်မဟုတ်။ ပထမ ပြဿနာအတွက် အစ္စလာမ်မှ ဖြေရှင်းပေးသည့်အရာ ဇကားသ်(ဆင်းရဲသားဒါနကြေး) ဖြစ်သည်။ သူမအနေနဲ့ ဇကားသ် စားပိုင်ခွင့် ယူပိုင်ခွင့်ရှိသည်။

ဒုတိယအချက်အနေနှင့် ပြောထားသည်မှာ 'ဇနီးသည် အနေနှင့် လင်ယောကျ်ားထက်ပို၍ နည်းပါးသော ဆန္ဒသာ ရှိသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အမျိုးသမီး၏ (ရှဟာဝသ်) စိတ်ကို ဖြည့်စွက်ရန် ပို၍ဆန္ဒပြင်းပြပါက သူမအနေနှင့်

ခိုလဟ် (Kulah) ကွာရှင်းပြတ်စဲခွင့် တောင်းခံနိုင်သည်။ ဤကိစ္စတွင် အမျိုးသမီးမှ ကျန်းမာနေပါက ခိုလဟ်ခေါ် အမျိုးသမီးဘက်မှ ကွာရှင်းပြတ်စဲခွင့် တောင်းခံခြင်းသည် အကောင်းဆုံးကိစ္စ ဖြစ်သည်။ အကယ်၍ သူမသည် ဆွံ့အ၊နားမကြား၊ မသန်မစွမ်း ဖြစ်နေပါက သူမက ကွာရှင်းပြတ်စဲပါက သူမကို မည်သူက တာဝန်ယူမည်နည်း။ ဤသည် ကျွန်ုပ်၏ အဖြေဖြစ်သည်ဟု ယူဆပါသည်။

**ဆာဒါရီ ဟာကင်းမ်။** ။ကျွန်မမေးမြန်းချင်သော မေးခွန်းမှာ အမျိုးသမီးကလေး တစ်ယောက်သည် လူတစ်ယောက်က လက်ထပ်လိုသောအကြောင်း ကမ်းလှမ်း လာလျှင် သူမမှ မနှစ်သက်ပါက 'လက်မထပ်လိုဘူး' ဟု တုန့်ပြန်နိုင်သည်ဟု ပြောဆိုထားပါတယ်။ အကယ်၍ သူမအား အုပ်ထိန်းသူမှ နားချ၍ လက်ထပ်ခိုင်းနေမည်ဆိုလျှင် သူမသည် 'လက်မထပ်နိုင်ဘူး'ဆိုသော ငြင်းဆိုမှုအပြီး၌ စိတ်ချမ်းသာစွာ နေနိုင်ပါဦး မည်လော။

**ဒေါက်တာ ဇာကိရ်နိုက်(စ်)။** ။ ကျွန်ုပ်၏ ဟောပြောချက်အတွင်း၌ တင်ပြသွားသောအချက်ကိုပင် ညီမတော်မှ ထပ်၍ မေးခွန်းထုတ်နေပါသည်။ ကျွန်ုပ်မှ တင်ပြသွားသောအချက်မှာ မိန်းမတစ်ယောက်သည် သူမအား လက်ထပ်ထိမ်းမြားရန် ကမ်းလှမ်းမှုကို 'လက်မထပ်နိုင်ပါ' ဟု တုန့်ပြန်ပြီးသည့်နောက် သူမသည် စိတ်မချမ်းမသာ ဖြစ်နေနိုင်ပါသည်ဟု ပြောကြားခဲ့ ပါသည်။ ညီမအနေနှင့် ကျွန်ုပ်၏ ဟောပြောချက်ကို သေသေချာချာ နားမထောင်ခဲ့တာပါ။ ကျွန်ုပ်၏ တင်ပြမှုတွင် လက်မထပ်သေးသော မိန်းမပျိုတစ်ယောက်၏ စားဝတ်နေရေးအတွက် ထောက်ပံ့ တာဝန်ယူရမည့် တာဝန်သည် သူ၏ဖခင်၊ (သို့မဟုတ်) သူ၏ အစ်ကိုမောင်ဖွားများ၏ တာဝန်ပင်ဖြစ်သည်။ ၎င်းတို့ထံမှ လိုလားသူကို မနှစ်သက်ပါဟု ငြင်းဆိုပြီးသော နောက်ပိုင်းတွင်လည်း သူမ၏ဖခင်နှင့် မောင်များကပင် သူမ၏ စားဝတ်နေရေးနှင့် ငွေရေးကြေးရေးအတွက် တာဝန်ယူရမည်။

**ပရကတ်(ရှ်)လုတ်(တ်)** - ပထမဦးဆုံးအနေနှင့် ဘာသာအသီးသီးက လူများကို ဖိတ်ခေါ်တွေ့ဆုံစေသော အဖွဲ့အစည်းကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ် မေးချင်သော မေးခွန်းမှာ ဟိန္ဒူဝါဒ၊ အစ္စလာမ်နှင့် ခရစ်ယာန်ဘာသာစသည့် ဘာသာတရား အားလုံးသည် ကောင်းမြတ်သောအရာများကို ကျင့်ကြံရန် သင်ကြားပေးသည်။ သို့သော် နှစ်ထောင်ပေါင်းများစွာ ကြာမြင့်သောအခါ ဘာသာတရားအားလုံး၌ မိန်းမများကို ခွဲခြားမှုဖြစ်ပေါ်လာသည်။ ဤသို့သော အဖြစ်မှကင်းလွတ်သည့် ဘာသာတရားဟူ၍ လုံးဝမရှိသလောက်ပင်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

ဤနေရာ၌ ကျွန်ုပ်အနေနှင့် မေးချင်သော မေးခွန်းသည်ကား “ကျမ်းဂန်များ၌ မည်သည့် အကြောင်းအရာများ ရေးသားထားပါသနည်း။ သမ္မာကျမ်းစာ၊ ကုရ်အာန်၊ ဂီတ စသည့် မည်သည့် ကျမ်းမျိုးဖြစ်ဖြစ်၊ ရေးသားဖော်ပြထားသော အကြောင်းအရာများမှာ ပို၍အရေးကြီးပါသလော။ လူ့အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုသည် ပို၍အရေးကြီးပါသလော။”

လက်တွေ့ကျင့်သုံးမှုသည် ပို၍ အရေးကြီးသည်ဟု ဆိုလျှင် မြင့်မြတ်သော ကျမ်းဂန်များဖြစ်သည့် ကုရ်အာန်၊ ဂီတ ကဲ့သို့သောကျမ်းများ၌ ရေးသားထားတဲ့ အချက်များထက် ပို၍ အရေးကြီးပါပေသည်။

ကျွန်ုပ်မှ မျှော်လင့်လျှက်ရှိသော အဖြေမှာ ကျမ်းဂန် စာအုပ်များအတွင်း၌ ရေးထားသည့်အကြောင်းများကို ပြောဆိုနေကြခြင်းထက် လက်တွေ့ကျင့်သုံးမှုသည် ပို၍ အရေးကြီးပါသည် ဆိုသောအချက်ပင်။

**ဒေါက်တာဇာကိရ်။** ။ညီနောင်မှ မေးသွားသော မေးခွန်းသည် အရမ်းကောင်း ပါသည်။ ၎င်းမှ ပြောကြား မေးမြန်းသွားသည်မှာ “အားလုံးသော ဘာသာတရားဆိုင်ရာ ကျမ်းဂန်တွေဟာ ကောင်းမြတ်သော အရာတွေကိုပဲ ပြောကြားထားပါတယ်။” သို့သော် ယခုကျွန်ုပ်တို့အနေနှင့် **လူသားများသည် မည်သည့် အရာများကို လက်တွေ့ လိုက်နာကျင့်သုံးနေကြပါသနည်း။** ဆိုသောအချက်ကို စဉ်းစားကြည့်ကြပါစို့။ ၎င်း အနေနှင့် သဘောတရားရေးထက် ပိုမို၍ လက်တွေ့ကျင့်သုံးမှုကို အလေးပေး သင့်ပါသည်ဟု ပြောကြားခဲ့ပါသည်။ ဤအချက်နှင့် ပတ်သက်၍ ကျွန်ုပ် (ဒေါက်တာဇာကိရ်)သည် သူနှင့် ထပ်တူ သဘောကျပါသည်။

ကျွန်ုပ်တို့သည် ယနေ့မည်သည့်အရာများကို ကျင့်သုံးနေကြပါသနည်း။ ယနေ့ ကျွန်ုပ်ဟောပြောတင်ပြခဲ့သလို မြောက်များစွာသော မွတ်စလင်မ် လူ့အဖွဲ့အစည်းများသည် ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နသ်တော်မှ သွေဖည်ယိမ်းယိုင်နေကြပါသည်။ ဤနေရာ၌ ယနေ့ကျွန်ုပ်တို့ ပြုလုပ်နေကြသည်မှာ လူသားများအား ကျမ်းမြတ်ကုရ်အာန်နှင့် စွန္နသ်တော်၏ဘက်သို့ နီးကပ်လာအောင် ဖိတ်ခေါ်လျှက်ရှိပါသည်။

မေးခွန်း၏ ပထမပိုင်းတွင် “ အားလုံးသော ဘာသာတရားများသည် ကောင်းမြတ်သောအရာများကိုသာ မိန့်ကြားထားပါသည်။ ထို့ကြောင့် ဘာသာတရား များ၏ ကျမ်းဂန် ဒေသနာများက ပြောကြားသောစကားများအကြောင်းကို ပြောကြားခြင်းသည် အသုံးမဝင်တော့ချေ” ဟု ၎င်းပုဂ္ဂိုလ်မှ ပြောကြားခဲ့ပါသည်။

ယင်းအချက်ကိုကား ကျွန်ုပ်အနေနှင့် သဘောမတူပါ။ "အစ္စလာမ်နှင့် အခြား ဘာသာတရားများမှ ပြဆိုသည့် အမျိုးသမီးသမီး၏ အဆင့်အတန်း"ဟူသော ခေါင်းစဉ်နှင့် ကျွန်ုပ်ဟောပြော တင်ပြခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်အနေနှင့် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဂျူးဘာသာတို့နှင့် နှိုင်းယှဉ်၍ အစ္စလာမ်ဘာသာမှပြဆိုသော အမျိုးသမီးတို့၏ အဆင့်အတန်းကို နှိုင်းယှဉ်တင်ပြခဲ့ပြီးဖြစ်ပါသည်။ အသင့်အနေနှင့် ကျွန်ုပ်၏ နှိုင်းယှဉ်တင်ပြမှုကို တက်ရောက်၍ နားဆင်နိုင်ခဲ့သည်ဆိုလျှင် **"မည်သည့် ဘာသာတရားသည် အမျိုးသမီးများအား အမြင့်မားဆုံး အခွင့်အရေးများ၊ (အဆင့်အတန်း၊ ဂုဏ်သိက္ခာ များ) ချီးမြှင့်ထားသည်"** ဆိုသည့်အချက်ကို သင်ကိုယ်တိုင် တရားမျှတစွာဖြင့် ဆုံးဖြတ်နိုင်ပါသည်။

အကယ်၍ အသင့်အနေနှင့် အစ္စလာမ်သည် အမျိုးသမီးများအား အမြင့်မားဆုံးအခွင့်အရေး (အဆင့်အတန်း၊ ဂုဏ်သိက္ခာ)များကို ချီးမြှင့်ထားကြောင်း သီအိုရီအရ သဘော တူညီသည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် ယင်းသဘောတရားများကို လက်တွေ့ အကောင်အထည်ဖော် လိုက်နာကျင့်သုံးရန်သာ လိုပေသည်။ လူတို့သည် အချို့သော အကြောင်းအရင်းများကို တိကျစွာလိုက်နာကျင့်သုံးကြသော်လည်း အချို့ကိုမူကား လိုက်နာကျင့်သုံးမှု မရှိသေးချေ။ ဥပမာအားဖြင့် --- အစ္စလာမ့်တရားဥပဒေမှ ဆင်းသက်လာသော ရာဇဝတ်မှုဆိုင်ရာပြစ်မှုများနှင့် တိုင်းသူပြည်သားများ၏ အခွင့်အရေးကို ဆော်ဒီအစိုးရမှ ကျင့်သုံးလျှက်ရှိပါသည်။ (အလ်ဟမ်းဒုလိလ္လာဟ်) ချီးမွမ်းခြင်းအပေါင်းတို့သည် အလ္လာဟ်အရှင်မြတ်အဖို့သာတည်း။

ယင်းကဲ့သို့ ကျင့်သုံးနေသော သူတို့သည်ပင်လျှင် အချို့သောအချက်များ၌ ကျမ်းမြတ် ကုရ်အာန်မှ ဝေးကွာလျှက် တိမ်းယိမ်းမှုများ ရှိနေပါသည်။ ကျွန်ုပ်တို့ အနေနှင့် ဘာလုပ်သင့်သနည်း။ ဆော်ဒီအစိုးရမှ စံနမူနာအနေနှင့် ကျင့်သုံးနေသော ရာဇဝတ်ပြစ်မှုဆိုင်ရာ အစ္စလာမ့် ဥပဒေကို ကမ္ဘာတစ်ဝှမ်း လိုက်နာကျင့်သုံးနိုင်ရန် ကြိုးပမ်းဖြန့်ချိသင့်ပေသည်။ ထို့ပြင် အသင့်အနေနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် အစ္စလာမ့် ဥပဒေကို လက်တွေ့လိုက်နာကျင့်သုံးခြင်းကြောင့် အကောင်းဆုံးဖြစ်နေသည်ဆိုလျှင် အခြားကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများတွင် လိုက်နာကျင့်သုံးသင့်ပေသည်။ ယခု ဤနေရာတွင် အဘယ့်ကြောင့် ကျွန်ုပ်တို့ စုစည်းရောက်ရှိ နေကြရသနည်း။ ညီနောင့်အနေနှင့် အစ္စလာမ့် တရားဥပဒေအား အကောင်းဆုံး ယူဆထားလျှင် ထိုကဲ့သို့သာ ပြုသင့်ပါသည်။ **အကယ်၍ ကျွန်ုပ်တို့အနေနှင့် လက်တွေ့ လိုက်နာ ကျင့်သုံးမှုမရှိလျှင် ဘာသာတရားသည် မျက်ကန်း မဖြစ်ဘဲ ကျွန်ုပ်တို့သာ မျက်ကန်းဖြစ်သွား**

**ကြပေမည်။** ဤအတွက်ကြောင့်ပင် ကျွန်ုပ်တို့သည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို မှန်ကန်စွာ နားလည် သဘောပေါက်ပြီး မှန်ကန်စွာ လိုက်နာကျင့်သုံးနိုင်ရန် လူများကို ဖိတ်ခေါ်နေခြင်း ဖြစ်ပါသည်။ သူတို့သည် ကျမ်းမြတ်ကုရ်အာန်နှင့် ဟဒီးဆ်တော်များကို မှန်ကန်စွာ နားလည်သဘောပေါက်မှသာလျှင် လက်တွေ့ လိုက်နာကျင့်သုံးနိုင်ပေမည်။

**စိုင်မာကာဒ်ရီ။ ။** အတ်စ်လာမို့အလိုင်းကွန်းမ်။ အစ္စလာမ်၌ အမျိုးသမီးတမန်တော် (Prophets)များ အဘယ်ကြောင့် မရှိရပါသနည်း။

**ဒေါက်တာဇာကိရ်။** ။နှမတော်မှ မေးခွန်းတစ်ခု မေးမြန်းလာပါသည်။ ယင်းမှာ အစ္စလာမ်၌ အမျိုးသမီးတမန်တော်များ (Prophets)အဘယ်ကြောင့် မရှိရပါသနည်း။ အသင့်အနေနှင့် (Prophet)၏ အဓိပ္ပါယ်အား **"လူသားတစ်ဦးသည် ဝဟီဗျာဒိတ်တော်အား လက်ခံရရှိသည်။ ထို့ပြင် လူသားများ၌ ဦးစီးခေါင်းဆောင်အဖြစ် လမ်းညွှန်မှု ပြုလေသည်"**ဟုဆိုလိုလျှင် ကျွန်ုပ်မှ အစ္စလာမ်သည် မည်သည့် အမျိုးသမီးတစ်ဦးတစ်ယောက်ကိုမျှ တမန်တော် (Prophets) များအဖြစ် မချီးမြှင့်ထားပါဟု အခိုင်အမာပြောနိုင်ပါသည်။

ကျမ်းမြတ်ကုရ်အာန်တွင် ယောက်ျား(အမျိုးသား)သည် မိသားစု၏ အိမ်ထောင်ဦးစီးဖြစ်သည်ဟု ရှင်းရှင်း လင်းလင်း ဖော်ပြထားပေသည်။ ထို့ကြောင့် မိသားစုတစ်ခုတွင်တောင် အမျိုးသားများသည်သာ အိမ်ထောင်ဦးစီးဖြစ်သောကြောင့် အမျိုးသမီးတစ်ယောက်အနေနှင့် လူသားများအား အဘယ်ကဲ့သို့ ဦးစီးဦးဆောင်ပြုနိုင်မည်နည်း။ ဒုတိယအပိုင်းကိုဆိုရသော် (Prophets) တမန်တော်တစ်ပါးသည် မပြုမနေရ ဖရ်ည်ဆွလာတ်များကို ဦးဆောင်ဝတ်ပြုရပေမည်။ ထို့ကြောင့် ကျွန်ုပ်အရှေ့ပိုင်း၌ ဟောပြောတင်ပြခဲ့သကဲ့သို့ အမျိုးသမီးတမန်တော်များသည် ကိယမ်(မတ်တပ်ရပ်ခြင်း)၊ ရူကူ (ဦးညွှတ်ခြင်း)၊ စုဂျူဒ်(ပျပ်ဝပ်ဦးချခြင်း)တို့ကို ရှေ့မှနေ၍ ပြုမူမည်ဆိုပါက နောက်ဖက်၌ ဆွလာတ်ဝတ်ပြုဆောက်တည်သူများတွင် အနှောင့်အယှက်ဖြစ်သွားပေလိမ့်မည်။

တမန်တော်များအနေနှင့် အခြေအနေ အရပ်ရပ်ကြောင့် အမျိုးသားများနှင့် တွေ့ဆုံရပေမည်။ အကယ်၍ အမျိုးသမီးတစ်ဦးသည် တမန်တော်ဖြစ်မည်ဆိုပါက (အဘယ်ကဲ့သို့ တစ်စိမ်းအမျိုးသားများနှင့် ရောနှော ဆက်ဆံနိုင်မည်နည်း။) အကြောင်းမှုကား အစ္စလာမ်၌ ကျား၊မ ရောနှောနေထိုင်မှုကို ခွင့်မပြုပေ။ တမန်တော်များသည် အမျိုးသမီးတစ်ဦးဖြစ်မည်ဆိုလျှင် အကယ်၍ ယင်းအမျိုးသမီး၌ အမျိုးသမီးသဘာဝ ကိုယ်ဝန်ရှိနေမည်ဆိုပါက ၎င်းသည် 'လ'အနည်းငယ် ၎င်း၏ တာဝန်များကို

ထမ်းဆောင်နိုင်လိမ့်မည်မဟုတ်။ ထို့ပြင် ယင်းအမျိုးသမီး၌ သားသမီးများရှိနေမည်ဆိုလျှင် ၎င်းသည် မိခင်တစ်ယောက်၏ တာဝန်များကို ထမ်းဆောင်ရသကဲ့သို့ တမန်တော်များ၏ တာဝန်များကို ထမ်းဆောင်ရန် ခဲယဉ်းပေလိမ့်မည်။ အမျိုးသမီးတစ်ယောက်၌ မိခင်တာဝန်များကို ထမ်းဆောင်ရင်း တမန်တော်၏ တာဝန်များကို ထမ်းဆောင်ရန် ခဲယဉ်းသော်လည်း အမျိုးသားတစ်ယောက်မှာမူ ၎င်း၏ ဖခင်တာဝန်များကို ထမ်းဆောင်လျက် တမန်တော်တစ်ပါး၏ တာဝန်များကိုလည်း ထမ်းဆောင်နိုင်ပေသည်။

သို့သော် အသင့်အနေနှင့် Prophet ၏ အဓိပ္ပါယ်အား ရွေးချယ်ခြင်းခံရသောသူ၊ မြင့်မြတ်သန့်ရှင်းသူဟု ဆိုလိုပါလျှင် အစ္စလာမ်တွင် အမျိုးသမီး တမန်တော်ဥပမာများစွာရှိပါသည်။ ကျွန်ုပ်အနေနှင့် ညွှန်းဆိုလိုသည့် အကောင်းဆုံး ဥပမာမှာ ဘီဘီမရ်ယာမ်ပင်ဖြစ်ပါသည်။ အီမ်ရာမ်မျိုးနွယ်ကဏ္ဍ၊ ကျမ်းပိုဒ် (၄၂)တွင်

‘တဖန် (သတိရကြလေကုန်) တရံရောအခါ၊ မလာအိကဟ်ကောင်းကင်စေတမန်များက (မရ်ယမ် သခင်မအား) အို–“မရ်ယမ်” မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ရွေးချယ်မြှောက်စားတော် မူခဲ့ လေပြီ။ မနုစ်မြို့ဘွယ်ရာသော အကြောင်းအရာများမှလည်း ကင်းရှင်းစေ တော်မူခဲ့လေပြီ။ ၎င်းအပြင် (ယခုတဖန်) အသင့်အား စကြာဝဠာ အပေါင်းရှိ အမျိုးသမီးများတွင်လည်း ရွေးချယ်မြှောက်စားတော်မူခဲ့ လေပြီ ဟုပြောကြားခဲ့ကြလေသည်။’ (၃း၄၂)

အသင့်အနေနှင့် Prophet၏ အဓိပ္ပါယ်အား ရွေးချယ်ခြင်းခံရသောသူ၊ မြင့်မြတ်သန့်ရှင်းသူဟုနားလည်ထားလျှင် ကျွန်ုပ်တို့တွင် တမန်တော် အီဆာ(عليه السلام)၏ မယ်တော် ဘီဘီမရ်ယာမ် (عليه السلام)၏ ဥပမာရှိပါသည်။ အသင်သည် မြစ်တားခြင်းကဏ္ဍ၊ ကျမ်းပိုဒ် (၁၁)ကို ဖတ်ရှု ကြည့်မည်ဆိုလျှင်

“ ထိုနည်းတူစွာ အလ္လာဟ်အရှင်မြတ်သည် “မုအ်မင်န်” သက်ဝင် ယုံကြည်ကြကုန်သောသူတို့၏ အကျိုးငှာ ‘ဖစ်ရ်အောင်န်’၏ ဇနီးကြင်ရာကို ဥပမာအဖြစ် ခိုင်းနှိုင်းမိန့်ကြားတော်မူခဲ့၏။ တစ်ရံရောအခါဝယ် ထို ‘ဖစ်ရ် အောင်န်’၏ ဇနီးကြင်ရာသည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ အို–ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် မိမိထံတော်ပါး၌ ‘ဂျန္နတ်’သုခဘုံတွင် ကျွန်တော်မျိုးမအဖို့ နေအိမ် တစ်လုံးကို ပြုလုပ်၍ ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးမအား ‘ဖစ်ရ်အောင်န်’ နှင့် ၎င်း၏အကျင့်အမူတို့မှ လွတ်မြောက်စေတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ကျွန်တော်မျိုးမအား မတရားသော

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

### အမျိုးသားတို့မှလည်း လွတ်မြောက်စေတော်မူပါ။ (၆၆း၁၁)

စဉ်းစားကြည့်စမ်းပါ။ သခင်မကြီးသည် ယင်းခေတ် ယင်းအခါ၌ အင်အားအကြီးမားဆုံး ဘုရင်တစ်ပါး၏ ကြင်ယာတော် ဇနီးဖြစ်ခဲ့သည်။ ထို့ပြင် သခင်မကြီးသည် (လောက၏) စည်းစိမ်ချမ်းသာများဖြင့် ဇိမ်ခံမှုကို ငြင်းပယ်စွန့်လွှတ်၍ အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါး၌ ဂျန္နသ်သုခဘုံတွင် နေအိမ်တစ်လုံးကို ရရှိရန် ဆုတောင်းပတ္တနာပြုခဲ့လေသည်။ အစ္စလာမ်၌ ယင်းကဲ့သို့ မွန်မြတ်သန့်ရှင်းသော ရွေးချယ်ခြင်းခံရသော အမျိုးသမီး(၄)ဦးရှိသည်။ ၎င်းတို့မှာ (၁) ဘီဘီမရ်ယမ် (عليها السلام)(၂) ဘီဘီအာစီယာ(عليها السلام) (၃) ဘီဘီဖာတိမာဟ်(رضي الله عنها) (၄)ဘီဘီ အာအိရှာဟ် (رضي الله عنها)တို့ဖြစ်သည်။

**စမာရ်(ကျောင်းသား)။** ။အစ္စလာမ်သာသနာတွင် အရေးအတွက်အားဖြင့် ယောက်ျားတစ်ယောက်အတွက် အမျိုးသမီး(၄)ဦးကိုသာ လက်ထပ်ထိမ်းမြားရန် အမြင့်ဆုံးသတ်မှတ်ထားပါသည်။ သို့သော် တမန်တော်မြတ် မုဟမ္မဒ်သခင်(ﷺ)တွင် အဘယ်ကြောင့် ကြင်ယာတော် (၁၁)ပါးရှိနေပါသနည်း။ (အချို့လူ့ဗာလများက) မြတ်တမန်တော်(ﷺ)သည် အလွန်တဏှာကြီးသည်ဟု စောင်းမြောင်းပြောဆိုနေကြပေသည်။

**ဒေါက်တာဇာကိရ်နိုက်(ခ်) ။** ။ ညီနောင်မှ မေးသည့် မေးခွန်းမှာ - အစ္စလာမ်သာသနာတွင် ယောက်ျားတစ်ဦးအား အများဆုံးဇနီး(၄)ဦးအထိသာ လက်ထပ်ထိမ်းမြားနိုင်ခွင့် ပေးထားပေသည်။ မည်သည့်အကြောင်းကြောင့် မြတ်တမန်တော်မုဟမ္မဒ်(ﷺ)၌ ကြင်ယာတော်(၁၁)ပါး ရှိနေခဲ့ပါသနည်း။ ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၃)တွင် "သင်သည် ဇနီး(၄)ယောက်အထိ လက်ထပ်နိုင်သည်" ဟုဖော်ပြပါရှိသောကြောင့် အစ္စလာမ်သာသနာတွင် အမြင့်ဆုံး လက်ထပ်ထိမ်းမြားနိုင်သည့် အမျိုးသမီးအရေအတွက်မှာ(၄)ယောက်သာဖြစ်၍ဖော်ပြပါစကားနှင့် ပတ်သက်၍ အသင်နှင့် ကျွန်ုပ်သဘောချင်းတိုက်ဆိုင်ပါသည်။

သို့သော် ကျမ်းမြတ်ကုရ်အာန် ၊ မဟာမိတ်များကဏ္ဍ၊ ကျမ်းပိုဒ် (၅၂)တွင်-

" ဤသည့်နောက်တွင် (အထက် ဖော်ပြပါ အင်္ဂါရပ်များနှင့်မညီသော) အခြားအမျိုးသမီးများသည် အသင့်အဖို့ တရားမဝင်တော့ပြီ။ ထိုနည်းတူစွာ လက်ရှိကြင်ရာများ၏အစား အခြား အမျိုးသမီးများကို ၄င်းတို့၏လှပမှုသည် အသင့်အားနှစ်သက်စေခဲ့သော်လည်း အသင်သည် ပြောင်းလဲ(ထိမ်းမြား) နိုင်ခွင့်မရှိချေ။ သို့ရာတွင်

## အသင်ပိုင်ဆိုင်သော ကျွန်မများကိုမူကား (ပြောင်းလဲ နိုင်ခွင့် / ယူပိုင်ခွင့်ရှိ၏)။ (၃၃း၅၂)

အထက်ပါ ကျမ်းမြတ်ကုရ်အာန်၊ မဟာမိတ်များကဏ္ဍ၊ ကျမ်းပိုဒ် (၅၂)အရ ဤအာယသ်တော်ကျရောက်သည့် အချိန်ထိ လက်ထပ်ထိမ်းမြားပြီးခဲ့သော ဇနီးကြင်ယာတော်များမှ လွဲ၍ အခြားအမျိုးသမီးများကို လက်မထပ်နိုင်ပေ။ သို့သော် တမန်တော်မြတ်(ﷺ)ပိုင်ဆိုင်သော ကျွန်မများကိုမူ ပြောင်းလဲ ယူပိုင်ခွင့်ရှိ၏။ အကယ်၍ မြတ်တမန်တော်မုဟမ္မဒ်(ﷺ)အား အဘယ်ကြောင့် အခြားအမျိုးသမီးများနှင့်ထပ်၍ လက်ထပ်ထိမ်းမြားခွင့် မပေးခြင်းအကြောင်းအရင်းကို အသင့်အနေနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မည်ဆိုလျှင် မြတ်တမန်တော်(ﷺ)အနေနှင့် ယင်းဇနီးကြင်ယာများကို ကွာရှင်းပြတ်စဲခြင်းမပြုနိုင်ကြောင်း တွေ့ရပေမည်။ အကြောင်းမူကား ကျမ်းမြတ်ကုရ်အာန်၌ အာယသ်တော်တစ်ပိုဒ်ထက်ပို၍ ဖော်ပြပါရှိသည်မှာ မြတ်တမန်တော်(ﷺ)၏ ဇနီးကြင်ယာများအား ၎င်းတို့သည် ကွာရှင်းပြတ်စဲခြင်း ခံခဲ့ရသည်ဖြစ်စေ၊ မုဆိုးမများ ဖြစ်သွားခဲ့ကြသည်ဖြစ်စေ၊ မည်သူတစ်ဦး တစ်ယောက်မှ (ယင်းတမန်တော်မြတ် (ﷺ)၏ ဇနီးကြင်ယာတော်များကို လက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ချေ။ အကြောင်းမူကား ယင်းဇနီးကြင်ယာတော်များသည် မုအ်မင်န် သက်ဝင်ယုံကြည်သူများ၏ မိခင်များပင်ဖြစ်ကြကုန်၏ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် မြတ်တမန်တော်(ﷺ)၏ ဇနီးကြင်ယာများကို မည်သူမျှထပ်ပြီး ထိမ်းမြားပိုင်ခွင့်မရှိချေ။ သဘာဝတရားအရလည်း မြတ်တမန်တော်(ﷺ)သည် ဇနီးကြင်ယာတော်များကို ကွာရှင်းပြတ်စဲနိုင်ခြင်း မရှိခဲ့ချေ။ **အကယ်၍ အသင့်အနေနှင့် မြတ်တမန်တော်(ﷺ)သည် ဇနီးကြင်ယာတော်(၁)ပါးခြင်းအား လက်ထပ်ထိမ်းမြားခဲ့ရခြင်း၏ အကြောင်းအရင်းကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မည်ဆိုလျှင် ထိမ်းမြားလက်ထပ်ခဲ့မှု အားလုံးသည် လူမှုရေး ပြုပြင်ပြောင်းလဲမှု(သို့) နိုင်ငံရေး အသွင်သဏ္ဌာန် ပြုပြင် ပြောင်းလဲမှုတည်းဟူသော အကြောင်းအရင်းများကြောင့် ဖြစ်ကြောင်းကို အသင့်အနေနှင့် လေ့လာတွေ့ရှိနိုင်ပေသည်။ မြတ်တမန်တော်(ﷺ)၏ လိင်စိတ်မပြည့်ဝမှုကြောင့် အလျှဉ်းမဟုတ်ပေ။**

ပထမဦးဆုံး ဘီဘီခတီဂျာဟ်(رضي الله عنها)သခင်မကြီးနှင့် လက်ထပ်ထိမ်းမြားခဲ့လေသည်။ ထိုအချိန်တွင် သခင်မကြီး၏ သက်တော်မှာ (၄၀)ရှိ၍ ကိုယ်တော်မြတ်(ﷺ)၏ သက်တော်မှာကား(၂၅)နှစ်သာ ရှိပေသေးသည်။ ထို့ပြင် သခင်မကြီးသည် နှစ်ကြိမ်

တိုင်အောင် မုဆိုးမဖြစ်ခဲ့ပြီးဖြစ်သည်။ စဉ်းစားကြည့် စမ်းပါ။ အကယ်၍ သင့်အနေနှင့် ခွဲခြမ်းစိတ်ဖြာ၍ လေ့လာကြည့်လျှင် မြတ်တမန်တော် မိုဟမ္မဒ်(ﷺ)သည် ဘီဘီ ခတီဂျာဟ် (رضي الله عنها)သခင်မကြီး အသက်ထင်ရှားရှိနေစဉ် သက်တမ်း တစ်လျှောက်လုံး၌ မည်သည့် အခြားကြင်ယာတော် တစ်ဦးကိုမျှ လက်ထပ်ထိမ်းမြားခဲ့ခြင်းမရှိချေ။ ကိုယ်တော်မြတ်(ﷺ)၏ သက်တော်(၅၀)နှစ်ရောက်ရှိသောအခါ ဘီဘီခတီဂျာဟ် (رضي الله عنها) သခင်မကြီးသည် အလ္လာဟ်အရှင်မြတ်(ﷻ)၏ အမိန့်တော် ခံယူသွားခဲ့လေသည်။ ကိုယ်တော်မြတ်(ﷺ)၏ သက်တော် (၅၀)ကျော်မှသာလျှင် အခြားကြင်ယာတော်များနှင့် လက်ထပ် ထိမ်းမြားခဲ့ပေသည်။

စဉ်းစားကြည့်စမ်းပါ။ အကယ်၍ မြတ်တမန်တော်(ﷺ)၌ လိင်စိတ်ပြင်းပြနေသည်ဆိုလျှင် ကိုယ်တော်သည် နုပျိုသော အသက်အရွယ်အချိန်တွင် လက်ထပ်ထိမ်းမြားခဲ့ပေလိမ့်မည်။ သိပ္ပံပညာမှ ကျွန်ုပ်တို့အားပြောဆိုနေသည်မှာ **"လူတစ်ယောက်သည် အသက်အရွယ်ကြီးရင့်လာသောအခါ သူ၏လိင်စိတ်သည် လျော့နည်းလာသည်။"** ယင်းစကားရပ်များသည် မြတ်တမန်တော်(ﷺ)အပေါ်၌ (လီဆည်ဖန်တီး၍) စောင်းမြောင်းပြောဆိုခြင်း ဖြစ်ပေသည်။ ကိုယ်တော်မြတ်(ﷺ)၏ လက်ထပ်ထိမ်းမြားမှုများအနက် ဘီဘီခတီဂျာဟ် (رضي الله عنها)နှင့် ဘီဘီအာအိရှာဟ်(رضي الله عنها) သခင်မကြီးတို့ (၂)ဦးနှင့် သာလျှင် သာမန်အခြေအနေအရ လက်ထပ်ထိမ်းမြားခဲ့လေသည်။ အခြားလက်ထပ်ထိမ်းမြားမှုများအားလုံးသည် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု(သို့) နိုင်ငံရေးကောင်းကျိုးအတွက်သာလျှင် အခြေအနေအရ လက်ထပ်ထိမ်းမြားခဲ့ရပေသည်။

အကယ်၍ အသင့်အနေနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မည်ဆိုလျှင် ကြင်ယာတော်(၂)ဦးသာလျှင် အသက် (၃၆)နှစ် အောက်ငယ်သည်ကို တွေ့ရပေမည်။ ကျန်ရှိသော ကြင်ယာတော်များအားလုံးသည် အသက် (၃၆)နှစ်မှ (၅၀) အတွင်းရှိပေသည်။ ကျွန်ုပ်အနေနှင့် လက်ထပ်ထိမ်းမြားမှုအသီးသီး၌ အကြောင်းရင်းများရှိကြောင်း သင့်အား ဥပမာ ပေးနိုင်ပါသည်။

ဥပမာအားဖြင့် ဘီဘီဂျိုဝိုင်ရီယာ(رضي الله عنها) သခင်မကြီးနှင့် လက်ထပ်ထိမ်းမြားခြင်းဖြစ်သည်။ သခင်မကြီးသည် အလွန် အင်အားကြီးမားသော ဗနူမွတ်ဆ်ွတ္တလစ်က်မျိုးနွယ်မှဖြစ်သည်။ အစ္စလာမ်ပေါ်ထွန်းလာပြီး အချိန်ကာလတစ်ခု ကြာလတ်သော် အစ္စလာမ့်တပ်မတော်မှ ၎င်းမျိုးနွယ်များကို တိုက်ခိုက် ချေမှုန်းခဲ့သည်။ ထို့နောက် မြတ်တမန်တော်(ﷺ) သည် (ဘီဘီ ဂျိုဝိုင်ရီယာ(رضي الله عنها)) သခင်မကြီးအား လက်ထပ်

ထိမ်းမြား ခဲ့သည်။ ယင်းသို့ လက်ထပ်ထိမ်းမြားပြီးနောက် ဆွဟာဗာဟ် (ؓ)များက ပြောကြားခဲ့သည်မှာ “ကျွန်ုပ်တို့သည် မဟာတမန်တော်မြတ်ကြီး (ﷺ)၏ ဆွေမျိုးသားချင်းများအားကျွန်များအဖြစ် အဘယ်ကဲ့သို့ ထားရှိရပါမည်နည်း”ဟု ပြောဆိုပြီး ယင်းမျိုးနွယ်ဝင် ပုဂ္ဂိုလ်များအား ကျွန်ဘဝမှ လွတ်မြောက်စေခဲ့သည်။ ယင်းကဲ့သို့ ကျွန်ဘဝမှ လွတ်မြောက်ပြီးသည့်နောက် ၎င်းမျိုးနွယ်ဝင်များသည် မွတ်စ်လင်မ်များနှင့် မိတ်ဆွေရင်းများ ဖြစ်လာခဲ့သည်။

အခြားဥပမာတစ်ခုကား နဂျဒ်မျိုးနွယ် အကြီးအကဲ၏ ဇနီး၏ ညီအစ်မတော် ဖြစ်သူ ဘီဘီမိုင်မွန်နဟ်(ؓ) သခင်မကြီးအား လက်ထပ်ထိမ်းမြားခဲ့ခြင်းပင်ဖြစ်သည်။ ယင်းနဂျဒ်မျိုးနွယ်သည် အစ္စလာမ့်ကိုယ်စားလှယ်အဖွဲ့ဝင် ပုဂ္ဂိုလ်(၇၀)ကျော်အား သတ်ဖြတ်ခဲ့လေသည်။ မြတ်တမန်တော်မုဟမ္မဒ် (ﷺ)မှ သခင်မကြီး (ဘီဘီမိုင်မွန်နဟ်(ؓ))အား လက်ထပ် ထိမ်းမြားပြီးသောအခါ၌ ယင်းမျိုးနွယ်ဝင်များသည် မဒီနာဟ်မြို့တော်အား သူတို့၏ အမိဋ္ဌာနချုပ်အဖြစ် လက်ခံခဲ့သလို မြတ်တမန်တော်(ﷺ)အားလည်း သူတို့၏ ခေါင်းဆောင်အဖြစ် လက်ခံခဲ့ကြပေသည်။

ထို့ကြောင့် ကိုယ်တော်မြတ်(ﷺ)၏ ပြုလုပ်ခဲ့သမျှသော လက်ထပ် ထိမ်းမြားမှုတိုင်းသည် လူမှုရေးပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံရေးဆိုင်ရာ အချို့အကြောင်းရင်းတို့ကြောင့်ဖြစ်သည်ကို တွေ့ရှိနိုင်သည်။ မက္ကာဟ်မြို့တော်၏ အကြီးအကဲအဘူဆွဖ်ယာန် (ؓ)၏သမီးတော် အွမ္မိဟဘီဘာဟ်(ؓ)သခင်မကြီးအား ကိုယ်တော်မြတ်(ﷺ)သည် လက်ထပ်ထိမ်းမြားမှုပြုခဲ့သည်။ယင်းကဲ့သို့ လက်ထပ် ထိမ်းမြားခြင်းသည် မက္ကာဟ်မြို့တော်ကို ပြန်လည် အောင်နိုင်ခြင်းအတွက် အလွန် အရေးပါလေသည်။ အခြားဥပမာတစ်ခုမှာကား၊ အင်အား ကြီးမားသော ဂျူးခေါင်းဆောင်၏သမီးဖြစ်သော ဆွဖီယာ(ؓ) သခင်မကြီးပင်ဖြစ်သည်။ ကိုယ်တော်မြတ်(ﷺ)သည် ဆွဖီယာ (ؓ) သခင်မကြီးအား လက်ထပ်ထိမ်းမြားပြီးနောက် ဂျူးများသည် မွတ်စလင်မ်များနှင့် မိတ်ဆွေရင်းချာများ ဖြစ်လာခဲ့လေသည်။

အကယ်၍အသင်သည် လက်ထပ်ထိမ်းမြားမှု အားလုံးကို ဆန်းစစ်ကြည့်လျှင် အချို့သော လူမှုရေးပြုပြင်မှုများ ရှိပေသည်။ ဆွဟာဗာဟ်(တမန်တော်၏ အဆွေတော်)များနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ပွင့်လင်းလာအောင် ဟဇရသ်အုမရ် (ؓ)သခင်၏ သမီးတော် ဟဖ်ဆွာဟ်(ؓ) သခင်မကြီးအား လက်ထပ်ထိမ်းမြားခဲ့လေသည်။ လူမှုပြုပြင်ပြောင်းလဲမှုအဖြစ် ကိုယ်တော်မြတ်(ﷺ)သည် ၎င်း၏ နှမတစ်ဝမ်းကွဲ၊ သွလာ:က်ကွာရှင်းပြတ်စဲခြင်းခံရသော ဇိုင်နာဗ် (ؓ) သခင်မကြီးအား လက်ထပ်ထိမ်းမြားခဲ့ပေသည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

လက်ထပ်ထိမ်းမြားမှုအားလုံးသည် နိုင်ငံရေးအကြောင်းရင်း(သို့) လူမှုပြုပြင်ပြောင်းလဲမှုကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် ကိုယ်တော်မြတ်(ﷺ)၏ လက်ထပ်ထိမ်းမြားမှုဟူသမျှသည် လူ့ဘောင်၊ လူ့အသိုင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်ဟူသောအချက်ပေါ်တွင် အခြေခံသည်။ လိင်မှုကိစ္စအတွက် သက်သက်သာလက်ထပ်ထိမ်းမြားခဲ့ခြင်းမဟုတ်ချေ။

ဤနေရာ၌ စာရှုသူများ၏ အကျိုးငှာရည်ရွယ်၍ ကျွန်ုပ်တို့၏ ချစ်လှစွာသော မြတ်တမန်တော် မုဟမ္မဒ် (ﷺ)၏ ဇနီးကြင်ယာတော်(၁၁)ပါး၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို တင်ပြပါအံ့။

၁။ ခတီဂျာဟ် ဗင်းန်သေ့ခုဝိုင်လစ်ဒ် (رضي الله عنها)

တမန်တော်မြတ်ကြီး(ﷺ) မဒီနာမြို့တော်သို့ ဟစ်ဂျရတ် (ရွှေ့ပြောင်းနေထိုင်မှု)မပြုမီက တမန်တော်မြတ်(رضي الله عنها)၏ အိမ်တော်တွင် တမန်တော်မြတ်(ﷺ) ကိုယ်တိုင်နှင့် သူ၏ဇနီးခတီဂျာဟ် ဗင်းန်သေ့ ခုဝိုင်လစ်ဒ်(رضي الله عنها)တို့သာ ပါဝင်ခဲ့ကြသည်။ သူတို့နှစ်ဦးလက်ထပ်စဉ် အခါက တမန်တော်မြတ်(ﷺ)မှာ သက်တော် (၂၅)နှစ်၊ ခတီဂျာဟ် သခင်မ(رضي الله عنها)မှာ သက်တော်နှစ်(၄၀)ရှိခဲ့သည်။ ခတီဂျာဟ် သခင်မကြီး(رضي الله عنها) သည် တမန်တော်မြတ်(ﷺ)၏ ပထမဦးဆုံး ထိမ်းမြားလက်ထပ်ခဲ့သည့် အမျိုးသမီး ဖြစ်သည်။သခင်မကြီး ကွယ်လွန် သေဆုံးချိန်အထိ တမန်တော်မြတ်(ﷺ)၏ တစ်ဦးတည်းသော ဇနီးကြင်ယာတော်ဖြစ်သည်။သခင်မကြီးနှင့် သားများနှင့် သမီးများ ထွန်းကားခဲ့သည်။ သားတော်များမှာ ငယ်စဉ်တောင်ကျေးကလေးဘဝ၌ပင် ကွယ်လွန်ခဲ့ကြပေသည်။သမီးတော်များမှာဇိုင်နတ်(ဗ်)(رضي الله عنها)၊ ရုကိုင်ယာ(رضي الله عنها)၊ အွန်းမေ့ကုလ်ဆွန်း(မ်)(رضي الله عنها)နှင့် ဖာသေ့မာဟ် သခင်မ (رضي الله عنها)တို့ဖြစ်သည်။

ဇိုင်နတ်ဗ်(رضي الله عنها)သခင်မသည် ဟစ်ဂျရတ်မပြုမီ သူမ၏ မိခင်ဘက်မှ တစ်ဝမ်းကွဲအစ်ကိုတော်သူ အဗူလ်အတ်(ဆ်) ဗင်န်အလ်ရာဘီသခင်(رضي الله عنه)နှင့် လက်ထပ်ခဲ့သည်။ ရုကိုင်းယာဟ် သခင်မ(رضي الله عنها)နှင့် အွန်းမေ့ကုလ်ဆွန်းမ် သခင်မ (رضي الله عنها) တို့မှာ အွ(ဆ်) မန်း(န်)ဗင်န် အဖွန်း(န်)(رضي الله عنه)၏ ဇနီး ကြင်ယာများ ဖြစ်ခဲ့သည်။ (သခင်မှ ညီမတစ်ယောက် ကွယ်လွန်သောအခါ နောက်တစ်ယောက်ကို ဆက်၍ လက်ထပ်ခဲ့သည်။) ဖာသေ့မာဟ်သခင်မ(رضي الله عنها)မှာ အလီဗင်န်အဘီတွလစ်(ဗ်) (رضي الله عنه) နှင့်လက်ဆက်ခဲ့သည်။ ဖာသေ့မာဟ်သခင်မကြီး(رضي الله عنها)နှင့် အလီသခင်(رضي الله عنه)တို့ လက်ထပ်ထိမ်းမြားသောကာလမှာ ဗဒရ်စစ်ပွဲနှင့် အုဟုဒ်စစ်ပွဲ၏ ကြားကာလဖြစ်သည်။ ဖာသေ့မာဟ် သခင်မကြီး(رضي الله عنها)တွင် အီမာန်ဟာဆန်(رضي الله عنه)နှင့် အီမာန်ဟူစိန်(ﷺ)၊ ဇိုင်နဗ်(رضي الله عنها)နှင့်

အွိမ္မိကုလ်ဆွန်း(မ်) (رضي الله عنها) စသည့် သားသမီးများ ထွန်းကားခဲ့သည်။

## ၂။ ဆောင်ဒါဟ် ဗင်းန်သေ့ ဇမ်အာဟ် (رضي الله عنها)

တမန်တော်(ﷺ)မှ သခင်မကြီး(رضي الله عنها)ကို လက်ထပ် ခဲ့သောကာလမှာ နဗီဖြစ်ပြီး သက်တမ်း(၁၀)နှစ် အကြာ၊ ရှာဝလ်လအတွင်း၌ ဖြစ်သည်။ ၎င်းကာလမှ ခတီဂျာဟ် သခင်မကြီး(رضي الله عنها) ကွယ်လွန်ပြီး ရက်အနည်းငယ် ကြာသောကာလ ဖြစ်သည်။ တမန်တော်မြတ်(ﷺ)နှင့် လက်မဆက်မီ ဆောင်ဒါဟ်သခင်မကြီး(رضي الله عنها)သည် သခင်မကြီး ၏ ဖခင်ဘက်မှ တဝမ်းကွဲမောင်တော်သူ အစ်စက်ရာန်ဗင်န်အမရ်နှင့် လက်ထပ် ခဲ့ဖူးသည်။

## ၃။ အာအိရှာဟ် ဗင်းန်သေ့အဘူဘကရ် (رضي الله عنها)

သခင်မကြီးကို လက်ထပ်ခဲ့သော ကာလမှာ နဗီ သက်တမ်း ၏ '၁၁'နှစ်မြောက် ကာလဖြစ်သည်။ ဆောင်ဒါဟ်သခင်မ(رضي الله عنها)ကို လက်ထပ်ပြီး တစ်နှစ်အကြာတွင် ဖြစ်သည်။ ထိုကာလသည် ဟစ်ဂျရတ်မပြုလုပ်မီ (၂)နှစ်နှင့်(၅)လ အလိုကာလ ဖြစ်ခဲ့သည်။ အာအိရှာ(ဟ်) သခင်မ (رضي الله عنها)သည် တမန်တော်မြတ်(ﷺ)နှင့် လက်ထပ် ထိမ်းမြားစဉ် ကာလက (၆)နှစ်သမီးသာရှိသေးသည်။ တမန်တော်မြတ် (ﷺ)သည် သခင်မကြီးကို လက်ထပ်သော်ငြားလည်း ဟစ်ဂျရတ်သ်လုပ်ပြီး (၇)လမြောက်ဖြစ်သော ရှောင်ဝလ်လအထိ သခင်မကြီး(رضي الله عنها) နှင့် လင်မယားအရာမမြောက်ခဲ့ပေ။ ဟစ်ဂျရတ် ပြုပြီး (၇)လနောက်ပိုင်း မဒီနာတွင်ရှိစဉ်ကာလ အာအိရှာဟ် သခင်မ(رضي الله عنها) မှာ (၉)နှစ်သမီးအရွယ်ရောက်ရှိခဲ့သည်။တမန်တော်မြတ် (ﷺ) ၏ လက်ထပ်ခဲ့သော ဇနီးကြင်ယာများအနက် တစ်ဦးတည်းသော အပျိုစင် ဖြစ်ခဲ့သည်။ဖန်ဆင်းခံများထဲ၌ တမန်တော်မြတ်(ﷺ)၏ အချစ်မြတ်နိုးဆုံးသူတစ်ဦးလည်းဖြစ်သည်။ သခင်မကြီး (رضي الله عنها)သည် အမျိုးသမီးများအနက် ပညာအတတ်ဆုံး၊ ဗဟုသုတ အကြွယ်ဝဆုံး ပညာရှင်နှင့် ဥပဒေသိပ္ပံပညာရှင်တစ်ဦးလည်း ဖြစ်သည်။

## ၄။ ဟဖ်ဆာဟ်ဗင်းန်သေ့ အုမရ်ဗင်းန် အလ်ခတတ်(ဗ်) (رضي الله عنها)

သခင်မကြီး(رضي الله عنها)၏ ပထမခင်ပွန်းမှာ ဗဒရ်နှင့် အုဟုဒ်စစ်ပွဲကြားကာလတွင် သေဆုံးခဲ့သော ခိုနိုင်းစ်ဗင်းန်ဟုဇိုင်းဖဟ်အစ်စဟ်မီး(رضي الله عنه)ဖြစ်သည်။ တမန်တော်မြတ် (ﷺ)သည် သခင်မကြီး(رضي الله عنها)ကို ဟစ်ဂျရတ်လုပ်ပြီး (၃)နှစ် အကြာတွင် လက်ထပ်ခဲ့သည်။

## အစ္စလာမ်မှပြဆိုသော အမျိုးသမီးအခွင့်အရေး

### ၅။ ဇိုင်နတ်(ဗ်) ဗင်းန်သေ့ ခိုဇိုင်းမားဟ် (رضي الله عنها)

သခင်မကြီး(رضي الله عنها)သည် ဗနီဟိလားလ် ဗင်းန် အမီးရ် ဗင်စွအ်စွအ်ဟ်၏မျိုးနွယ် ဖြစ်ပြီး သခင်မကြီး၏ ကျော်ကြားသောနာမည်မှာ အွမ္မတ်လ်မဆာကီးန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဇိုင်နတ်(ဗ်)သခင်မ(رضي الله عنها)သည် မရှိဆင်းရဲသားများကို အလွန်သနားကြင်နာ၍ ဂရုစိုက်သောကြောင့်ဖြစ်သည်။ သခင်မကြီးသည် အူဟုဒ် စစ်ပွဲအတွင်း ကျဆုံးခဲ့သော အဗ္ဗဒုလာဟ်ဗင်းန်ဂျာဟ်(ရှ်)(رضي الله عنه)၏ ဇနီးဖြစ်ခဲ့သည်။ တမန်တော်(ﷺ)မှ သခင်မကြီးအား လက်ထပ်ခဲ့သော အချိန်ကာလမှာ ဟစ်ဂျရီ (၄)နှစ် မြောက်ကာလဖြစ်သည်။ သခင်မကြီးသည် တမန်တော်မြတ် (ﷺ)နှင့် လက်ထပ်ပြီး (၂)လ (သို့) (၃)လ အကြာတွင် ကွယ်လွန် ခဲ့သည်။ အချို့သော စာအုပ် စာတမ်းများတွင် (၈)လအကြာတွင် အလ္လာဟ်အမိန့်ခံယူသည်ဟု ရေးသားထားသည်။

### ၆။ အွမ်မေ့ စလ်မာဟ်ဟင်းန်ဒ် ဗင်းန်သေ့အဘီအွမ္မိုင်ယာဟ် (رضي الله عنها)

သခင်မကြီးသည် အဘူစလ်မာဟ်(رضي الله عنه)၏ ဇနီးဖြစ်ခဲ့၏။ အဘူစလ်မာဟ် (رضي الله عنه)သည် ဟစ်ဂျရီ(၄)ခုနှစ်၊ ဂျူမာဒွလ်အခိရ်တွင် သေဆုံးခဲ့သည်။ မြတ်တမန်တော် (ﷺ)မှ ဟစ်ဂျရီ (၄)ခုနှစ်၊ရှောင်ဝလ်လတွင် သခင်မကြီး(رضي الله عنها)အား လက်ထပ် ထိမ်းမြား ခဲ့သည်။

### ၇။ ဇိုင်နတ်(ဗ်) ဗင်းန်သေ့ ဂျာဟ်(ရှ်)ဗင်းန်သေ့ ရိယတ်(ဘ်)(رضي الله عنها)

သခင်မကြီးသည် ဗနီအစတ်(ဒ်)ဘင်းန် ခိုဇိုင်မာဟ်မျိုးနွယ်မှဖြစ်ပြီး တမန်တော် မြတ်(ﷺ)၏ ဖခင်ဘက်မှ နှမဝမ်းကွဲတော်၏။ သခင်မကြီး(رضي الله عنها)သည် ဇိုက်ဒ်ဗင်းန် ဟာရိသာဟ် (رضي الله عنه)၏ ဇနီးဖြစ်ခဲ့ပြီး ဇိုက်(ဒ်)(رضي الله عنه)မှာ တမန်တော်(ﷺ)၏ မွေးစားသား သဖွယ်ဖြစ်သည်။ ဇိုက်ဒ် (رضي الله عنه)နှင့် ပတ်သက်၍ အလ္လာဟ်အရှင်မှ အာယသ်တော်တစ်ခု ချပေးခဲ့၏။

**“တစ်စုံတရာ ကျပ်တည်းမှုမရှိရန် “ဇိုက်ဒ်”သည် ထိမိန်းမအား အလိုမရှိတော့သည့်အခါ ငါအရှင်မြတ်သည် အသင့်အား ထိမိန်းမနှင့် ထိမ်းမြား၍ ပေးတော်မူလိုက်၏။”(၃၃း၃၇)**

သူမနှင့် ပတ်သက်၍ အလ္လာဟ်အရှင်မြတ်မှ မဟာမိတ်များကဏ္ဍ၏ ကျမ်းပိုဒ် အချို့ကို ချပေးတော်မူခဲ့သည်။ ယင်းအာယသ်တော်များမှာ သားသမီးမွေးစားခြင်း နှင့်ပတ်သက်၍ အသေးစိတ်ပြောကြားထားသည့် ကျမ်းပိုဒ်များဖြစ်၏။ တမန် တော်မြတ်(ﷺ)မှ သခင်မကြီးအား ဟစ်ဂျရီ (၅)ခုနှစ်တွင် လက်ထပ်ထိမ်းမြားခဲ့သည်။

## ၈။ ဂျိုဝိုင်ရီယာဟ် ဗင်းန်သေ့အလ် ဟာရီသ် (ﷺ)

ဂျိုဝိုင်ရီယာ ဗင်းန်သေ့အလ်ဟာရီသ်သည် ခူဇာအဟ်မှ ဗနီမွတ်ဆ္ဂတ္တလစ်က် မျိုးနွယ်ခေါင်းဆောင်ဖြစ်သည်။ ဂျူဝိုင်ရီယာဟ်သခင်မ(ﷺ)သည် စစ်အတွင်း ဗနီမွတ်ဆ္ဂ တ္တလစ်က်မျိုးနွယ်မှ မွတ်စလင်မ်တို့ထံ ရောက်ရှိလာသော "ခါးစာခံ" ဖြစ်သည်။ သခင်မကြီးသည် သာဗစ်(သ်) ဗင်းန်ကိုင်းယစ်(စ်)ဗင်းန် ရှာမား(စ်)(ﷺ) ၏ လက်ဝယ် ရောက်ရှိ လာခဲ့၏။ ထိုပုဂ္ဂိုလ်မှ သခင်မကြီးအတွက် လွတ်မြောက်ခြင်းဆိုင်ရာ သဘော တူညီချက်ကို ရေးသားစီစဉ်ပေးခဲ့သည်။ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)မှ သခင်မကြီး အတွက် ထိုသဘောတူညီချက်ကို လိုက်လျောခဲ့ပြီး သခင်မကြီးကို ဟစ်ဂျရီ (၆)ခုနှစ် ရှာအ်ဗန်လတွင် လက်ထပ် ထိမ်းမြားခဲ့သည်။

## ၉။ အွမ်းမေ့ဟဘီဘာဟ် ရမ်လာဟ် ဗင်းန်သေ့ အဘူစုဖ်ယန်း(ﷺ)

သခင်မကြီးသည် အူဗိုင်ဒုလ္လာဟ်ဗင်းန်ဂျားဟ်ရှ်နှင့် လက်ထပ်ယူခဲ့သူတစ်ဦး ဖြစ်သည်။ သခင်မကြီး(ﷺ)သည် ခင်ပွန်းသည်နှင့်အတူ အဗိစီးနီးယား (ယခု အီသီယိုပီယား)သို့ ပြောင်းရွှေ့သွားခဲ့၏။ အူဗိုင်ဒုလ္လာဟ်မှ အစ္စလာမ်ဘာသာကို စွန့်ပယ်ပြီး ခရစ်ယာန်ဘာသာအဖြစ် ခံယူသောအခါ သခင်မကြီး(ﷺ)သည် ခရစ်ယာန်ဘာသာသို့ပြောင်းရန် ငြင်းဆန်ခဲ့ပြီး အစ္စလာမ်ပေါ်တွင် ခိုင်မြဲစွာရပ်တည် ခဲ့သည်။ အူဗိုင်ဒုလ္လာဟ်သည် အဘီစီးနီးယား (ယခုအီသီယိုးပီးယား) နိုင်ငံတွင် ကွယ်လွန်သေဆုံးခဲ့သည်။တမန်တော်မြတ်(ﷺ)မှ "အမရ် ဘင်န်အုမိုင်ယာဟ် အလ်သွာမ်ရီသခင်(ﷺ)အား သဝဏ်လွှာနှင့်အတူ ဘုရင်နဂျာရှီ ဘုရင်မင်းမြတ်ထံသို့ စေလွှတ်ခဲ့၏။ ထိုစာလွှာတွင် အွမ်းမေ့ဟဘီဘာဟ်(ﷺ)ကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည်။ အချိန်ကာလမှာ မုဟရမ်လ ဖြစ်ပြီး ဟစ်ဂျရီ (၇)ခုနှစ်တွင် ဖြစ်သည်။ နဂျာရှီ ဘုရင်မင်းမြတ်မှ တမန်တော်မြတ်(ﷺ)၏ တောင်းဆိုမှုကို လက်ခံ သဘောတူ ခဲ့ပြီး ရှုရာဟ်ဘီလ်ဘင်န် ဟာစနာဟ်သခင်(ﷺ)နှင့်တကွ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

## ၁၀။ ဆွဖီယာဟ် ဗင်းန်သေ့ ဟိုင်ယု ဗင်းန် အခ်တွတ်ဗ်(ﷺ)

သခင်မကြီးသည် အစ္စရာအီလ်(ဂျူး)မျိုးနွယ်မှဖြစ်သည်။ ခိုင်ဘာစစ်ပွဲတွင် ရရှိလာသော "ဓားစာခံ" တစ်ဦးလည်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန် တော်မြတ်(ﷺ)သည် သူမကို ရွေးချယ်ခဲ့သည်။ သခင်မကြီးအား ဓားစာခံဘဝမှ လွတ်မြောက်စေပြီး ခိုင်ဘရ်စစ်ပွဲအပြီးတွင် သခင်မကြီးကို ဟစ်ဂျရီ (၇)ခုနှစ်တွင် လက်ထပ် ထိမ်းမြားခဲ့သည်။

၁၁။ မိုင်မွန်နာဟ် ဗင်းန်သေ့ အလ် ဟာရိသ် (ﷺ)

သခင်မကြီးသည် အွမ္မတ်လ် ဖဒလ်လုဘာဘာဟ် ဗင်းန်သေ့ အလ်ဟာရိသ် (ﷺ)၏ ညီမတော်ဖြစ်သည်။တမန်တော်မြတ်(ﷺ)မှ သခင်မကြီးအား ဟစ်ဂျရီ (၇)ခုနှစ်၊ ဇိုလ်ကအ်ဒါဟ်လတွင် လက်ထပ်ထိမ်းမြားခဲ့သည်။ အွမ္မရာဟ် ကဒ္ဒါဟ် (အစားပြန်လည်ဖြည့်ဆည်းရသောအွမ္မရာဟ်)ကို ပြုလုပ်ပြီးသည့်နောက် လက်ထပ်ထိမ်းမြားခဲ့ကြောင်း မှန်ကန်သည့် ဆင့်ပြန်ချက်အရ သိရှိရသည်။

**ဟာစီနာ(ဥပဒေကျောင်းသူ)။** ။ မယားပြိုင်ဝါဒကို လက်ခံ ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများတွင် မည်သည့် အကျိုးကျေးဇူးများ ရရှိပါမည်နည်း။ အမျိုးသမီးများသည် မယားပြိုင် လက်ထပ်ထိမ်းမြားခြင်းကို လက်ခံကျင့်သုံးသင့်သည်ဟု အဘယ်ကြောင့် အသင့်အနေနှင့် ထင်မြင်ယူဆပါသနည်း။

**ဒေါက်တာဇာကိရ်။** ။ သူမ မေးသွားသောမေးခွန်းမှာ အမျိုးသားတစ်ဦးမှ ဇနီးတစ်ဦးထက်ပို၍ လက်ထပ်ခြင်း (မယားပြိုင်ဝါဒ)ကို ကျင့်သုံးခြင်းဖြင့်အားဖြင့် အမျိုးသမီးများ၌ ဘယ်လိုအကျိုးကျေးဇူးများ ဖြစ်ထွန်းစေပါသနည်း။

အကြောင်းမူကား အကယ်၍ အမျိုးသားတစ်ယောက်သည် အမျိုးသမီးတစ်ဦးကိုသာ လက်ထပ်ထိမ်းမြားမည်ဆိုလျှင် ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော အမျိုးသမီးများမှာ ၎င်းတို့အဖို့ ကြင်ရာကြင်ဖက်(ခင်ပွန်း)ရရှိမည်မဟုတ်ပေ။ သူမတို့သည် သူမတို့၏ အကျင့်သိက္ခာကို သူမတို့ကိုယ်တိုင် ထိန်းသိမ်း ရပေလိမ့်မည်။ ၎င်းတို့အတွက် တစ်ခုတည်းသော ရွေးချယ်စရာနည်းလမ်းမှာ အများပိုင်ပစ္စည်း (Pulic Property)ဖြစ်ရန်သာရှိသည်။ ထို့ပြင် ၎င်းတို့သည် အများပိုင်ပစ္စည်း (Pulic Property) ဖြစ်လာနိုင်သည်။ ထို့ကြောင့် သူမတို့အား အများပိုင်ပစ္စည်း ဖြစ်လာခြင်းမှ တားဆီးရန်အတွက်လည်းကောင်း၊ သူမတို့၏ အမျိုးသမီးဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက်လည်းကောင်း၊ အစ္စလာမ်မှ 'မယားပြိုင်ဝါဒ'ကို ခွင့်ပြုထားခြင်းဖြစ်သည်။

**မုဟာမ္မဒ်အရှ်ရဖ်** ။ ။ အစ္စလာမ်သာသနာတွင် သားသမီးမွေးစားခြင်းကို ခွင့်ပြုထားပါသလား။

**ဒေါက်တာဇာကိရ်။** ။ ညီနောင်မှမေးသည်မှာ 'အစ္စလာမ်၌ သားသမီး မွေးစားခြင်းကို ခွင့်ပြုထားပါသလား။' အသင်အနေနှင့် သားသမီးမွေးစားခြင်းဆိုသည်မှာ "ဆင်းရဲနွမ်းပါးသော ကလေးတစ်ယောက်ကို အသင်၏ အိမ်သို့ခေါ်၍ ယင်းကလေးအတွက် ယာယီနေရာထိုင်ခင်း၊ စားသောက်စရိတ်၊ အဝတ်အစားဆင်မြန်းပေးခြင်း"ဟု

ဆိုလိုပါသလား။ ယင်းသို့ဆိုလိုလျှင် ထိုအချက်နှင့်ပတ်သက်၍ ကျမ်းမြတ်ကုရ်အာန် တွင် အလေးအနက်ထား၍ ဖော်ပြထားပေသည်။ ကျမ်းမြတ်ကုရ်အာန်တွင် ဆင်းရဲသားများ၊ လိုအပ်လျှက်ရှိသောပုဂ္ဂိုလ်များကို ကူညီထောက်ပံ့မှုပြုပါလေဟု ဖော်ပြပါရှိပေသည်။ ကလေးတစ်ယောက်ကို အသင့်အိမ်သို့ခေါ်ဆောင်၍ ယင်း ကလေးအား ဖခင်၏ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ချစ်ခင် ယုယစွာ ဆက်ဆံနိုင်ပေသည်။

အစ္စလာမ့်သဘောအရ အသင့်အနေနှင့် ကလေးကို ဥပဒေအရမွေးစားခြင်း မပြုနိုင်ပေ။ ယင်း(မွေးစားကလေး)ကို အသင့်အနေနှင့် အသင့်၏ နာမည်မပေးနိုင်ပေ။ ဥပဒေအရ သားသမီးမွေးစားခြင်းကို အစ္စလာမ်မှ တားမြစ်ထားခဲ့လေသည်။ အဘယ် ကြောင့်ပါနည်း။ အကြောင်းမှုကား အကယ်၍ အသင့်အနေနှင့် ကလေးတစ်ယောက် ကို တရားဥပဒေနှင့်အညီ မွေးစားခဲ့မည်ဆိုပါလျှင် ယင်းကဲ့သို့ပြုခြင်းကြောင့် များစွာ သောရှုပ်ထွေးမှု များဖြစ်ပေါ်နိုင်ပေသည်။ ပထမအချက်မှာ လူတစ်ယောက်အနေနှင့် ယောကျ်ားကလေး(သို့)မိန်းကလေး တစ်ယောက် ယောက်ကို မွေးစားခဲ့မည်ဆိုလျှင် ၎င်းတို့၏ သီးခြားရပ်တည်နိုင်စွမ်း(Identity) ပျောက်ဆုံးသွားပေလိမ့်မည်။

ဒုတိယအချက်မှာ ကလေးတစ်ယောက်မွေးစားပြီးနောက် အသင့်၌ ရင်သွေး တစ်ယောက် ရရှိခဲ့သည်ဆိုကြပါစို့။ အသင်၏ သက်တမ်းတစ်လျှောက်လုံးတွင် မည်သည့်အခါမျှ အသင့်၌ ကလေးရရှိမည်မဟုတ်ဟု မည်သူမျှ မပြောဆိုနိုင်ပေ။ အသင့်၌ အသင့်ရင်သွေးရှိမည်ဆိုလျှင် မွေးစားကလေးထက် ပို၍ အသင့် ကလေး (ရင်သွေး)ကို မျက်နှာသာပေးခြင်းဖြင့် ဘက်လိုက်မှု ပြုပေလိမ့်မည်။ တတိယအချက်မှာကား အသင် မွေးဖွားခဲ့သော သင့်ရင်သွေးသည် မွေးစားကလေးနှင့် ဆန့်ကျင်ဘက်လိင်ဖြစ်မည်ဆိုပါက ၎င်းတို့သည် တစ်မိုးထဲအောက်၌ လွတ်လပ်စွာ နေထိုင်၍ ရမည်မဟုတ်ပေ။ အကြောင်းမှုကား ၎င်းတို့သည် သွေးရင်းသားရင်း မောင်နှမအရင်းအချာများ မဟုတ်ခြင်းကြောင့်ပင်တည်း။

အကယ်၍ မွေးစားကလေးသည် မိန်းကလေးဖြစ်မည် ဆိုပါလျှင် သူမကြီးပြင်းလာသောအခါ 'ဟိဂျာဗ်' လိုပေလိမ့် မည်။ သူမခေါ်ဆိုနေသောအဖေ သည် စင်စစ် သူမ၏ မွေးဖခင် မဟုတ်ချေ။ အကယ်၍ မွေးစားကလေးသည် ယောကျ်ား ကလေးဖြစ်မည်။ ၎င်းနောက် ယင်းယောကျ်ားကလေးသည် လူလားမြောက် အရွယ် ရောက်သောအခါ အိမ်ထောင်ပြုမည်။ ဤနေရာတွင်လည်း အဖေဟုခေါ်ဆိုနေသော အသင်နှင့် အသင့်ချွေးမ၏အကြားတွင် ဟိဂျာဗ်လိုပေသည်။ နောက်ထပ်လည်း အကြောင်းပြချက်များစွာ ရှိပေသေးသည်။ အကယ်၍ အသင့်၌ မွေးစားကလေး

တစ်ယောက်ရှိမည်ဆိုလျှင် အသင်သည် ဆွေမျိုးသားချင်းများ၏ အခွင့်အရေးများကို ပိတ်ပင် တားဆီးရာ ရောက်နေပေလိမ့်မည်။

လူတစ်ယောက်သေဆုံးပြီးသည့်နောက် သူ၏ ကျန်ရှိပစ္စည်းများကို ကျမ်းမြတ်ကုရ်အာန်တွင် ဖော်ပြပါရှိသည့်အတိုင်း ခွဲဝေရမည်။ လူတစ်ယောက်တွင် (မိမိ၏သွေးရင်း) ကလေးတစ်ယောက်နှင့် မွေးစားကလေးတစ်ယောက်ရှိနေမည်ဆိုလျှင် သူ၏ ရင်သွေး ရသင့်ရထိုက်သော ဝေစုဝေပုံကို ပိတ်ပင်ရာရောက်နေပေလိမ့်မည်။ လူပုဂ္ဂိုလ်တစ်ယောက်သည် သေဆုံးသွားမည်။ သူ့တွင် ကလေးတစ်ယောက်ရှိနေမည်ဆိုလျှင် သူ၏ဇနီးသည် ကျန်ရှိပစ္စည်းမှ သူမရသင့်သော ဝေစုဝေပုံ၊ တစ်ဝက်တိတိကို ရရှိမည်။ အကယ်၍ သူ့တွင် ကလေးမရှိခဲ့လျှင် တစ်ဝက်ဝေစုဝေပုံတွင် သေဆုံးသူ၏ မိခင်လည်း ပါဝင်ပေမည်။ ကလေးရှိလျှင် (ခြောက်ပုံတစ်ပုံ)ကို ရရှိပြီး၊ ကလေးမရှိပါက သူမသည် (သုံးပုံတစ်ပုံ)ကို ရရှိပေမည်။ အကယ်၍ အသင်သည် ကလေးတစ်ယောက်ကို မွေးစားခဲ့မည်ဆိုလျှင် သင့်မိခင်၏ ဝေစုဝေပုံကို တားဆီးရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် ယင်းကဲ့သို့ အရှုပ်အထွေးများမှ တားဆီးရန်အလို့ငှာ တရားဥပဒေအရ သားသမီးမွေးစားခြင်းကို အစ္စလာမ်မှ တားမြစ်ထားရခြင်းဖြစ်ပါသည်။

**ကမားရ်စိုင်ယဒ် (အိုးအိမ်ဦးစီးဌာန အတွင်းရေးမှူး)။** ။အသင်၏ နှစ်လိုဖွယ်ရာကောင်းသော စကားတွင်း၌ အသင်သည် ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးအား "အီဒဒ်" (စောင့်ဆိုင်း)ကာလအတွင်း၌ ၎င်း၏ခင်ပွန်းမှ ၎င်းအား ကျွေးမွေးထောက်ပံ့ရမည်ဟု ပြောကြားဖော်ပြခဲ့ပါသည်။ ထို့နောက် ယင်းမိန်းကလေးကို ၎င်း၏ မိဘများက ကျွေးမွေး စောင့်ရှောက်ထိန်းသိမ်းပေးရမည်ဟု ယူဆပါသည်။ ယင်းကဲ့သို့သောကိစ္စတွင် မိဘများမှ ထိန်းသိမ်းစောင့်ရှောက်ရန် မတတ်စွမ်း နိုင်ခဲ့သော် မည်သူမှ ထိန်းသိမ်းစောင့်ရှောက်ရမည်နည်း။

**ဒေါက်တာဇာကိရ်** ။ ။ နှမတော်မှ မေးမြန်းသွားသော မေးခွန်းမှာ အလွန်ပင် ကောင်းလှပါသည်။ အမျိုးသမီးတစ်ယောက်သည် ကွာရှင်းပြတ်စဲခြင်းခံရသည်လို့ ဆိုကြပါစို့။ ယင်းအမျိုးသမီး၏ အီဒဒ် (စောင့်ဆိုင်းကာလ) သုံးလ (သို့) ကလေး မီးဖွားပြီးသည့်တိုင်အောင် ၎င်း၏ ခင်ပွန်းမှ ကျွေးမွေး ထောက်ပံ့၊ စောင့်ရှောက်ရပါမည်။ ၎င်းနောက် သူမ၏ ခင်ပွန်း၏တာဝန်ဖြစ်တယ်လို့ ကျွန်ုပ်၏ ဟောပြောတင်ပြမှုတွင် ဖော်ပြခဲ့ခြင်းကို တောင်းပန်ပါရစေ။ ၎င်းနောက် ယင်းအမျိုးသမီးအား ကြည့်ရှု စောင့်ရှောက်ရမည့်တာဝန်မှာ သူမ၏ ဖခင်(သို့) အစ်ကို/မောင်များ၏ တာဝန်ပင် ဖြစ်သည်။ အကယ်၍ သူမ၏ ဖခင်နှင့် အစ်ကို/မောင်များမှ သူမအား စောင့်ရှောက်

နိုင်စွမ်း မရှိပါက သူမ၏ဆွေမျိုးသားချင်းများသည် သူမအား စောင့်ရှောက်ရပါမည်။ သူမ၏ ဆွေမျိုးသားချင်းများမှ စောင့်ရှောက်နိုင်စွမ်းမရှိပါလျှင် သူမကို ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မွတ်စလင်မ် အွမ္မသ်၏ တာဝန်ပင်ဖြစ်သွားပေသည်။

ထို့ကြောင့် (ယင်းကဲ့သို့သော ကိစ္စများဆောင်ရွက်ရန်) ကျွန်ုပ်တို့သည် အဖွဲ့အစည်းများဖွဲ့စည်းထားရန် လိုအပ်ပေသည်။ ဇကားသ်ရန်ပုံငွေများ ရရှိလာပါက ယင်းကဲ့သို့သော အမျိုးသမီးများကို စောင့်ရှောက်နိုင်ပေမည်။ ဤကဲ့သို့သော အလုပ်များကို မလုပ်နိုင်ခဲ့လျှင် ယင်းကဲ့သို့ အမျိုးသမီးများကို စောင့်ရှောက် ထိန်းသိမ်းရန်မှာ နောက်ဆုံးအနေနှင့် အစ္စလာမ်နိုင်ငံတော်၏တာဝန်ပင်ဖြစ်သည်။

**စိုင်ယဒ်ရိယာဇ်။** ။ အတ်စလာမ့် အလိုင်ကွန်းမ်၊ အသင်ပြောဆိုခဲ့သကဲ့သို့ပင် အစ္စလာမ်တွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှုရှိသည်ကို ကျွန်ုပ်သိရှိပါသည်။ သို့ပါလျှက် အစ္စလာမ်တွင် အမျိုးသမီးများအား ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တူညီသောအခွင့်အရေးကို အဘယ်ကြောင့် ပေးမထားပါသနည်း။

**ဒေါက်တာဇာကိရ်။** ။ ညီနောင်မှမေးသော မေးခွန်း၏အဖြေမှာ ကျွန်ုပ်၏ ဟောပြောမှု၌ ပါဝင်ပြီးဖြစ်ပါသည်။ အမျိုးသမီးနှင့် အမျိုးသားသည် စီးပွားရေးဆိုင်ရာအခွင့်အရေးများတွင် တန်းတူညီသည်ဟု ကျွန်ုပ်မှတင်ပြခဲ့ပါသည်။ ထို့ကြောင့် အမွေဆက်ခံခြင်းတွင်လည်း အမျိုးသမီးများ၏ အခွင့်အရေးသည် အမျိုးသားများနှင့် သာတူညီမျှမှု ရှိသင့်သည်။ အမွေဆက်ခံမှုတွင် အမျိုးသမီးများ အဘယ်ကြောင့် အကျုံးမဝင်ပါသနည်း။ သာမန်အားဖြင့် လူများက ပြောဆို ခဲ့သည်မှာ အမျိုးသားများ၏ ဝေစုဝေပုံ၏ တစ်ဝက်ကိုသာ အမျိုးသမီးများအနေနှင့် ရရှိပေသည်။ ယင်းမေးခွန်း၏ အဖြေကို ကျမ်းမြတ်ကုရ်အာန်၊ အမျိုးသမီးကဏ္ဍ၊ ကျမ်းပိုဒ် (၁၁) နှင့် (၁၂)တွင် ဖော်ပြထားပေသည်။ ထိုအာယသ်တော်များတွင် အစ္စလာမ့်နည်းကျ အမွေ မည်သို့မည်ပုံ ခွဲခြမ်းရမည်ကို တင်ပြထားပေသည်။

> " (အို–"မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့) အလ္လာဟ်အသျှင် မြတ်သည် အသင်တို့အား၊ အသင်တို့၏သားသမီးတို့နှင့်ပတ်သက်၍ (ဤသို့)အမိန့်ပေးတော်မူလေသည်။ (သား) ယောကျ်ားအတွက် (သမီး)မိန်းမ နှစ်ယောက်၏ ဝေစုဝေပုံနှင့် ထပ်တူထပ်မျှ(ဝါ) ယောကျ်ားကလေး၏ ဝေစုဝေပုံမှာ မိန်းကလေး၏ဝေစုဝေပုံ၏ နှစ်ဆ ဖြစ်သည်။ တဖန် အကယ်၍ (သမီး)မိန်းမများသည် နှစ်ဦးထက်ပိုခဲ့လျှင် ထိုသူတို့ အတွက် (ကွယ်လွန်သူ) ထားရှိခဲ့သော(အမွေ)ပစ္စည်း၏

သုံးပုံနှစ်ပုံဖြစ်ပေသည်။

သို့ရာတွင် ယင်း(သမီး) မိန်းမသည် တဦးတည်းသာ ဖြစ်ခဲ့ပါမူ ၎င်း၏အဖို့(ကွယ်လွန်သူထားရှိခဲ့သော အမွေပစ္စည်း၏) ထက်ဝက်ပင် ဖြစ်ချေသည်။ ၎င်းပြင် အကယ်၍ ယင်း (ကွယ်လွန်သူ)၌ သားသမီး တစုံတယောက် ရှိခဲ့ပါမူ ထို(ကွယ်လွန်)သူ၏ မိဘနှစ်ပါးတို့အနက် အသီးသီးတို့အတွက် (ကွယ်လွန်သူ၏ အမွေပစ္စည်းအနက်မှ) ခြောက်ပုံတပုံစီဖြစ်၏။ သို့ရာတွင် အကယ်၍ ထို(ကွယ်လွန်)သူ၌ သားသမီး တစ်စုံတစ်ယောက်မျှမရှိ၍ မိဘနှစ်ပါးတို့သည် (သာလျှင်) ယင်း (ကွယ်လွန်သူ၏ အမွေကို ဆက်ခံခဲ့ကြပါမူ သို့ဖြစ်လျှင် ၎င်း (ကွယ်လွန်သူ)၏ အမိအဘို့မှာ သုံးပုံတပုံဖြစ်သည်။တဖန် (အကယ်၍) ယင်း(ကွယ်လွန်သူ)၌ (မိဘနှစ်ပါးအပြင်) ညီအစ်ကို၊ မောင်နှမများ လည်းရှိကြပါသော် ထို(ကွယ်လွန်)သူ၏ အမိအဘို့မှာကား ခြောက်ပုံတပုံသာ ဖြစ်၏။

၎င်းပြင် အသင်တို့အတွက် အကယ်၍သာ အသင်တို့၏ ဇနီးမိန်းမများ၌ သားသမီး တစုံ တယောက်မျှ မရှိခဲ့လျှင်၊ ထိုဇနီးမိန်းမများ ထားရှိခဲ့ကြသော (အမွေ)ပစ္စည်း၏ ထက်ဝက်ပင်ဖြစ်သည်။

(သို့ဖြစ်ပေရာ ဤ အမွေခွဲတမ်းသည်) အလ္လာဟ်အသျှင်မြတ်အထံတော်မှ (အသင်တို့၏ ကောင်းကျိုးကိုထောက်ထားကာ) ပြဋ္ဌာန်းပြီးဖြစ်သော တာဝန်တရပ်ပင်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်း တို့ကို အကြွင်းမဲ့သိရှိတော်မူသော အသျှင်၊ အကျိုး အကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။

တဖန် အကယ်၍ ယင်းဇနီးမိန်းမတို့၌ သားသမီးတစ်စုံတစ်ယောက် ရှိခဲ့ပါမူ အသင်တို့အတွက် ထိုဇနီးမိန်းမများ ထားရှိခဲ့ကြသော(အမွေ) ပစ္စည်းများအနက်မှ လေးပုံတစ်ပုံသာ ဖြစ်ချေသည်။ (သို့ရာတွင် ၎င်းအမွေ ပစ္စည်းတို့ကို) ထိုဇနီးမိန်းမ များက မှာကြားခဲ့ကြသော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန် ကိစ္စများ) ကို ဆောင်ရွက်ပြီးနောက်၎င်း၊ (ထိုဇနီးသည်တို့အပေါ် ဝယ် တင်ရှိနေသော)ကြွေးမြီများကိုဆပ်ပြီးနောက်တွင် လည်းကောင်း (ခွဲဝေရပေမည်)။

၎င်းပြင်အကယ်၍အသင်တို့၌ သားသမီး တစ်စုံတစ်ယောက်မရှိခဲ့ပါလျှင်၊ အသင်တို့ ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများအနက်မှ ၎င်းဇနီး မိန်းမတို့အတွက် လေးပုံတစ်ပုံသည် ဖြစ်သည်။

တဖန် အကယ်၍ အသင်တို့၌ သားသမီး တစ်စုံတစ်ယောက် ရှိခဲ့ပါသော်

ထိုဇနီးမိန်းမတို့ အတွက် အသင်တို့ ထားရှိခဲ့ကြသော (အမွေ) ပစ္စည်းများ အနက်မှ ရှစ်ပုံတစ်ပုံ(သာ)ဖြစ်သည်။

(သို့ရာတွင် ယင်းအမွေပစ္စည်းတို့ကို) အသင်တို့မှာ ကြားခဲ့သော သေတမ်းစကား (သို့မဟုတ် သေတမ်းစာအရ ဆောင်ရွက်ရန်ကိစ္စများ)ကို ဆောင်ရွက်ပြီးနောက်၄င်း၊ (အသင်တို့အပေါ် ဝယ် တင်ရှိသော) ကြွေးမြီကို ပေးဆပ်ပြီးနောက်၄င်း၊ ခွဲဝေရမည်။"

(၄း၁၂)

အတိုချုပ်အားဖြင့်ဆိုရသော် အချိန်ကာလအများစုတွင် အမျိုးသမီး၏ဝေစုမှာ အမျိုးသားဝေစုဝေပုံ၏ တစ်ဝက်သာ ရှိသည်။ သို့သော် အမှုကိစ္စရပ်တိုင်းအတွက် မဟုတ်ပေ။

ဉပမာအားဖြင့် ကွယ်လွန်သူ သေဆုံးသူ၌ အထက်သို့ ဆန်တက်သော ဆွေမျိုးသားချင်း၊ အောက်သို့ စုန်ဆင်းသော ဆွေမျိုးသားချင်းများ မရှိခဲ့ပါက ထိုကွယ်လွန်သူ၏ ညီအစ်ကို မောင်နှမများမှာ တစ်ဦးလျှင် (၆)ပုံ၊ (၁)ပုံကျစီ ညီတူညီမျှ ရရှိပါမည်။ ကွယ်လွန်သေဆုံးသူ၌ ကလေးမရှိခဲ့လျှင် (ထိုကွယ်လွန်သူ၏) အဖေနှင့် အမေမှာ (၆)ပုံ (၁)ပုံကျစီ အညီအမျှရရှိပါမည်။ ထို့ပြင် ကလေးမရှိသော အမျိုးသမီး တစ်ဦးသည် သေဆုံးသွားပါက ၎င်း၏ ခင်ပွန်းမှာ ပစ္စည်း၏ ဝေစုဝေပုံ၏ တစ်ဝက်၊ မိခင်မှာ သုံးပုံတစ်ပုံ၊ ဖခင်မှာ ခြောက်ပုံတစ်ပုံရရှိမည်။

ဤကဲ့သို့သော အမှုကိစ္စများတွင် မိခင်၏ ဝေစုဝေပုံ မှာ ဖခင်၏ ဝေစုဝေပုံထက် (၂)ဆများနေသောကြောင့် အမျိုးသမီး၏ ဝေစုဝေပုံသည် အမျိုးသား၏ ဝေစုဝေပုံထက် (၂)ဆ များနေသည်ဟု ဆိုလိုနိုင်ပေသည်။ သို့သော် များပြောင်စွာသော အမှုကိစ္စများတွင် သမီးနှင့်ဇနီးသည်တို့သည် အမျိုးသား၏ဝေစုဝေပုံ၏ တစ်ဝက်ကိုသာရရှိသည်ကို ကျွန်ုပ် အနေနှင့် အသင်နှင့် သဘောချင်းတိုက်ဆိုင်ပါသည်။ အကြောင်းမှုကား အမျိုးသား များသည် အိမ်ထောင်၏ ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဖြေရှင်း ရသောကြောင့် ဖြစ်ပေသည်။ ယောက်ျားများအား မတရားပြုမူဆက်ဆံရန် အမိန့်မပေး ထားပါ။ အလ္လာဟ်အရှင်မြတ်သည် အမျိုးသားများအား အမျိုးသမီးများထက်ပို၍ သာလွန်ခြင်းတစ်ရပ် ချီးမြင့်ထားပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် **"အမျိုးသားများ၏အခွင့်အရေး"**ဟူသော ကျွန်ုပ်၏ဟောပြောတင်ပြမှု၌ ကျွန်ုပ်တို့အနေနှင့် ယင်း ပြဿနာများ၏ အဖြေကိုရရှိပေလိမ့်မည်။

ကျွန်ုပ်အနေနှင့် ဉပမာတစ်ခုဆောင်ပြရပါလျှင် လူတစ်ယောက်သည် သေဆုံး သွားခဲ့သည်ဟု ဆိုကြပါစို့။ ထိုသူ သေဆုံးပြီးနောက် သားသမီးများကို ခွဲဝေပေးရန်

ငွေ(၁)သိန်းခွဲ ကျန်ခဲ့သည်။ သူ့တွင် သားတစ်ယောက်၊ သမီးတစ်ယောက် ရှိနေသည်။ အစ္စလာမ့်ရှရီအတ် တရားဥပဒေအရသားမှာ ရူပီ (၁)သိန်းရရှိပြီး၊ သမီးမှာမူ ရူပီ (၅)သောင်းရရှိပေလိမ့်မည်။ သို့သော် သားအနေနှင့် ရူပီ(၁)သိန်းကို လက်ခံရရှိပြီးနောက် ယင်းငွေဖြင့် မိသားစုအား အဓိကထား၍ ကြည့်ရှုစောင်မရပေမည်။ ထို့အတွက် ယင်းသို့ မိသားစု၏တာဝန်ကို ထမ်းဆောင်ခြင်း၊ သုံးစွဲခြင်းဖြင့် သား၏ငွေမှာ ရူပီ(၈၀၀၀၀) (သို့) (၁)သိန်းအထိ ကုန်သွားနိုင်ပေသည်။ သို့သော် အမျိုးသမီးမှာမူကား သူမလက်ခံရရှိသည့် ရူပီ(၅၀၀၀၀)ကို ၎င်း၏ မိသားစုအား ကျွေးမွေးကြည့်ရှုစောင်မရာတွင် သုံးစွဲရန် မလိုပဲ သူမ၏ တစ်ဦးတည်းပိုင်ငွေပင် ဖြစ်ချေတော့သည်။

**ဘီဂျေး ။** ။ အစ္စလာမ်၌ အလုပ်လုပ်သောနေရာများတွင် လိင်မတူသူများ ရောနှော လုပ်ကိုင်ခြင်းကို ခွင့်မပြုခြင်းသည် ခေတ်မီပါသေးလော (သို့) ခေတ်နောက်ကျ နေပြီလော။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ ၎င်းမှ မေးမြန်းသည့် မေးခွန်းမှာ အစ္စလာမ်တွင် လိင်မတူသူများအား ရောနှော၍ အတူတကွအလုပ်လုပ်ကိုင်ခြင်းကို ခွင့်မပြုပေ။ ဤအချက်သည် ခေတ်မီပါသေးသလော။ သို့မဟုတ် ခေတ်နောက်ကျ နေပြီလော။ အသင့်အနေနှင့် ခေတ်မီခြင်းဆိုသည်မှာ သင်၏အမျိုးသမီးများကို ရောင်းချရန်အတွက် ၎င်းတို့နှင့် ရောနှော ဆက်ဆံ အတူနေထိုင်ခြင်းကို ခေါ်ဆိုနားလည်ထားသည်။ (သို့) အသင့်အနေနှင့် ၎င်းအမျိုးသမီးတို့ကို မော်ဒယ်သရုပ်ဆောင်မှုဖြင့် အသက်မွေး ဝမ်းကျောင်းပြုစေခြင်းကို ခေတ်မီခြင်းဖြစ်သည်ဟု ဆိုလိုပါက အစ္စလာမ်သည် ခေတ်နောက်ကျနေပြီဟု ကျွန်ုပ်ခံစားမိပါသည်။

အနောက်တိုင်းမီဒီယာ၊ အနောက်တိုင်း ယဉ်ကျေးမှုများက ပြောကြားနေသည်မှာ ၎င်းတို့သည် အမျိုးသမီးများ၏ အခွင့်အရေးများကို များစွာပေးခဲ့သည်။ ၎င်းအမျိုးသမီးများ၏ ဂုဏ်သိက္ခာအဆင့်အတန်း ကျဆင်းမှုကို ဖယ်ရှား၍ ဂုဏ်သိက္ခာ အဆင့်အတန်းကို မြင့်တင်ပေးနေသည်။ စာရင်းဇယားများအရ အမေရိကန် ပြည်ထောင်စုရှိတက္ကသိုလ်တွင် ပညာသင်ယူ ရန်သွားသူ၊ လုပ်ငန်းခွင်ဝင်ကြသူ၊ အမျိုးသမီးများ၏ (၅၀%) မှာ မုဒိန်းကျင့်ခံနေရသည်ဟု သိရှိရပါသည်။ (၅၀%) တောင် မုဒိမ်းကျင့်ခံနေရခြင်းသည် အဘယ်ကြောင့်ဟု အသင် သိပါသလား။ အမေရိကန်၏ မြောက်များစွာသော လုပ်ငန်းခွင်များတွင် ကျားမရောနှောပြီး နေထိုင်လုပ်ကိုင်ရခြင်း ကြောင့်ပင်။

အကယ်၍ အသင့်အနေနှင့် မိန်းမတစ်ယောက်သည် မုဒိမ်းကျင့်ခြင်းကို ခံသင့်သည်ဟု တွေးခေါ်ယူဆလျှင် အစ္စလာမ်သည် ခေတ်နောက်ကျနေချေပြီ။ အကယ်၍ မိန်းမတစ်ယောက်သည် ဆန့်ကျင်ဘက်လိင် ယောက်ျား၏ မုဒိမ်းကျင့်ခြင်းကို မခံသင့်ဘူးဆိုလျှင်တော့ အစ္စလာမ်သည် ခေတ်အမီဆုံးဖြစ်နေမည်။

**ဆူဂျသ်။** ။အစ္စလာမ်သာသနာဝင် အမျိုးသမီးတစ်ယောက်သည် လေယာဉ်မယ် လုပ်နိုင်ပါသလား။ ဤအလုပ်သည် ဝင်ငွေမြင့်မား၍ လုပ်သင့်လုပ်ထိုက်သောအလုပ် တစ်ခု မဟုတ်ပါလော။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ ဤအလုပ်သည် အလွန် ဝင်ငွေမြင့်မားသည် ဆိုသောအချက်ကိုမူ ကျွန်ုပ်သဘောတူပါသည်။ သို့သော် ဒုတိယအပိုင်းကိုကား ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ကြပါစို့။ လေယာဉ်မယ်အဖြစ် ရွေးချယ်ရာတွင် ပုံမှန်စံနှုန်းတစ်ခုမှာ 'ချောမောလှပခြင်း' ပင်တည်း။ အသင်သည် ရုပ်ဆိုးသော လေယာဉ်မယ်တစ်ဦးကို မည်သည့်အခါမျှ တွေ့ရလိမ့်မည်မဟုတ်။ ယင်းလေယာဉ်မယ်များသည် ငယ်ရွယ်ပြီး စွဲဆောင်မှုအပြည့်ရှိသောကြောင့် ၎င်းတို့အား 'လေယာဉ်မယ်'အဖြစ် ရွေးချယ်ခဲ့ရခြင်း ဖြစ်သည်။ လေယာဉ်မယ်များ ဝတ်ဆင်သည့် အဝတ်အစားမှာ အစ္စလာမ့်ကျင့်ဝတ် (သို့) အစ္စလာမ့် ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်သည်။

၎င်းတို့သည် လေယာဉ်စီးခရီးသည်များအား ဆွဲဆောင်ရန်အတွက် အလှပြင်ပစ္စည်းများကို ချယ်မှုန်းကြသည်။ လေယာဉ်မယ်များသည် ယောက်ျားများ၏ လိုအပ်ချက်များကိုသာ အဓိကထား၍ ဖြည့်ဆည်းလိုဟန်တူပေသည်။ ဤသို့ဖြင့် အမျိုးသားနှင့် အမျိုးသမီးကြားတွင် နီးကပ်ထိစပ်မှု ဖြစ်လာသည်။ အကြိမ်မြောက်များစွာ၌ လေယာဉ်စီးခရီးသည် ယောက်ျားများသည် လေယာဉ်မယ်များနှင့် လိုအပ်မှုမရှိဘဲ စကားအပြန်အလှန် ပြောဆိုလိုကြသည်။ အကယ်၍ လေယာဉ်မယ်မှ ၎င်းတို့ကို အထိုက်အလျောက် လိုက်လျောညီထွေ ပြန်လည်ပြောဆိုလိုသော်လည်း သူမအနေနှင့် မပြောဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူမ၏ အလုပ်မှာ အတိမ်းအစောင်း မခံချေ။

များသောအားဖြင့် ခရီးသည်က ပြောလိမ့်မည်ဟု "ဒီမှာ အမျိုးသမီး ကျွန်ုပ်ရဲ့ ထိုင်ခုံခါးပတ်ကို ပတ်ပေးစမ်းပါ။" လေယာဉ်မယ်၌ ရွေးချယ်ရန် မည်သည့် အခွင့်အလမ်းမှမရှိ သောကြောင့် သူမအနေနှင့် ထိုင်ခုံခါးပတ်ကို ပတ်ပေးရလိမ့်မည်။ မည်သို့ ဖြစ်သွားပေမည်နည်း။ ဆန့်ကျင်ဘက်လိင် နှစ်ယောက်ကြားတွင် အလွန်နီးစပ်သွားပေမည်။ လေကြောင်းလိုင်း မြောက်များစွာသည် အရက်နှင့်

ဧည့်ခံကြသည်။ အစ္စလာမ်မှ မည်သည့်အမျိုးသား (သို့)အမျိုးသမီး တစ်ဦးတစ်ယောက်ကိုမဆို အရက်နှင့်ဧည့်ခံခြင်းအား တားမြစ်ထားသည်။ လေယာဉ်မယ်များအားလုံးသည် အမျိုးသမီးများ ဖြစ်ကြသည်။ လေယာဉ်အတွင်း၌ အမျိုးသားလေယာဉ်အရာရှိများပါရှိသည်။ သို့သော် သူတို့သည် လေယာဉ်စီးခရီးသည်များအား အဆွဲဆောင်နိုင်သောကြောင့် သူတို့သည် မီးဖိုချောင် အတွင်း၌ ရှိနေကြသည်။

ထို့ပြင် ကျွန်ုပ်မှပြောသည်ကို ယုံကြည်သည်ဆိုလျှင် လေကြောင်းလိုင်းတစ်ခုသည် အမျိုးသမီး လေယာဉ်လုပ်သား မရှိဘဲနှင့် မရပ်တည်နိုင်ချေ။ ဆော်ဒီလေကြောင်းလိုင်းတစ်ခုရှိသည်ဆိုလျှင် လေယာဉ်ခရီးသည်များအား ဆွဲဆောင်နိုင်ရန် အမျိုးသမီးလေယာဉ်မယ်များ ထားရှိရပေမည်။ ထို့အပြင် အသင်သည် လေကြောင်းလိုင်းများ၏ ဥပဒေကို အသေအချာသိမည်ဆိုလျှင် အထိတ်အလန့်ဖြစ်သွားပေမည်။ ဥပမာ (Air India) ကဲ့သို့သော အိန္ဒိယအချို့လေကြောင်းလိုင်းများ ၎င်းတို့၏ဥပဒေတွင် ပြဌာန်းထားသည်မှာ အကယ်၍ အသင်သည် (လေယာဉ်မယ်အဖြစ်) အရွေးချယ်ခံရပြီးနောက် (၄)နှစ်တိုင်တိုင် လက်ထပ်ထိမ်းမြားခြင်း မပြုနိုင်ပေ။ အချို့လေကြောင်းလိုင်းများက အသင့်အား ပြောမည်မှာ အကယ်၍ အသင်၌ ကိုယ်ဝန်ရှိနေသည်ဆိုလျှင် အသင်၏ အလုပ်သည် အဆုံးသတ်သွားပေမည်။

စဉ်းစားကြည့်ပါ။ အချို့လေကြောင်းလိုင်းများက ပြောမည်မှာ အသင်သည် အသက် (၃၅)နှစ်တွင် ပင်စင်ယူရပေမည်။ အဘယ်ကြောင့်နည်းဟုဆိုသော် အသင်သည် ဆွဲဆောင်မှုကို ရေရှည်မပြုနိုင်သောကြောင့်ပင်။ အသင့်အနေနှင့် ယင်း (လေယာဉ်မယ်)အလုပ်ကို သင့်တော်လျော်ကပ်သော၊ လုပ်သင့်လုပ်ထိုက်သော အလုပ်ဟု ခေါ်ဆိုမည်လော။

**ရရှိုးဒ်ရှိုင်(စ်)။** ။ အစ္စလာမ်တွင် ကျား၊မ အတူတကွ ပညာသင်ကြားရေးစနစ်ကို ခွင့်ပြုထားပါသလား။

**ဒေါက်တာဇာကိရ်နိုက်(ခ်)။** ။ ညီနောင်မှ မေးမြန်းသည်မှာ အစ္စလာမ်တွင် ကျား၊မ အတူတကွ ပညာသင်ကြားရေးစနစ်ကို ခွင့်ပြုထားပါသလား။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်တို့တွင် ကျား၊ မ အတူတကွ ပညာသင်ကြားခြင်းဟု အဓိပ္ပါယ်ရနိုင်ပါသလား။ ဦးစွာပထမ ကျောင်း၌ ကျား၊မ အတူတကွ ပညာသင်ကြားရေးစနစ်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ကြပါစို့။ လွန်ခဲ့သောနှစ်က “ယခု ရက်သတ္တပတ်ရဲ့ မျက်မှောက်ကမ္ဘာ” (The World This Week)ဟူသော အစီရင်ခံစာကို ထုတ်ပြန်

ခဲ့သည်။ ယင်းစာတမ်းတွင် အင်္ဂလန်နိုင်ငံရှိ ကျား၊ မ ခွဲခြားသင်ကျောင်းများနှင့် ကျား၊ မ ရောနှောသင်ကျောင်းများကို ဆန်းစစ်လေ့လာတင်ပြထားပေသည်။

ထို့ပြင် လေ့လာဆန်းစစ်သူက ပြောကြားခဲ့သည်မှာ "အားလုံးကိုခြုံ၍ပြော ရလျှင် ကျား၊ မ ခွဲခြားသင်ကျောင်း၏ ရလဒ်သည် ကျား၊ မ ရောနှောသင်ကျောင်းများ၏ ရလဒ်ထက် သာပိုကောင်းမွန်လေသည်။" ကျောင်းမှ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ မေးမြန်းမှု၌ ပြောကြားခဲ့သည်မှာ "ကျား၊ မ ခွဲခြားသင်ကျောင်းများ၏ ကျောင်းသား၊ သူများသည် ကျား၊ မ ရောနှောသင်ကျောင်းများမှ ကျောင်းသား၊ သူများထက်ပို၍ မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း၊ ကျောင်းစာတွင် အာရုံစူးစိုက်မှု ပိုများသည်ကို တွေ့ရှိ ရသည်။ ကျောင်းသား/သူများနှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်သောအခါတွင် "၎င်းတို့က ကျား၊မ ရောနှောသင်ကျောင်း၌ စာသင်ကြားခြင်းကို ကျား၊ မ ခွဲခြားသင်ကျောင်း များ၌ စာသင်ကြားခြင်းထက်ပို၍ နှစ်သက်ကြောင်း ဖြေကြားခဲ့လေသည်။" အသင်တို့ အနေနှင့် ဤသည်မှာ ဘာကြောင့်ဖြစ်ရခြင်းကို သိပေမည်။ အဘယ်ကြောင့်ပါနည်း။

လေ့လာဆန်းစစ်မှုမှတ်တမ်းတွင် ဆက်လက်ပြောကြားထားသည်မှာ "ကျား၊ မ ရောနှောသင်ကျောင်းမှ လူများသည် ဆန့်ကျင်ဘက်လိင်များအတွင်း ထင်ပေါ် ကျော်ကြားမှုကို ရှာဖွေရင်း အချိန်များစွာ ဖြုန်းတီးနေကြသည်။ အခြားတစ်ဖက်တွင် စာတွင်အာရုံစူးစိုက်မှုနည်းပါးလာပြီး၊ သူတို့သည် ဆရာ/မများကို ဆင်ခြေ ကောင်းကောင်းပေးတတ်ကြသည်။ ကျောင်းတော်ကြီးမှ ပညာရေးဆိုင်ရာ အကျိုးအမြတ် ရှာဖွေခြင်းထက် ရည်းစားနှင့် ချိန်းတွေ့ခြင်းဖြင့်သာ အချိန်များစွာ ကုန်ဆုံးနေပေသည်။ ထို့နောက် လေ့လာ ဆန်းစစ်မှုစာတမ်း၏ နောက်ဆုံးအချက်မှာ အင်္ဂလန်နိုင်ငံအစိုးရ သည် ကျား၊ မ ခွဲခြားသောကျောင်းများကို တိုင်းပြည်အတွင်း ပိုမိုပေါ်ထွန်းလာရေး အတွက် တွေးတောကြံဆနေကြောင်း တင်ပြထားသည်။

အမေရိကန်နိုင်ငံ၏ အစီရင်ခံစာတွင် ပြောကြားထားသည်မှာ "ကျောင်းမှ မိန်းကလေးများသည် ဆရာ/မများထံမှ အသိပညာ လေ့လာဆည်းပူးခြင်းထက် အတန်းဖော်များထံမှ ဥပဒေနှင့် ဆန့်ကျင်သော လိင်ဆက်ဆံနည်းပညာရပ်များကို သင်ယူခြင်းဖြင့် အချိန်များစွာကို ဖြုန်းတတ်ကြသည်။ အိန္ဒိယနိုင်ငံတွင်လည်း ယင်း ကိစ္စနှင့်အလားတူ ကိစ္စရပ်များသည် ဖြစ်ပွားနေသည်။ ထိုသို့ဖြစ်ပွားမှု အတိုင်းအတာမှာ ပိုနည်းကောင်းနည်းမည်(သို့) ပိုများကောင်းများနေပေသည်။ ယခုတစ်ဖန် ကောလိပ်နှင့် တက္ကသိုလ်တို့၌ ကျား၊မရောနှော၍ ပညာသင်ယူခြင်းကို ခွဲခြမ်းစိတ်ဖြာ လေ့လာ ကြည့်ကြပါစို့။ ကျောင်းများအတွက် ကျွန်ုပ်တင်ပြခဲ့သောအချက်များ အားလုံးသည်

ယင်းကျောင်းသား၊ ကျောင်းသူများသည် ကောလိပ်နှင့် တက္ကသိုလ်သို့ ရောက်ရှိလာသောအခါ ပိုမိုခဲ့ကားဆိုးရွာလာသည်။

၁၉၈၀ခုနှစ်၊ မတ်လ (၁၇)ရက်တွင် ထုတ်ဝေခဲ့သော နယူးဝီးခ် (New Week)၏ အစီရင်ခံစာ စာမျက်နှာ (၅၀)တွင် "တက္ကသိုလ်များ၌ရှိကြသော အမျိုးသမီးများ၏ လိင်မှုဆိုင်ရာ ပြင်းပြင်းထန်ထန် ကိုယ်ထိလက်ရောက် ကျူးလွန်ခံရမှုကို ရေးသားထားလေသည်။ ထို့ပြင် ကျွန်ုပ်အနေနှင့် အချိန်တိုတောင်းမှုကြောင့် ယင်းအစီရင်ခံစာ တစ်ခုလုံးကို ပြန်လည်၍ စားမြုံ့ပြန်မတင်ပြနိုင်ပါ။ သို့သော် ယင်းအစီရင်ခံစာမှ အဓိကအချက်များကိုသာ တင်ပြသွားပါမည်။

ယင်းအချက်မှာ ပါမောက္ခကြီးနှင့် ကထိကကြီးများမှ မိမိတို့၏ လက်အောက်ခံ ကျောင်းသူများအား အဆင့်ကောင်းကောင်း (Grade မြင့်မြင့်)နှင့် အအောင်ပေးမည်ဟူသော မက်လုံးများပေး၍ လိင်မှုဆိုင်ရာ ဖြေဖြောက်မှုများပြုလုပ်ရန် တွန်းအားပေးမှုများလည်းရှိသည်။ အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့တွင်လည်း အလားတူဖြစ်ရပ်များ ဖြစ်ပွားခဲ့ပေသည်။ သဘာဝအရ အသင်သည် လိင်မှုဆိုင်ရာ ဖြေဖျောက်မှုများ ပြုလုပ်ပြီးသည့်နောက် သင်၏ပညာရေးတွင် အာရုံစူးစိုက်မှုနည်းပါးလာပြီး ကြိုးစားအားထုတ်မှုမှာလည်း လျော့ပါးသွားပေမည်။ လွန်ခဲ့သော နှစ်တွင် သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် ဖော်ပြပါရှိသော သတင်းတစ်ခုကို တင်ပြလိုပါသည်။ ကောလိပ်၏ နာမည်ကိုမူ ကျွန်ုပ်မေ့သွားချေပြီ။ ယင်းကောလိပ်၏ ကျောင်းဖွင့်စအချိန်၌ ကျောင်းသူတစ်ယောက်အား ကျောင်းသား(၄)ယောက်(သို့) (၅)ယောက်ဝိုင်း၍ နေ့ခင်းကြောင်တောင် မုဒိမ်းကျင့်ခဲ့သည်။

ဩဂုတ်လ (၂၆)ရက်နေ့တွင် ထုတ်ဝေသော အိန္ဒိယနိုင်ငံ၏ သတင်းစာတစ်ခုတွင် နယူးယောက်တိုင်းမ် (New York Times) သတင်းစာ၏ အစီရင်ခံစာတစ်စောင်ကို တစ်ဆင့်ထပ်မံ၍ ဖော်ပြထားပါသည်။ ယင်းအစီရင်ခံစာတွင် "အမေရိကန်နိုင်ငံရှိ ကျောင်းများနှင့် တက္ကသိုလ်များ၌ တက်ရောက်နေသော ကျောင်းသူ (၂၅%)မှာ မုဒိမ်းကျင့်ခံနေရပေသည်။ ကျွန်ုပ်၏ အခြေခံကျသောမေးခွန်းကတော့ "အသင့်အနေနှင့် အသင်၏ သားသမီးများအား ပညာသင်ကြားရန် ကျောင်းသို့စေလွှတ်လိုသလော။(သို့) အသင်၏ သားသမီးများ ဥပဒေနှင့် ဆန့်ကျင်သော လိင်မှုဆိုင်ရာ နည်းပညာများ(သို့) လိင်မှုဆိုင်ရာ စိတ်ဖြေဖျောက်မှုများကို သင်ကြားရန် ကျောင်းသို့ စေလွှတ်မည်လော။ ကျွန်ုပ်အနေနှင့် ပထမဦးစွာ အကြံပြုလိုသည်မှာ အသင်၏ သားသမီးများကို ကျား/မ ခွဲခြားကျောင်း(Unisex)ကျောင်းများ တွင် ထားသင့်ပါသည်။

မြို့များ၌ ယင်းကဲ့သို့သော ကျား/မ ခွဲခြားကျောင်း (Unisex)ကျောင်း အမြောက်အမြားကို တည်ထောင်ထားရှိသင့်ပါသည်။

**ဂျနီဖာရ်။** ။ ခင်ပွန်းသည်မှသာလျှင် "သုံးသွလားက်"ကို တစ်ကြိမ် စီခွဲခြား၍ ပြောနိုင်ပါသလား။ အမျိုးသမီးတစ်ဦးမှ ကွာရှင်းပြတ်စဲမှု (သို့) သွာလားက်ပြုလုပ်ရန် ဆန္ဒရှိပါက မည်သို့ပြုလုပ်ရမည်နည်း။

**ဒေါက်တာဇာကိရ်။** ။နှမတော်မေးသည့်မေးခွန်းကား ခင်ပွန်းသည်တစ်ယောက်သည် အမျိုးသမီးတစ်ဦးအား ကွာရှင်းပြတ်စဲနိုင်ပါသလား။ နှမတော်အနေနှင့် သုံးသွလားက်နှင့် ပတ်သက်၍ မေးမြန်းခဲ့ခြင်းမဟုတ်ပေ။ ဤအရာသည် အမေးအဖြေတစ်ခုဖြစ်သည်။ သို့သော် (သူမ၏) အဓိကမေးခွန်းမှာ ခင်ပွန်းသည်တစ်ဦးသည် ကွာရှင်းပြတ်စဲမှုပြုနိုင်သကဲ့သို့ အမျိုးသမီးတစ်ယောက်အနေနှင့်ရော သွလားက် ကွာရှင်းပြတ်စဲမှုပြုနိုင်ပါသလား။ အမျိုးသမီးတစ်ယောက်အနေနှင့် သွလားက်မပေးနိုင်ချေ။ အကြောင်းမှုကား "သွလားက်ဆိုသော အာရဗီစကားလုံးသည် ခင်ပွန်းသည်မှ ၎င်း၏ဇနီးအား ကွာရှင်းပြတ်စဲရာတွင်သုံးသောစကားလုံးဖြစ်သည်။"သို့သော် အမျိုးသမီးတစ်ဦးအနေနှင့်မှုကား ကွာရှင်းပြတ်စဲပိုင်ခွင့်ရှိသည်။ အစ္စလာမ်တွင် ကွာရှင်းပြတ်စဲမှုပုံသဏ္ဍာန်(၅)မျိုးရှိသည်။

## (၁) ဇနီးမောင်နှံနှစ်ဦး သဘောတူကွာရှင်းခြင်း။

သူတို့နှစ်ဦးစလုံးက တစ်ဦးနှင့် တစ်ဦးအပြန်အလှန် ပြောကြရမည်မှာ "ကောင်းပြီကျွန်ုပ်တို့ဟာ ဘယ်လိုမှ စေ့စပ်လို့ မရတော့တဲ့အတွက် ခွဲခွာကြစို့။"

## (၂) လင်ယောက်ျားဘက်မှ ကွာရှင်းပြတ်စဲမှု

ဤအမျိုးအစားကို သွာလားက် ဟုခေါ်သည်။ လင်ယောက်ျားအနေနှင့် သူ၏ပေးပြီးသား မဟရ်ကို စွန့်လွှတ်လိုက်ရပေမည်။ အကယ်၍ သူ့အနေနှင့် မဟရ်ကို အကြွေအလည် မပေးရသေးလျှင် ၎င်း၏ ဇနီးအား ပေးလိုက်ရပေမည်။ ဇနီးသည်အားပေးခဲ့ပြီးသော လက်ဆောင်များသည်လည်း စွန့်လွှတ်လိုက်ရမည့် အရာများအတွင်း၌ ပါဝင်ပေသည်။

## (၃) အမျိုးသမီးဘက်မှ ကွာရှင်းပြတ်စဲမှု

အကယ်၍ နေကာဟ်နာမာဟ် (လက်ထပ်စာချုပ်)တွင် "သူမ၏ သဘောဆန္ဒအရ ကွာရှင်းပြတ်စဲခွင့်ရှိသည်။"ဟု ရေးသားဖော်ပြထားပါက သူမအနေနှင့်

ကွာရှင်းပြတ်စဲ ပိုင်ခွင့်ရှိသည်။ ယင်းသို့သော ကွာရှင်းပြတ်စဲမှုကို အစ်မာ(Isma) ဟုခေါ်သည်။ ကျွန်ုပ် အနေနှင့် အစ်မာ (Isma)ကွာရှင်းပြတ်စဲမှု ပုံသဏ္ဍာန်ကို မည်သူတစ်ဦးတစ်ယောက်၏ ပြောဆိုချက်ကိုမျှ မကြားခဲ့ဘူးချေ။ အမျိုးသမီး တစ်ယောက်သည်ပင်လျှင် အစ်မာ (Isma)ဟုခေါ်သော ကွာရှင်းပြတ်စဲမှုကို ပြုနိုင် ပေသည်။

## (၄) လင်ယောကျ်ား၏ နှိပ်စက်ညှင်းပန်းမှုကြောင့် အမျိုးသမီးဘက်မှ ကွာရှင်း ပြတ်စဲခြင်း

အကယ်၍ ခင်ပွန်းသည် သူမအား နှိပ်စက် ညှင်းပမ်းပါလျှင် (သို့) သူမအား ထိုက်တန်သော တူညီသော အခွင့်အရေးများကိုမပေးပါက သူမအနေနှင့် ကာသီ (တရားသူကြီး)ဆီသို့ သွားရောက်၍ လက်ထပ်ထိမ်းမြားမှုကို ချိုးဖျက်နိုင်သည်။ ယင်းကို နိကာဟ်-အိ-ဖိစ်က်ဟု ခေါ်သည်။ တရားသူကြီး (ကာသီ)၏ ဆုံးဖြတ်ချက်ပေါ်မူတည်၍ တရားသူကြီးမှ လင်ယောကျ်ားအား မဟာရ်အပြည့်(သို့) မဟာရ် တစ်ဝက်ကို တောင်းဆို၍ အမျိုးသမီးအားပေးစေမည်။

## (၅) ခိုလအ်

ခင်ပွန်းယောကျ်ားသည် အလွန်အင်မတန် ကောင်းမွန်သော လူပုဂ္ဂိုလ် တစ်ယောက်ဖြစ်သည်သာမက ဇနီးမယား၏ ဆန့်ကျင်ဘက် မည်သည့်လုပ်ရပ် ကိုမျှလည်း ပြုလုပ်ခဲ့ခြင်းမရှိ။ သို့သော် အမျိုးသမီးအနေနှင့် သူမ၏ ပုဂ္ဂလဆန္ဒအရ သူမ၏ခင်ပွန်းကို မနှစ်မြို့တော့ချေ။ သူမအနေနှင့် ခင်ပွန်းအား သူမကို ကွာရှင်းပြတ်စဲရန် တောင်းဆိုနိုင်ပေသည်။ ဤကဲ့သို့ သော ကွာရှင်းပြတ်စဲမှုကို **'ခိုလအ်'**ဟုခေါ်သည်။ သို့သော် ယင်းကဲ့သို့ အမျိုးသားများအား ကွာရှင်းပြတ်စဲခွင့်တောင်းခံသော အမျိုးသမီး များမှာ အနည်းငယ်သာရှိလေသည်။ အိုလမာ သာသနာ့ပညာရှင်အချို့သည် ယင်းကဲ့သို့ ကွာရှင်းပြတ်စဲမှု ပုံသဏ္ဍာန်(၅) မျိုးကို (၂)မျိုး(သို့) (၃)မျိုးသာ အကျဉ်းချုံ့၍ တင်ပြကြပေသည်။ သို့သော် အစ္စလာမ်တွင် အကျယ်အားဖြင့် ဤကဲ့သို့ ကွာရှင်း ပြတ်စဲမှုပုံသဏ္ဍာန် (၅)မျိုး ရှိပါသည်။

**ဒေါက်တာ မုဟမ္မဒ်။** ။အမျိုးသမီးများအား ဗလီဝတ်ကျောင်းတော်တွင် တက်ရောက် ဝတ်ပြုခြင်းကို အဘယ်ကြောင့် ခွင့်မပြုရပါသနည်း။

**ဒေါက်တာ ဇာကိရ်။** ။ အခုမေးမြန်းသော မေးခွန်းမှာ တော့ အမျိုးသမီးများအား ဗလီဝတ်ကျောင်းတော်တွင် အဘယ်ကြောင့် တက်ရောက် ဝတ်ပြုခွင့် မပေးရပါသနည်း။

ဤမေးခွန်းကို အနှစ်ချုပ်တင်ပြရန်မှာ အလွန်ပင် ခဲယဉ်းပါဘိ။ ကျမ်းမြတ်ကုရ်အာန်(သို့) တိကျခိုင်မာသော ဆွဟီဟဒီးဆ်တော်များတွင် မည်သည့်နေရာ၌မျှ ဗလီ(သို့) ဝတ်ကျောင်းတော်သို့ အမျိုးသမီးများ ဝင်ရောက်ခြင်းကို မတားမြစ်ထားပေ။ အချို့သောလူများက တမန်တော်မြတ်(ﷺ)မှ မိန့်တော်မူထားသည်မှာ "အမျိုးသမီးများအတွက် အိမ်၌ ဆွလားတ်ဝတ်ပြုခြင်းသည် ဗလီဝတ်ကျောင်းတော်၌ ဝတ်ပြုခြင်းထက်ပို၍ ကောင်းလေသည်။ ထို့ပြင် အိမ်၌ ဆွလားတ်ဝတ်ပြုခြင်းထက် သူမ၏အိမ်ရှိအတွင်းခန်း၌ ဝတ်ပြုခြင်းသည် ပိုမိုကောင်းမွန်လေသည်။"ဟူသော ဟဒီးဆ်တော်ကိုကိုးကားပြောဆိုကြပေသည်။ သူတို့သည် အရင်းအမြစ်တစ်ခုကိုသာ ဆွဲကိုင်ထား၍ အရင်းအမြစ်များအားလုံးကိုမူ လျစ်လျူရှု စွန့်လွှတ်ထားကြလေသည်။

ဤဟဒီးဆ်၏ အခြေအနေကို အသင့်အနေနှင့် သဘောပေါက် နားလည်သင့်ပေသည်။ နဗီတမန်တော်မြတ် မုဟမ္မဒ်(ﷺ)က မိန့်တော်မူသည်မှာ "အသင့်အနေနှင့် ဗလီဝတ်ကျောင်းတော်၌ ဖရ်သ္ဂဆွလားတ်ဝတ်ပြုခြင်းဖြင့် အကျိုး စဝါးဗ်(၂၇)ဆ ပိုရရှိလေသည်။ ထိုအခါ အမျိုးသမီးတစ်ဦးမှ နဗီတမန် တော်မြတ် မုဟမ္မဒ်(ﷺ) အား လျှောက်ထားမေးမြန်းခဲ့သည်မှာ "ကျွန်မတို့တွင် နို့စို့ အရွယ်ကလေးများနှင့် အိမ်မှုကိစ္စမြောက်မြားစွာ ဆောင်ရွက်ရန်ရှိသောကြောင့် ကျွန်မတို့သည် ဗလီဝတ်ကျောင်းတော်သို့ အဘယ်ကဲ့သို့ သွားရောက်နိုင်ပါမည်နည်း။ "ထို့ကြောင့် တမန်တော်မြတ်(ﷺ)မှ ပြန်လည်၍ ဖြေကြားခဲ့သည်မှာ သို့ဖြစ်လျှင် အမျိုးသမီးတစ်ဦးသည် အိမ်၌ ဆွလားတ်ဝတ်ပြုခြင်းသည် ဗလီ၌ ဆွလားတ် ဝတ်ပြုခြင်းထက်ပိုကောင်းလေသည်။ အိမ်၌ ဝတ်ပြုခြင်းထက် မိမိ၏ ကိုယ်ပိုင်အခန်းအတွင်း ဝတ်ပြုခြင်းကသာ ပို၍ကောင်းမြတ်လေသည်။ သူမ၌ နို့စို့အရွယ်ကလေးများ၊ ပြဿနာများရှိနေလျှင် တူညီသောအကျိုးစဝါးဗ်ရပေမည်။"

မြောက်များစွာသော ဟဒီးဆ်တော်များတွင် အမျိုးသမီးများအား ဗလီသို့ တက်ရောက်ခွင့်ပြုခြင်းကို တားမြစ်သောအရိပ်အရောင်ပင် မည်သည့်အခါမျှ မတွေ့ရပေ။ ဟဒီးဆ်တော်တစ်ခုတွင် "အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဗန္ဒဟ် အမျိုးသမီးများအား ဗလီသို့ ဝင်ရောက်ခြင်းကို မတားမြစ်ကြကုန်လင့်။" အခြား ဟဒီးဆ်တော်တစ်ခုတွင် "တမန်တော်မြတ် (ﷺ)မှ ခင်ပွန်းသည် ယောကျ်ားများအား မိန့်တော်မူသည်မှာ "အသင်တို့သည် မိမိတို့၏ ဇနီးမိန်းမများအား ဗလီဝတ်ကျောင်းတော်သို့ တက်ရောက်ဝတ်ပြုခြင်းမှ မတားမြစ်ကြကုန်လင့်။" မြောက်မြားစွာသော ဟဒီးဆ်တော်များရှိနေသော်လည်း ကျွန်ုပ်အနေနှင့် အသေးစိတ်

မတင်ပြတော့ချေ။ သို့သော် အစ္စလာမ်တွင် အမျိုးသမီးများအား ဗလီဝတ်ကျောင်းတော် အတွင်း တက်ရောက်ဝတ်ပြုခြင်းကို ခွင့်ပြုထားပေသည်။

သို့သော် အမျိုးသမီများအတွက် သီးခြား အဆောက်အအုံကို အမျိုသားများနှင့် တန်းတူဆောင်ပေးသင့်ပေသည်။ ကျွန်ုပ်တို့အနေနှင့် လိင်မတူသူများ ရောနှော ဆက်ဆံခြင်းကိုမူကား လက်မခံချေ။ အဘယ်ကြောင့် ကျွန်ုပ်တို့ သဘောမတူ လက်မခံရပါသနည်း။ အကယ်၍ ကျွန်ုပ်တို့အနေနှင့် လိင်မတူသူများ ရောနှော ဆက်ဆံခြင်း လက်ခံပါက အခြားဘာသာတရားများနှင့် သက်ဆိုင်သောနေရာများတွင် ဖြစ်ပျက်နေမှုများကို အသင်တို့ သိရှိကြသည့်အတိုင်း ဖြစ်လာနိုင်သောကြောင့်ပင်။ လူများသည် ဆုတောင်းဝတ်ပြုခြင်းထက် အကြိုနောက်ပြောင်ခြင်းနှင့် ငှက်ကြည့်ခြင်း များတွင်သာ ပိုများလာကြသည်။ ထို့ကြောင့် အစ္စလာမ်တွင် လိင်မတူသူများအား ရောနှောဆက်ဆံခြင်းကို ခွင့်မပြုချေ။ အမျိုးသမီးနှင့် အမျိုးသားများအတွက် (ဗလီဝတ်ကျောင်းတော်များတွင်) သီးခြားဝင်ပေါက်နှင့် သီးခြား ဝူဇူလုပ်ရန် နေရာများကို ပြုလုပ်ထားပေးရမည်။

အမျိုးသားနှင့် အမျိုးသမီးများသည် ဆွလားတ်ဝတ်ပြုသည့်အခါ သီးခြား ရပ်ကြရမည်။ အမျိုးသမီးများအနေနှင့် အမျိုးသားများ၏ ရှေ့တွင် မရပ်သင့်ပေ။ အကယ်၍ အမျိုးသမီးများသည် ရှေ့တန်းမှ ရပ်မည်ဆိုပါက သဘာဝအားဖြင့် နောက်တန်းမှ အမျိုးသားများတွင် စိတ်အနှောင့်အယှက်ပေးသလို ဖြစ်ပေလိမ့်မည်။ အစ္စလာမ်တွင် ကျွန်ုပ်တို့ ဆွလားသ်ဝတ်ပြုရာ၌ ပုခုံးကို ပုခုံးခြင်းထိ၍ ရပ်ကြရပေသည်။ ထို့ပြင် ဆေးပညာဆရာဝန်များက ကျွန်ုပ်တို့အား ပြောကြသည်မှာ “အမျိုးသမီး၏ အပူချိန်သည် (၁)ဒီဂရီပိုလေသည်။ အကယ်၍ အသင်၏ရှေ့တွင် အမျိုးသမီး တစ်ဦးရှိနေသည်ဆိုလျှင် အသင်သည် နွေးထွေးမှုနှင့် နူးညံ့မှုကို ရရှိပေလိမ့်မည်။ အလ္လာဟ်ဟုအရှင်မြတ်၏အပေါ်၌ အာရုံစူးစိုက်ထားရမည့်အစား မိန်းကလေး၏ အပေါ်၌သာ အာရုံစူးစိုက်မိပေလိမ့်မည်။ ဤအကြောင်းကြောင့်ပင် အစ္စလာမ်၌ အမျိုးသမီးများကို နောက်တန်းတွင် ရပ်စေရခြင်းဖြစ်သည်။

အသင်သည် ဆော်ဒီအာရေးဗီးယား၊ လန်ဒန်၊ အမေရိကန်တို့သို့ သွားရောက် ပါလျှင် အမျိုးသမီးများကို ဗလီဝတ်ကျောင်းတော်အတွင်း ဝင်ရောက်ဝတ်ပြုခြင်းကို တွေ့ရပေလိမ့်မည်။ အိန္ဒိယနိုင်ငံနှင့် ၎င်း၏ ပတ်ဝန်းကျင်နိုင်ငံ အချို့တွင်သာ အမျိုးသမီးများအား ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ဝတ်ပြုခြင်းကို တားမြစ်ထားပေသည်။ အသင့်အနေနှင့် မက္ကာဟ်ရှေမြို့တော်ရှိ မစ်ဂျေဒ့

ဟာရမ်ဝတ်ကျောင်းတော်နှင့် (မဒီနာဟ်ရွှေမြို့တော်ရှိ) မစ်ဂျိဒ္ဒေနဗဝီဝတ်ကျောင်းတော်တို့တွင်လည်း အမျိုးသမီးများဝင်ရောက်ဝတ်ပြုခြင်းကို ခွင့်ပြုထားလေသည်။ သို့သော် အလ်ဟမ်းဒိုလိလ္လာဟ် (ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ်အဖို့သာတည်း) အိန္ဒိယနိုင်ငံရှိ အချို့သော ဗလီဝတ်ကျောင်းတော်များတွင်လည်း အမျိုးသမီးများအား ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ဝတ်ပြု ခြင်းကို စတင်၍ ခွင့်ပြုနေပေသည်။ ဘုံဘေမြို့တွင်တောင်မှ အမျိုးသမီးများ ဗလီဝတ်ကျောင်းတော် အတွင်းသို့ ဝင်ရောက်ဝတ်ပြုခြင်းကို စတင်၍ခွင့်ပြုနေပေသည်။

**ဒေါက်တာ မုဟမ္မဒ်။** ။ ဒုတိယမြောက် လက်မထပ်မီ လင်ယောကျ်ားအနေနှင့် ပထမနီးမယား၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသလော။

**ဒေါက်တာ ဇာကီရ်။** ။ ဒီတစ်ခါ မေးမြန်းသည့်မေးခွန်း သည်ကား "ဒုတိယမြောက် လက်မထပ်မီ လင်ယောကျ်ားအနေနှင့် ပထမဇနီး မယား၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပါသလား"ဟူ၍ဖြစ်သည်။

ဒုတိယအကြိမ်မြောက် လက်မထပ်မီ လင်ယောကျ်ားအနေနှင့် ပထမဇနီးမယား၏ ခွင့်ပြုချက်ရယူရန်မှာ ဝါဂျိဗ် (အရေးကြီးသောတာဝန်) မဟုတ်ပေ။ ကျမ်းမြတ် ကုရ်အာန်တွင် "အကယ်၍ လူပုဂ္ဂိုလ်တစ်ယောက်အနေနှင့် ၎င်း၏ ဇနီးမိန်းမများ၏ကြားတွင် တရားမျှတစွာ ဆက်ဆံနိုင်မည်ဆိုပါက ၎င်းအနေနှင့် ဇနီးတစ်ဦးထက်ပို၍ လက်ထပ်နိုင်သည်။" သို့သော်လည်း ၎င်းအနေနှင့် "ခွင့်ပြုချက်" တောင်းသင့်ပါသည်။ အစ္စလာမ်တွင် "အသင့်၌ တစ်ယောက်ထက်ပို၍ ဇနီးမယားရှိပါက အသင့်အနေနှင့် တရားမျှတစွာ ဆက်ဆံရပေမည်"ဟု သင်ကြားထားသောကြောင့် သူ၏ လက်ထပ်ထိမ်းမြားလိုက်ခြင်းကို ၎င်း၏ ပထမဇနီးမယားကို အသိပေးရန် တာဝန်ရှိပေသည်။

ထို့ပြင် သဘာဝအရ ပထမဇနီးမယား၏ ခွင့်ပြုချက်ကို ရရှိထားသည်ဆိုလျှင် အခြားဇနီးသည်များနှင့် ခင်ပွန်းသည်တို့၏ကြားတွင် လိုက်လျောသော ဆက်ဆံရေးပို၍ ရှိပေမည်။ အကယ်၍ ဇနီးမိန်းမတစ်ဦးအနေနှင့် ၎င်း၏ လက်ထပ်စာချုပ်တွင် "အသင်အနေနှင့် ကျွန်ုပ်နှင့် လက်ထပ်ထိမ်းမြားပြီးသည့်နောက် အခြားမည်သည့် ဇနီးမိန်းမတစ်ယောက်ကိုမျှ လက်ထက်ထိမ်းမြားခြင်းကို ကျွန်ုပ်အနေနှင့် အလိုမရှိပါ" ဟုရေးသားချုပ်ဆိုထားသော အခြေအနေမှတစ်ပါး မိမိ၏ ဇနီးမိန်းမအား အသိပေးရန်မှာ အရေးကြီးသော တာဝန်မဟုတ်ချေ။ သို့ဖြစ်ခဲ့လျှင် လက်မထပ်မီ လင်ယောကျ်ားအနေနှင့် ဇနီးမိန်းမ၏ခွင့်ပြုမှုကို ရယူရန် အရေးကြီးသောတာဝန်ဖြစ်၍

လာပေမည်။ တစ်နည်းအားဖြင့်ဆိုသော် အခြားကိစ္စရပ်များအားလုံးတွင် အရေးကြီးသော တာဝန်မဟုတ်ပေ။

**ယာဝါရ်ဟူစိုင်(န်)။** ။အမျိုးသားနှင့် အမျိုးသမီးရောနှောခြင်းကို ခွင့်မပြုပါဟု ဆိုလျှင် လွန်ခဲ့သောကာလများ၌ စစ်မြေပြင်တွင် အမျိုးသမီးများအား ရောနှောပါဝင်ခွင့်ကို အဘယ်ကြောင့် ခွင့်ပြုထားခဲ့ပါသနည်း။

**ဒေါက်တာဇာကိရ်။** ။ညီနောင်မှမေးသော မေးခွန်းမှာ "အစ္စလာမ်မှ လိင်မတူသူများအား ရောနှောနေထိုင်ခွင့်ကို ခွင့်မပြုပါဟုဆိုလျှင် သူတို့သည် အဘယ်ကြောင့် တိုက်ပွဲစစ်မြေပြင်တွင် ရောနှောနေထိုင်ခဲ့ပါသနည်း။" အကယ်၍ ညီနောင့် အနေနှင့် "၎င်းတို့သည် တိုက်ပွဲစစ်မြေပြင်တွင်တောင်မှ ၎င်းတို့အနေနှင့် ဟိဂျာဗ်ဝတ်ဆင်ထားပေသည်" ဟု ကျွန်ုပ် ပြောဆိုခဲ့သောစကားများကို မှန်ကန်စွာ ကြားခဲ့သည်ဟုဆိုလျှင် ဤနေရာတွင် လွယ်ကူချောမွေ့စေသောအချက်ကို ခွင့်ပြုထားကြောင်း သင့်အနေနှင့် သိရှိနိုင်ပေမည်။

အကယ်၍ အသင့်အနေနှင့် ဆွဟီးဟ္ဗုလ်ဗိုခါရီကျမ်းအား ဖတ်ရှုမည်ဆိုလျှင် "အမျိုးသမီးများ၏ ခြေထောက်များ (ခြေသလုံးများ)ကိုပင် မြင်ရပေသည်"ဟု ဖော်ပြထားသည်ကို တွေ့ရပေမည်။ သာမာန်အားဖြင့် ခြေထောက်(ခြေသလုံးများ) သည် ဖုံးအုပ်ထားပေမည်။ ထို့ကြောင့် အစ္စလာမ်မှ တိုက်ပွဲစစ်မြေပြင်တွင် အမျိုးသမီးများသည် မြင်းများကို စီးနင်းမှုကြောင့် သူမတို့၏ ခြေသလုံးများကို မြင်ရခြင်းကို လိုက်လျောမှုပြုထားပေသည်။ ထို့ကြောင့် အစ္စလာမ်မှ အနည်းငယ် သက်ညှာမှုပြုထားပေသည်။ သို့သော် အမေရိကန် စစ်တပ်အတွင်း၌ ကျား၊မ ရောနှောဆက်ဆံမှုကိုမူကား ခွင့်မပြုထားပေ။ ယင်း အမေရိကန် စစ်တပ်များအနေနှင့် အစ္စလာမ်ဝတ်စုံကုတ်အကျႌကဲ့သို့သော အစ္စလာမ့်ကိုယ်ကျင့် သိက္ခာများကို ထိန်းသိမ်းထားရှိနေပေသည်။

**ဆရာမကြီးဒေါက်တာလှလှဝင်း**

**B.A(Geo) ,B.Ed, M.Ed, Ph.D,(Edn)**

**(Tsukuba University, Japan),**

**Diploma in Diyah(Al-Azahar, Yangon)**

အလ္လာဟ်အရှင်မြတ်၏ ဂရုဏာတော်ဖြင့် ဟစ်ဂျရီသက္ကရာဇ် (၁၄၂၈)ခုနှစ်၊ ရမ်ဇွာမ်လမြတ်၊ (၁၉) ရက်။ ခရစ်သက္ကရာဇ် (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်၊ တနင်္ဂနွေနေ့ ၊ ည (၁၁)နာရီခန့်တွင် မြန်မာပြန်ဆိုပြီးစီးပါသည်။

## ကိုးကားသော အာရဗီကျမ်းများ


(၁) ကျမ်းမြတ်ကုရ်အာန်

(၂) သဖ်စီးရေ့ အဗ်နေ့ ကဆီးရ်

(၃) ဆွဟီးဟ် ဗုခါရီ

(၄) ဆွဟီးဟ် မွတ်စ်လင်မ်

(၅) စွန်နူန်း အဗ်မာဂျာဟ်

(၆) မွတ်စ်နသ် အဟ်မဒ်

(၇) အဠ်ရဟီးကုလ် မခ်သူးမ်


## ကိုးကားသော အင်္ဂလိပ်ကျမ်းများ


1. The Holy Quran,Text,Translation and Commentary by Abdullah Yusuf Ali
2. Oxford Dictionary
3. Webster's Distionary
4. Transalation of the Noble Quran

   By Muhammad Asad
5. Report By the FBI in 1990
6. Report of 'New Week' which was published on 17th of March 1980.


## ကိုးကားသော မြန်မာကျမ်းများ


(၁) ကျမ်းတော်မြတ်ကုရ်အာန် (မြန်မာဘာသာပြန်) ပထမတွဲ/ဒုတိယတွဲ၊ (ဖဟ်ဒ်ဘုရင် ကုရ်အာန်ကျမ်းမြတ် ပုံနှိပ်တိုက်၊ စအူဒီ အာရေးဗီးယား နိုင်ငံ

(၂) ယုဒဿန်၊ ထာဝရဘုရား၏ သမ္မာကျမ်း၊

သမ္မာကျမ်းစာအသင်း၊ ရန်ကုန်၊ ၁၉၆၅။

(၃) အင်္ဂလိပ်-မြန်မာ အဘိဓာန်၊ မြန်မာစာအဖွဲ့

## ဆရာမကြီးဒေါက်တာလှလှဝင်း၏

## ထုတ်ဝေပြီးသောစာအုပ်များ


၁။ ကျမ်းမြတ်ကုရ်အာန်နှင့်ခေတ်သစ်သိပ္ပံ ၂၀၀၄

၂။ ကမ္ဘာအဓိကဘာသာတရားများနှင့်
ကိုးကွယ်ရာအရှင်အယူအဆ ၂၀၀၅

၃။ အစ္စလာမ်နှင့်ခေတ်သစ်ဘဝ ၂၀၀၆

၄။ အစ္စလာမ့်လူနေမှုစနစ်အတွင်းမှ
အမျိုးသားနှင့်အမျိုးသမီး ၂၀၀၇

၅။ အစ္စလာမ်မှပြဆိုသောအမျိုးသမီးအခွင့်အရေး ၂၀၀၈


## ဆက်လက်ထုတ်ဝေဖြန့်ချိမည့်စာအုပ်


၆။ ကျမ်းမြတ်ကုရ်အာန် နှင့် ခေတ်သစ်သိပ္ပံ
ဝိရောဓိဖြစ်ခြင်းလော၊ သဟဇာတဖြစ်ခြင်းလော